
# ပိုးကျော်သူ

## စကားပြောသောပန်းပုရုပ်

ပဌမ



## မိုးကျော်သူ

# စကားပြောသော ပန်းပုရုပ်

( ပထမပိုင်း )

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .... ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

တောင်ကြားလမ်းတစ်ခု....

ကျယ်ဝန်းခြင်းမရှိသော တောင်ကြားလမ်းတစ်ခု ဖြစ်လေသည်။ အတိအကျဆိုရပါလျှင်....

မတ်စောက်သော တောင်ကမ်းပါးများ ခြံရံထားပြီး မြင်းလှည်းတစ်စီးသာ မောင်းနှင်နိုင်သော တောင်ကြားလမ်းတစ်ခု ဖြစ်သည်။

ယင်းတောင်ကြားလမ်းမှာ မြင်းတစ်စီး အပြင်းနှင်၍ လာနေ၏။ ထိုမြင်းပေါ်၌ အသက်နှစ်ဆယ့်သုံးနှစ်ခန့်သာ ရှိသော လူငယ်တစ်ယောက် စီးနင်းပါရှိလာလေသည်။

သူ၏ရုပ်ရည်မှာ ယောကျ်ားပီသ၍ ချောမောသော ရုပ်ရည်မျိုး ဖြစ်လေသည်။ ထိုလူမှာ 'လုံးဝေ' ဖြစ်သည်။

သူ အပြင်းနှင်လာသောမြင်းမှာ တောင်ကြားလမ်းမှ ရုတ်တရက် လမ်းသုံးခွဆုံသို့ ရောက်ရှိလာလေပြီ။

ထိုအချိန် တစ်ဖက်တောင်ကြားမှ မြင်းလှည်း တစ်စီးက တိုခနဲ ပေါ်ထွက်လာသည်။

လုံးဝေ ရင်ထိတ်သွားသည်။

အကြောင်းမှာ သူစီးနင်းလာသော မြင်းနှင့် မြင်းလှည်းတို့က ခေါင်းချင်းဆိုင်ကာ တိုက်လုလု ဖြစ်သွား၏။

လုံးဝေက ဇ ကယာ မြင်းဇက်ကြိုးအား လမ်းဘေးသို့ ဆွဲချလိုက်သည်။ မြင်းလှည်းကလည်း တုံ့ခနဲ ရပ်တန့်သွား၏။

သို့ရာတွင် မြင်းလှည်းက ဘေးတစ်ဖက်သို့ စောင်းသွားသဖြင့် ဘီးတစ်ဖက် အပေါ်သို့မြောက်ကာ တိမ်းမှောက်လုနီးနီး ဖြစ်သွားလေတော့သည်။

မြင်းလှည်းက တိမ်းမှောက်မသွားပါချေ။ မြင်းလှည်းသမား၏ ကျွမ်းကျင်မှုကြောင့်ပင် ဖြစ်သည်။

လုံးဝေက စိုးရိမ်တကြီးလန့်သွား၏။ သူက မြင်းလှည်းမောင်းသမားအား စိုးရိမ်ပူပန်စွာ လှမ်းကြည့်လိုက်စဉ်....



လုံးဝေက အလွန် စိတ်ဝင်စားသွားမိလေသည်။

သာမန်အနေအထားဖြင့် ဆိုပါက လုံးဝေ စိတ်ဝင်စားမည် မဟုတ်ပါချေ။ ယခုမှာမူ မြင်းလှည်းမောင်းသမားမှာ လူငယ်လူဆန်းတစ်ယောက် ဖြစ်နေ၍ ဖြစ်သည်။

အကြောင်းမှာ ထိုလူသည် မိကျောင်းတစ်ကောင်နှင့် အလွန်တူနေ၍ ဖြစ်သည်။ ထိုမျှမကသေးပါ။

မြင်းလှည်းပေါ်၌ ခေါင်းတစ်လုံး ပါလာလေသည်။

ခေါင်းထဲ၌ သာမန် ဈေးသောအလောင်းမျိုး ပါရှိလာပါကလည်း လုံးဝေ ယခုလောက် စိတ်ဝင်စားမှု ရှိမည်မဟုတ်ပါချေ။

ယခုမှာမူ ခေါင်းထဲ၌ လူသေအလောင်းအစား ပန်းပုရုပ်တုပါလာခြင်းက လုံးဝေ စိတ်ဝင်စားမိခြင်း ဖြစ်သည်။

သို့ရာတွင် ထိုပန်းပုရုပ်မှာ သာမန်ပန်းပုရုပ် ဖြစ်နေပါကလည်း လုံးဝေ စိတ်ဝင်စားဦးမည် မဟုတ်ပါချေ။

ယခုမှာမူ ထိုပန်းပုရုပ်တုက သာမန်ရုပ်တု မဟုတ်ပါပဲ သူ့ချစ်သူနှင့် ရုပ်သွင် တစ်ထပ်တည်း တူနေသော ပန်းပုရုပ် ဖြစ်နေလေသည်။

ထို့ကြောင့် သူက အလွန် စိတ်ဝင်စားသွားမိသည်။ စိတ်ဝင်စားသည် ဆိုခြင်းထက် အံ့သြမိခြင်းဆိုပါက ပို၍မှန်ကန်လိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် ယင်းပန်းပုရုပ်တုထံမှ စကားပြောသံ ကြားခဲ့ရသည် မဟုတ်ပါလော....

သည်ထက်ပိုကာ သင့်ချစ်သူနှင့် ရုပ်ချင်း အလွန်တူသော သစ်သားရုပ်တစ်ခုက ခေါင်းထဲ၌ရှိနေကာ စကားပြောသံ ကြားလိုက်ပါက သင်မည်သို့ ခံစားရပါမည်နည်း....

## စိန်ခေါ်ပွဲ

ညနေ....

ညနေဆည်းဆာ၏ နေဝန်းနီက အနောက်ဘက်သို့ စွန်းနေပြီ ဖြစ်သည်။

သို့သော်လည်း ညနေဆည်းဆာကို အစွမ်းကုန် လှပအောင် အင်အားဖြည့်နေဆဲပင်....။

အနောက်လေ တဟူးဟူး တိုက်ခတ်နေသည်။

လေတိုက်ခတ်မှုကြောင့် သစ်ရွက်များ လဖြုတ်ဖြုတ် ကြွေကျနေ၏။ သစ်ပင်အောက်၌ လူတစ်ယောက် ရပ်တန့်နေသည်။

သူ၏မျက်နှာ တင်းမာ သုန်မှုန်နေသော်လည်း မျက်ဝန်းများက အရောင်မှေးမှိန်နေသလို ရှိ၏။

ရုတ်တရက် လေတိုက်ခတ်မှုက ပိုမို ပြင်းထန်လာသည်။ ထိုလူ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများမှာလည်း လေနှင့်အတူ တဖျပ်ဖျပ်လွင့်နေလေသည်။

ထိုလူ၏အမည်မှာ စုမာလုဖြစ်သည်။ သူက ဓာတ်စုံတစ်ခုကို စောင့်မျှော်နေသယောင်ရှိ၏။

* * *

အသည်းကွဲတောင်ကုန်း....

ယင်းအမည်ကို မည်သည့်သဘောဖြင့် ဤတောင်ကုန်းအား အမည်မှည့်ထားသည်ကို စုမာလုက မသိပါချေ။

သို့သော် တစ်စုံတစ်ခုကိုဖြင့် စုမာလုက သိရှိခံစားနေရလေသည်။



ယင်း တောင်ကုန်းပေါ်သို့ ရောက်ရှိလာကတည်းက စုမာလု၏ ရင်တွင်း၌ အဓိပ္ပါယ်မဖော်တတ်သော ဝေဒနာတစ်ရပ် ခံစားနေရလေသည်။

လေဟာပြင်ဟူးဟူးတိုက်ခတ်နေသော တောင်ကုန်းပေါ်၌ သူ တစ်ယောက်တည်းသာ ရှိနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးသံ၊ သစ်ရွက်ကြွေသံများသာ ကြားနေရလေသည်။

ယင်းတောင်ကုန်းပေါ်၌ သက်ရှိသူဟူ၍ သူနှင့်ဝါးတစ်ရိုက်ခန့်တွင် မြင်းတစ်ကောင်သာရှိသည်။

မျိုးကောင်းမျိုးသန့် မွန်ဂိုမြင်းမျိုးဖြစ်၏။ မြင်း၏ အမွေးအမျှင်က ဂွမ်းစတစ်ခုကဲ့သို့ ဖြူဖွေးလှပေသည်။

ထိုမြင်းတစ်ကိုယ်လုံး ချွေးများစိုရွှဲလျက်ရှိ၏။ ဤမြင်းမှာ စုမာလု အသက်တမျှ ချစ်ရသော မြင်းပင်ဖြစ်သည်။

ရုတ်တရက်....

မြင်းကြီးက ဦးခေါင်းမော့ကာ တစ်ချက်ဟီလိုက်သည်။ စုမာလု၏ရင်ထဲ၌ သို့နှင့်ကြေကွဲသွားမိလေသည်။

သူ၏စိတ်ထဲ၌ မြင်းဟီသံမှာ ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုသံ ရောယှက်နေသည်ဟု ထင်လိုက်၍ဖြစ်သည်။

သူက ဤတောင်ကုန်းပေါ်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ထိုမြင်းကြီးအား မောင်းထုတ်ခဲ့သည် မဟုတ်ပါလော။

သို့ရာတွင် မြင်းကြီးက ထွက်ခွာမသွားပါချေ။

ဤနေရာ၌ပင် စွဲမြဲစွာရပ်တည်နေ၏။ စုမာလုက သူ၏မြင်းအား တစ်ချက်ကြည့်လိုက်မိသည်။

မြင်းကြီးကလည်း သူ့သခင်အား လှမ်းကြည့်နေ၏။ စုမာလုက ရုတ်ခြည်း မျက်နှာလွှဲ၍ အံကို တင်းတင်းကြိတ်လိုက်လေသည်။

အမှန်တွင် သူက ဤနေရာသို့ အပျော်ခရီးထွက်လာခြင်း မဟုတ်ပါ။ အားကြခြင်းထပ်၍ သေမင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ရောက်ရှိလာခြင်းဖြစ်ပေသည်။

မည်သူသည် သေမင်းနှင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ မိမိကိုယ်မိမိ ဆက်လက် အသက်ရှင် နေထိုင်နိုင်မည်ဟု ပြောနိုင်ပါမည်နည်း။

ထို့ကြောင့်ပင် နှစ်ပေါင်းသုံးဆယ်ခန့် အပေါင်းဖော်ပြုလာခဲ့သော သူ၏မြင်းအား သွားလိုရာ သွားစေနိုင်ပြီ ဟူသောသဘောဖြင့် မောင်းထုတ်ခဲ့ခြင်းဖြစ်ပေသည်။

သံယောဇဉ်ဆိုသည်မှာ သက်ရှိသတ္တဝါတိုင်း၏ အကြား၌ တည်ရှိနေသော မမြင်ရသည့် အရာတစ်ခုအဖြစ် တည်ရှိနေသည် မဟုတ်ပါလော။



စုမာလုက တွေဝေငေးမော၍ စဉ်းစားနေမိသည်။ ယခု သူ့ရင်ထဲ၌ ဝေဒနာတစ်ရပ် ခံစားနေရကြောင်း သိရှိနေ၏။

ဤမြင်းသည်လည်း သူကဲ့သို့ပင် ခံစားနေရပါသလော။

မည်သို့ပင်ဖြစ်စေ သူ၏ရင်ထဲ၌ ဤမြင်းအား မခွာရက်နိုင်သည်ကတော့ သေချာနေလေသည်။

မြင်းဟီသံက သူ၏အသည်းအား စူးခက်နှင့် ရိုက်နှက်လိုက်သကဲ့သို့ စူးရှနာကျင်စွာ ကွဲကြေခဲ့လေသည် မဟုတ်ပါလော။

ထို့ကြောင့်ပင် ဤတောင်ကုန်းအား အသည်းကွဲတောင်ကုန်းဟု အမည်ပေးခြင်းဖြစ်ရမည်ဟု မဆီမဆိုင် တွေးလိုက်မိသည်။

* * *

စုမာလု....

သူ၏အမည်အား သိုင်းလောကမှလူများက စောရဟူသော ဝိသေသထူးတပ်ကာ စောရစုမာလုဟု ခေါ်တွင်ခဲ့သည်။

သိုင်းလောက၌ သူ ကျင်လည်ခဲ့သည်မှာ တစ်ဆယ် နှစ်ကျော်မျှ ရှိလေပြီ။

သူက တစ်ကြိမ်တစ်ခါမျှ မရှုံးနိမ့်ဖူးပါ။ သို့ရာတွင် ယနေ့ယှဉ်ပြိုင်ပွဲ၌ မိမိက ရှုံးနိမ့်လိမ့်မည် ဟု အဘယ့်ကြောင့်မှန်းမသိ ခံစားနေရလေသည်။

ထို့ပြင် ယခု သူနှင့်ရင်ဆိုင်ရမည့်သူမှာ သူ့ဘဝ တစ်သက်တာ၌ အကောင်းဆုံး လူတစ်ယောက် ဖြစ်နေပြီဟု သူက ယုံကြည်၏။

ဤသို့ဆိုလျှင် သူနှင့် ယှဉ်ပြိုင်မည့်သူက မည်သူဖြစ်သနည်း

* * *

လုံးဝေ....

လုံးဝေဆိုသော လူငယ် သိုင်းသမားမှာ ဤလွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ တစ်စထက်တစ်စ နာမည်ကျော်ကြားလာခဲ့၏။

နာမည် အလွန်ကျော်ကြား နေ့သော်လည်း သူ၏အသက်မှာ နှစ်ဆယ်ကျော်ရုံမျှသာ ရှိသေးသည်။



စုမာလုက သူ၏ သိုင်းပညာအဆင့် မည်မျှမြင့်ကြောင်းကို မသိရှိပါချေ။ သူသိသည်မှာ သူ၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ဖြစ်သော သိုင်းသမား တုလွေ့တစ်ယောက်တည်းသာ ရှိသည်။

ထို့ကြောင့် တုလွေ့၏ သိုင်းပညာ အဆင့်ကိုမူ သူက သိရှိ၏။ တုလွေ့၏ သိုင်းပညာမှာ သူ့ထက် မသာစေကာမူ သူ့ထက် နိမ့်ကျခြင်း မရှိပါချေ။

ယခုအခါတွင် တုလွေ့က လူ့လောကမှ ရုက်တရက်ပျောက်ကွယ်သွားခဲ့လေပြီ။ တုလွေ့မှာ လွန်ခဲ့သောသုံးလခန့်က လုံးဝေ လက်ချက်ဖြင့် သေဆုံးခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် စုမာလုမှာ လုံးဝေ၏ သိုင်းပညာအား မည်မျှ အဆင့်မြင့်ကြောင်း မသိစေကာမူ သူ၏သိုင်းပညာဖြင့် လုံးဝေအား မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု နားလည်သိရှိနေပေသည်။

သို့သော် သူ၏မိတ်ဆွေ တုလွေ့အတွက် သူက ကလဲ့စားချေရန် တာဝန်ရှိသည်ဟု ယူဆ၏။

ထို့ကြောင့် သူက လုံးဝေအား မိမိနှင့် ယှဉ်ပြိုင်ရန် ဤအသည်းကွဲတောင်ကုန်းသို့ ချိန်းဆိုခဲ့ခြင်း ဖြစ်သည်။

ယခု ညနေဆည်းဆာ အချိန်သို့ပင် ရောက်ရှိလာချေပြီ။ စုမာလုက လုံးဝေအား ချိန်းဆိုထားသော အချိန်ပင်။

သို့ရာတွင် လုံးဝေက မရောက်ရှိသေးပါချေ။

*　　*　　*

ဆည်းဆာက အလွန်လှပနေဆဲပင် ရှိသေးသည်။

အနောက်လေမှာ တဟူးဟူးဖြင့် အရှိန်ပြင်းစွာ တိုက်ခိုက်နေဆဲ။

ထို့အတူ စုမာလုကလည်း သစ်ပင်အောက်၌ ငြိမ်သက်စွာ ရပ်တည်နေဆဲပင်။

ရုတ်တရက် ကျီးကန်းတစ်ကောင်သည် လေကိုဆန့်၍ သူ့ထံသို့ တည့်မတ်စွာ တိုးဝင်ပျံသန်းလာ၏။

စုမာလုက ဒေါသခြောင်းခြောင်းထွက်သွား၏။ ကျီးကန်းဆိုသော ငှက်မှာ အမင်္ဂလာငှက် ဖြစ်သည်ဟု အများက ယူဆကြ၏။



စုမာလုက ရုတ်တရက် ဓားကို လျင်မြန်စွာဆွဲထုတ်လိုက်လေသည်။ ထို့နောက် ဦးခေါင်းပေါ်မှ ဖြတ်သန်း၍ ပျံသွားသော ကျီးကန်းအား ခုတ်ချလိုက်သည်။

သူ၏ဓားရောင်မှာ ညနေဆည်းဆာ၌ လင်းခနဲထွက်ပေါ်လာပြီးသောအခါ ဓားမှာလည်း ဓားအိမ်ထဲသို့ ပြန်လည်သိမ်းသွင်းပြီးလေပြီ။

ဓားအိမ်ထဲသို့ ဓားရောက်ရှိသွားပြီးချိန်မှာပင် အရာဝတ္ထုနှစ်ခုက မြေပြင်ပေါ် တစ်ပြိုင်နက် ပြုတ်ကျလာသည်။

ကျီးကန်း၏ ခန္ဓာကိုယ်ပင် ဖြစ်၏။ ကျီးကန်း၏ ခန္ဓာကိုယ်မှာ ထက်ပိုင်းပြတ် နေလေသည်။

ထိုအချိန်နှင့် တစ်ပြိုင်နက် တောင်ကုန်းပေါ်သို့ မြင်းတစ်စီးတက်လာနေကြောင်း သူက တွေ့မြင်လိုက်လေသည်။

*　　*　　*

စုမာလုက ကြည့်နေဆဲမှာပင် မြားတစ်စင်းပမာ မြင်းတစ်ကောင်က သူနှင့် မလှမ်းမကမ်း၌ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

မြင်းပေါ်၌ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က ပါရှိလာသည်။

စုမာလု၏အနီးသို့ ရောက်သောအခါ မြင်း၏ ရှေ့ခြေနှစ်ချောင်းက အပေါ်သို့ မြောက်၍ ဘက်ကာ မတ်တတ်ရပ်သွားလေသည်။

ထိုမြင်း၏ ခြေထောက်အစုံက မြေပြင်ပေါ်သို့ ပြန်လည်မကျရောက်မီမှာပင် လူငယ်က မြင်းပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ ခုန်ဆင်းလိုက်သည်။

စုမာလုက ထိုလူငယ်အား စူးစိုက်၍ ကြည့်လိုက်သည်။ လူငယ်၏ အသက်မှာ အလွန်ဆုံး နှစ်ဆယ် နှစ်ဆယ့်တစ်မျှသာ ရှိရမည်ဟု သူက ခန့်မှန်းလိုက်သည်။

သို့ရာတွင် သူ၏အရပ်အမောင်းမှာ ခြောက်ပေခန့် ရှိပြီး မြင့်မားသော အရပ်ကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

သူ၏ပုံစံမှာ ယဉ်ကျေးသိမ်မွေ့လှပေသည်။ မျက်နှာပေါ်၌လည်း အပြုံးရိပ်ကလေးများ ပေါ်လွင်နေ၏။

သို့ရာတွင် သူ၏အပြုံးကို အကျည်းတန်စေသော အရာတစ်ခုက သူ့ထံတွင် ရှိနေလေသည်။

အကြောင်းမှာ သူ၏ခါးတွင် ဓားတစ်လက်က ခပ်မွေ့မွေ့ကလေး နေရာယူ ချိတ်ဆွဲထား၍ ဖြစ်သည်။



ဓားဆိုသည်မှာ လူသတ်လက်နက်တစ်ခု ဖြစ်နေသည် မဟုတ်ပါလော။

သိမ်မွေ့နူးညံ့သော အပြုံးနှင့် လူသတ်လက်နက် ဓားတို့ခ... အဘယ်မျှ ဆန့်ကျင်နေပါသနည်း။

* * *

တောင်ကုန်းပေါ်၌ အနောက်လေက တဟူးဟူး တိုက်ခတ်နေသဲပင်...

ယင်း လေတိုက်ခတ်မှုအောက်၌ လူနှစ်ယောက်က မျက်နှာချင်းဆိုင်၍ တည်ငြိမ်စွာ ရပ်နေကြသည်။

သူတို့နှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် စိုက်ကြည့်နေကြ၏။ သို့ရာတွင် အကြည့်နှစ်ခုက မတူညီကြပါချေ။

လူငယ်၏ အကြည့်မျက်နှာက ပြုံးနေသလောက်....

စုမာလု၏ အကြည့်စူးစူးက အေးစက် ခက်ထန်လျက်ရှိသည်။ စုမာလုက စတင်လှုပ်ရှားလာ၏။

'လုံးဝေ မဟုတ်လား'

လုံးဝေက ပြုံး၍ ခေါင်းညိတ်လျက်....

'စုမာလု ထင်တယ်'

စုမာလုက အေးစက်ခက်ထန်သော လေသံဖြင့်....

'မင်းထင်တာ မမှားပါဘူး'

လုံးဝေက ပြုံးလိုက်ပြန်သည်။

'ကျွန်တော့်ကို စောင့်နေတာ ကြာပြီလား ခင်ဗျာ'

စုမာလုက ပါးစပ်ပိတ်ထားသည်။

လုံးဝေက ပြုံးလိုက်ပြန်သည်။

'အခုလို စောင့်နေရတဲ့အတွက် စိတ်မကောင်းပါဘူးဗျာ'

စုမာလုက မည်သည့်တုံ့ပြန်စကားမှ မပြောပါချေ။ သူက ခါးမှဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူ၏ဓားက အပြင်သို့ မရောက်မီ သူ၏လက်က ပြန်လည် ရပ်သိမ်းလိုက်၏။

လုံးဝေက မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

စုမာလုက....



'ခင်ဗျား ခရီးပန်းလာတယ်၊ ခဏနားလိုက်ပါဦး'

လုံးဝေက ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးလိုက်၏။

'ကိစ္စမရှိပါဘူးဗျာ'

စုမာလု၏မျက်နှာ တည်ကြည်စွာဖြင့်....

'ကျုပ်က ရန်သူကို အသာစီးယူပြီး မတိုက်ခိုက်ချင်ဘူး'

လုံးဝေက....

'ခင်ဗျားဟာ ယောကျာ်းကောင်း တစ်ယောက်ပါပဲ'

သူက ပြောရင်း မြင်းတင်ပါးအား တစ်ချက် ပွတ်လိုက်သည်။ ထိုအချိန် သူ၏မျက်လုံးက တစ်စုံတစ်ရာကို မြင်တွေ့လိုက်ရသည်။

သူမြင်တွေ့လိုက်သော အရာမှာ ထက်ပိုင်းပြတ်နေသော ကျီးကန်း၏ ခန္ဓာကိုယ်ပင်ဖြစ်သည်။

သူက စုမာလုအား ပြုံး၍ကြည့်လိုက်ပြီး....

'ခင်ဗျားဓားက အတော်မြန်သားပဲ'

စုမာလုက တင်းမာသော မျက်နှာထားဖြင့်....

'ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

လုံးဝေ၏ မျက်နှာထား ပြုံးနေသလောက် စုမာလု၏ မျက်နှာမှာ တည်ကြည် တင်းမာလွန်းလှသည်။

လုံးဝေ၏ အပြောမှာ ချိုသာသလောက် စုမာလု၏ အပြောက အေးစက်လွန်းလှသည်။

လုံးဝေက ပြုံးလျက်ပင်...

'ဒါနဲ့ခင်ဗျားက ဘာလို့ကျုပ်ကိုချိန်းရတာလဲ'

စုမာလုက တင်းမာသော လေသံဖြင့်....

'မင်း တုလွှေကို မှတ်မိမှာပေါ့'

လုံးဝေက တွေဝေစွာကြည့်လိုက်လေသည်။

စုမာလု၏အသံက အေးစက်စွာ ထွက်ပေါ်လာပြန်သည်။

'မင်းသတ်လိုက်တဲ့ တုလွှေလေ'

လုံးဝေက ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီးနောက်....

'ဪ....မှတ်မိပါပြီ၊ ဒီကိစ္စ....'

စုမာလုက လက်ကာပြလိုက်သည်။

'ကျုပ်နဲ့ တုလွှေတို့ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေလေ၊ ဒီလောက်ဆို မင်းသဘောပေါက်မှာပါ'



လုံးဝေက....

'ဒါဆိုရင် ခင်ဗျားက သူ့အတွက် လက်စားချေမယ် ဆိုပါတော့'

စုမာလု ခေါင်းညိတ်လိုက်သည်။

လုံးဝေက ပြုံးလိုက်သည်။

'ခင်ဗျား သူ့ကို ကျုပ် ဘာကြောင့်သတ်လိုက်သလဲဆိုတာ သိခဲ့ရင် ကျုပ်ကို ကလဲ့စားချေမှာမဟုတ်ပါဘူး'

စုမာလုက မျက်မှောင်တစ်ချက် ကြုတ်လိုက်လေသည်။

'ဘယ်လို'

လုံးဝေက နှုတ်ခမ်းတစ်ချက် တွန့်ကာ ပြုံးလိုက်ပြန်သည်။

'တုလွှေက အာမခံဌာနတစ်ခုကို လုယက်သွားတယ်လေ၊ ဒီအပြင် လက်နက်မရှိတဲ့လူ တစ်ဆယ့်ငါးယောက်ကိုပါ ရက်ရက်စက်စက် သတ်သွားတယ်လေ'

စုမာလုက မဲ့ပြုံးပြုံးလိုက်၏။

'အဲဒီလူ တစ်ဆယ့်ငါးယောက်က မင်းအမျိုးတွေလား'

လုံးဝေက....

'ဟင်း....ဟင်း'

စုမာလုက...

'ဒါဖြင့် အဲဒီလူတွေသေတာ မင်းနဲ့ဘာမှမဆိုင်ဘူး'

လုံးဝေ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားမှားနေပြီ'

စုမာလုက...

'ဘာမှားတာလဲ'

လုံးဝေက....

'ခင်ဗျားပြောတာ အဲ့ဒီလူတွေနဲ့ ကျုပ် မဆိုင်ဘူးဆိုတာလေ'

စုမာလုက မျက်မှောင်ကြုတ်၍...

'မင်းနဲ့ဆိုင်တယ်လို့ ဆိုလိုတာလား'

လုံးဝေက....

'သိပ်ဆိုင်တာပေါ့'

စုမာလုက....

'ဘယ်လိုဆိုင်တာလဲ'

လုံးဝေက....

'အပြစ်မဲ့တဲ့လူကိုသတ်တာ ကျွန်တော့်ရဲ့ရန်သူပေါ့'

စုမာလုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်၏။



'ဒါဆိုရင် ကျုပ်လဲ မင်းရဲ့ရန်သူပဲ'

လုံးဝေက....

'မဟုတ်ဘူး'

စုမာလုက....

'ကျုပ်လဲ လမ်းဓားပြတစ်ယောက်ပဲလေ'

လုံးဝေက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားဟာ လမ်းဓားပြတစ်ယောက်ဆိုပေမယ့် လူမသတ်ဘူး၊ တရားမျှတမှုရှိတယ်၊ ဒါတွေကြောင့် ကျုပ်ရဲ့ရန်သူ မဖြစ်နိုင်ဘူး'

စုမာလုက...

'မင်းကတော့ ကျုပ်ရဲ့ရန်သူပဲ'

လုံးဝေက အံ့သြသွားသည်။

'ဘာဖြစ်လို့'

စုမာလုက....

'မင်းသတ်ခဲ့တဲ့လူတွေဟာ ကျုပ်ရဲ့အသက်ကို ကယ်ခဲ့ဖူးတယ်လေ'

လုံးဝေက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူတို့နှစ်ယောက်ကြား၌ တိတ်ဆိတ်မှုက တစ်ဒင်္ဂမျှ ဖြစ်ပေါ်၍ လာ၏။ ယင်းတိတ်ဆိတ်မှုအား စုမာလုက စတင်ဖြိုခွင်းလိုက်သည်။

'ကျုပ်ဟာ ကျေးဇူးမေ့တတ်တဲ့ လူစားမဟုတ်ဘူး၊ ဒါကြောင့်....'

စုမာလုက စကားကို ရပ်တန့်လိုက်သည်။ သူက ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်၏။ လုံးဝေက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်။

သူက လုံးဝမတတ်နိုင်တော့ပါချေ။ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်ရလေတော့သည်။

အနောက်လေက ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာ၏။ နီရဲသော နေဝန်းမှာ အနောက်ဘက်အရပ်၌ စတင် ငုပ်လျှိုးနေလေပြီ ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာမြေတစ်ခုလုံး နီရဲနေလေသည်။ စုမာလုက လုံးဝေလက်ထဲမှဓားအား စိုက်ကြည့်လိုက်၏။

'ဟင် ဓားကတော့ အတော်ကောင်းလှချည်လား'

လုံးဝေက ပြုံးလျက်...

'ကျေးဇူးတင်ပါတယ်'

စုမာလု၏မျက်လုံးမှာ ပိုမိုအေးစက်ခက်ထန်သွားသည်။

'ကဲ မင်းရဲ့ဓား ကောင်းမကောင်း စမ်းကြည့်လိုက်ဦးမယ်'



သူက စကားဆုံးသည်နှင့် တစ်ပြိုင်နက် လုံးဝေအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံး ဓားဓား ချင်း ထိသံက လွှမ်းမိုးသွား၏။

သူတို့နှစ်ယောက် တိုက်ခိုက်လိုက်သည့် တစ်ဒင်္ဂအချိန်လေး အတွင်းမှာပင် စုမာလုက သိုင်းကွက်ငါးဆယ်ခန့် တိုက်ခိုက်ပြီး လေပြီ။

စုမာလု၏ သိုင်းကွက်ငါးဆယ်မှာ အလွန်အဆင့်မြင့်လှ၍ လျင်မြန်ပြီး အကွက်စေ့လှပေသည်။

စုမာလုက လုံးဝေအား ကျိတ်၍ ချီးကျူးလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ဓားကွက်ငါးဆယ်အား လုံးဝေက အလွယ်တကူပင် ခုခံခဲ့သည် မဟုတ်ပါလော။

* * *

ရုတ်တရက် ဓားဓားချင်းထိသံက တိတ်ဆိတ်သွား၏။

လုံးဝေနှင့် စုမာလုက တစ်ယောက်နှင့်တစ်ယောက် အတန်ကြာ စိုက်ကြည့်လိုက်လေသည်။

'ယား....'

ရုတ်တရက် သူတို့နှစ်ယောက်က ပြိုင်တူအော်ဟစ်ရင်း ထပ်မံတိုက်ခိုက်လိုက်ကြလေသည်။

စုမာလုက ဓားချက်ပေါင်း တစ်ရာ့သုံးဆယ်ခန့် တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် လုံးဝေ၏ အင်္ကျီစကိုပင် မထိနိုင်ခဲ့ပါချေ။

ထို့ကြောင့် သူက လုံးဝေအား ကျိတ်၍ ပိုမိုချီးကျူးလိုက်မိသည်။ စုမာလုက စိတ်မရှည်ဘဲ ဖြစ်လာမိသည်။

သူက ခန္ဓာကိုယ်အား ချာခနဲ လှည့်လိုက်သည်။

'ယား....'

သူက ညာသံပေးရင်း အော်ဟစ်ရင်း လှည့်လိုက်စဉ်....

သူ့လက်ထဲမှ ဓားက အရှိန်ပြင်းစွာဖြင့် စက်ဝိုင်းတစ်ခုပမာ ဝေ့ယမ်းသွားလေသည်။

'ဟင်....လေပွေဓားသိုင်း တစ်ဆယ့်သုံးချက်ပါလား'

လုံးဝေ၏နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသည်။ သူက စုမာလုအား ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါချေ။

'ယား....'



သူက ခြေတစ်ဖက်ဆောင့်ကာ ခန္ဓာကိုယ်အား လေထဲသို့ ခုန်တက်သွား၏။ ထိုအချိန် စုမာလုကလည်း လေထဲသို့ ခုန်တက်လိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက် လေထဲ၌တွေ့ဆုံကာ စုမာလု၏ ဓားက လုံးဝေအား ဆက်တိုက်ခုတ်ချလိုက်သည်။

လုံးဝေ၏အရိပ်က ဖျတ်ခနဲ ကွယ်ပျောက်သွားပြန်သည်။ စုမာလု၏ဓားချက်က သူ၏အင်္ကျီစကိုပင် မထိပါချေ။

သူက အံကို တင်းတင်းကြိတ်လိုက်သည်။ သူသည် လုံးဝေထံသို့ နောက်ထပ် ဓားချက် သုံးချက်တိတိ ထပ်မံထိုးသွင်းလိုက်ပြန်လေသည်။

ဤဓားချက်မှာ သူ၏ ကျော်ကြားဆုံးသော လေပွေဓားသိုင်း တစ်ဆယ့်သုံးချက်ထဲမှ ခုနစ်ချက် ဖြစ်သည်။

သို့ရာတွင် လုံးဝေက လေထဲ၌ တစ်ပတ်ကျွမ်းပစ်ကာ ရှောင်တိမ်းသွားပြန်လေသည်။

ထိုအချိန် စုမာလုက လုံးဝေ၏ လစ်ဟာနေသော ကျောပြင်အား မြင်တွေ့လိုက်သည်။

သူ၏မျက်လုံး ဝင်းလက် တောက်ပသွားသည်။ သူက လုံးဝေနောက်သို့ လေထဲ၌ပင် ခုန်တက်လိုက်သွားကာ ကျန်ဓား

ချက် ခြောက်ချက်အား ဆက်တိုက် ထိုးခုတ်လိုက်လေတော့သည်။

ရုတ်တရက် လုံးဝေက လှည့်မကြည့်ဘဲ သူ၏သက်ထဲမှ ဓားနှင့် စုမာလု၏ဓားချက်အား ဆီး၍ ခံပေးလိုက်သည်။

'ခြိမ်း....'

ဓားနှစ်လက်ထိသံက မီးပွင့်များနှင့်အတူ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး....

စုမာလု၏ဓားမှာ မိမိလည်ပင်းဆီသို့ ပြန်လည် ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

သူက ထို တန်ပြန်လာသော ဓားကို ကြိုးစား၍ အရှိန်ထိန်းလိုက်စဉ်မှာပင် လုံးဝေ၏ဓားမှ သူ လုံးဝမထင်မှတ်ထားသော ထောင့်မှ သူ၏လည်ပင်းဆီသို့ ကျွံဝင်လာသည်ကို တွေ့လိုက်ရ၏။

စုမာလု၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။ သူက အံကို တင်းတင်းကြိတ်လိုက်၏။

လုံးဝေ၏ဓားချက်ကို သူက ရှောင်တိမ်းခြင်း မပြုရုံသာက သူ၏ဓားအား လုံးဝေ၏လည်မျိုသို့ တည့်မတ်စွာ ထိုးသွင်းလိုက်လေသည်။



သူ၏တိုက်ကွက်မှာ အသွန် မိုက်ရူးရဲဆန်လှပေသည်။ သူ၏ အသက်နှင့်ရင်း၍တခြားလူ၏အသက်ကိုပါ ထပ်တူခေါ်သွားရန် ရည်ရွယ်လိုက်ခြင်း ဖြစ်သည်။

သူက မိတ်ဆွေတုလေ့၏ ကျေးဇူးဆပ်ရန် ကလဲ့စားချေမည်ဟု ဆုံးဖြတ်ထားခဲ့သည် မဟုတ်ပါလော....

ထို့ကြောင့် လုံးဝေ၏ဓားချက်အား ရှောင်တိမ်းခြင်းမပြုဘဲ မိမိ၏ဓားဖြင့် လုံးဝေ၏လည်မျိုသို့ ထိုးသွင်းလိုက်ခြင်းပင် ဖြစ်လေသည်။

တစ်နည်းအားဖြင့်ဆိုသော် သူက အသက်နှင့်ရင်း၍ တိုက်ခိုက်လိုက်သော တိုက်ကွက်ပင် ဖြစ်၏။

ရုတ်တရက် လုံးဝေ ဓားကို ပြန်လည် ရုပ်သိမ်းလိုက်သည်။ ထို့နောက် ခန္ဓာကိုယ်အား အနည်းငယ် တိမ်းညွတ်ပေးလိုက်လေသည်။

ပြီးနောက် လက်ကို အနည်းငယ် လှန်ချလိုက်ရာ သူ၏ဓားသည် စုမာလု၏ လက်ကောက်ဝတ်ပေါ်သို့ ဖိကပ်သွားလေပြီ။

စုမာလုက ဓား၏အေးစက်သော အငွေ့အသက်ကို ခံစားလိုက်ရလေသည်။ စုမာလုက လုံးဝ မလှုပ်ရှားရဲတော့ပါချေ။

သူ အနည်းငယ် လှုပ်ရှားလိုက်ရုံနှင့် လုံးဝေ၏ အေးစက်သော ဓားဖျားက သူ၏လက်အား ဖြတ်တောက်ပစ်လိုက်မည်ဟု သူက ယုံကြည်နေသည် မဟုတ်ပါလော။

သို့သော် လုံးဝေက မည်သို့မျှ မလှုပ်ရှားသေးပါချေ။ စုမာလုက အံကို တင်းတင်းကြိတ်လိုက်သည်။

'ဟေ့....မင်း ငါ့ကို လက်ဖြတ်မလို့မဟုတ်လား၊ ဖြတ်ချင် ဖြတ်လိုက်လေ'

လုံးဝေက ပြုံးလိုက်သည်။

'ကျုပ်က ဘာဖြစ်လို့ ခင်ဗျားလက်ကိုဖြတ်ရမှာလဲ'

စုမာလုမှာ အံ့သြလွန်း၍ ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ အသက်လု၍ ဟိုက်ခိုက်သော တိုက်ပွဲအဆုံး၌ အနိုင်ရသော လူမှာ တစ်ဖက်ရန်သူအား လက်လွှတ်အေးချမ်းလိုက်ရိုး ထုံးစံ မရှိပါ။

စုမာလု၏လက်ထဲမှ ဓားလွှတ်ကျသွား၏။ ထို့နောက် လုံးဝေ၏ ရှေ့၌ ဒူးထောက်ထိုင်ချလိုက်သည်။

သူက ဦးခေါင်းစင်းပေးရင်းမှ....

'မင်း ကျုပ်ကိုသတ်နိုင်ပြီ'

လုံးဝေက နှုတ်ခမ်းတွန့်၍ ပြုံးလိုက်သည်။

ထို့နောက် သူ၏ ဓားကိုင်ထားသောလက်အား တဖြည်းဖြည်းချင်း အပေါ်သို့ မြှောက်တင်လိုက်လေသည်။



ယင်းနောက် လက်က အောက်သို့ပြန်ကျလာသည်။ စုမာလုက မျက်လုံးမှိတ်ထားလိုက်သည်။

သူက သေရတော့မည်ဟု နားလည်လိုက်သည်။ သို့သော် လုံးဝေ၏ဓားက သူ၏လည်ပင်းပေါ်သို့ မကျရောက်လာပါချေ။

လုံးဝေ၏ဓားမှာ လေထဲ၌ တစ်ပတ်လည်သွားပြီးနောက် သူ၏ခါးရှိ ဓားအိမ်ထဲသို့ ပြန်လည်ရောက်ရှိသွားသည်။

စုမာလုက သူ့အား နားမလည်နိုင်သကဲ့သို့ ကြည့်လိုက်၏။

'မင်း ဘာလို့ မသတ်တာလဲ'

လုံးဝေက ပါးစပ်ပိတ်ထားလိုက်သည်။

ထို့နောက် ခုံခနဲလှည့်ထွက်သွားလေသည်။ စုမာလုက မြေပြင်ပေါ်၌ ကျနေသော ဓားကို ကောက်ယူပြီးနောက် ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

'ဟေ့ လုံးဝေ....မင်း....မင်းဘယ်လိုလုပ်....'

လုံးဝေက သမင်လည်ပြန်ကြည့်၍ ပြုံးလျက်ဖြေလိုက်သည်။

'ကျုပ်သွားတော့မယ်လေ'

စုမာလုက အော်ဟစ်ဟန့်တားလိုက်သည်။

'မင်းသွားနဲ့'

လုံးဝေက ပြုံး၍....

'ဘာဖြစ်လို့'

စုမာလုက....

'ကျုပ်ကို မသတ်ရသေးလို့'

လုံးဝေက...

'ခင်ဗျားကို ဘာလို့သတ်ရမှာလဲ'

စုမာလုက...

'မင်းက ငါ့ကိုမသတ်ရင် ငါက မင်းကို တစ်နေ့နေ့ သတ်မှာကွ'

လုံးဝေက ပခုံးတစ်ချက်တွန့်ကာ သွားတက်ကလေးများ ပေါ်အောင် ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....ဒါကတော့ ခင်ဗျားသဘောပါပဲ'

သူက စကားဆုံးသည်နှင့် တစ်ပြိုင်နက် မြင်းပေါ်သို့ လွှားခနဲ တက်လိုက်ကာ ထွက်ခွာသွားလေတော့သည်။

စုမာလုက အံကိုတင်းတင်းကြိတ်လိုက်မိ၏။ သူ၏မျက်ဝန်း၌ မျက်ရည်များ စို့တက်လာသည်။



မည်သည့်အတွက်ကြောင့်ဟု သူ ဝေခွဲမရနိုင်ပါချေ။ ထို့နောက် သူက မြင်းပေါ်သို့ခုန်တက်ကာ လုံးဝေ ထွက်ခွာရာ နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

မြင်းတစ်ကောင်နှင့် လူတစ်ယောက် ခရီးကို အပြင်းနှင် လျက် ရှိသည်။

မြင်းပေါ်မှ လူ၏မျက်နှာတွင် မျှော်လင့်ခြင်း ရောင်ခြည်များ ယှက်သန်းနေလေသည်။

မြင်းမှာ အရှိန်ပြင်းစွာ ပြေးလွှားနေသဖြင့် မြင်းပေါ်ရှိ လူ၏ခန္ဓာကိုယ်မှာ မြင်းဇက်ကြိုးအား တင်းတင်းဆွဲလျက် ဝပ်၍ လိုက်ပါလာသည်။

အဝေးမှကြည့်လိုက်ပါက မြင်းတစ်ကောင်တည်း ပြေးလွှား နေသယောင်ရှိ၏။ ထိုလူမှာ လုံးဝေပင်ဖြစ်သည်။

သူသည် အသည်းကွဲ တောင်ကုန်းပေါ်မှ ဆင်းလာစဉ် အချိန်မှစ၍ မြင်းကို အပြင်းနှင်၍ စီးနင်းလာခြင်းပါ။

သူသွားနေသော နေရာမှာ တောလမ်းဖြစ်သည်။ တောလမ်း တစ်လျှောက် သစ်ပင်များက လမ်းခရီး အားတစ်ဖက် တစ်ချက် စီတန်းလျက်ရှိနေသည်။

လူတစ်ယောက်စာသာ သွားနိုင်သော လမ်း၌ မြင်းစီးလာသော လုံးဝေ၏အရှိန်မှာ တုံ့နှေးသွားခြင်း အလျှင်း မရှိပါချေ။

သူက အသည်းကွဲ တောင်ကုန်းပေါ်မှ ဆင်းလာပြီးချိန်မှာ မြင်းကို အပြင်းနှင်လာခြင်း ဖြစ်သည်။

ဤသို့ ခရီးကို အပြင်းနှင်လာရခြင်းမှာ အကြောင်းတစ်ခု ရှိနေ၍ ဖြစ်သည်။ သူနှင့်ယှဉ်ပြိုင်ခဲ့သော စုမာလုက လိုက်လာမည်ကို စိုးရိမ်၍ မဟုတ်ပါချေ။

သူ၏စိတ်ထဲ၌ တစ်စုံတစ်ယောက်အား အလွန်အမင်း တွေ့ချင်နေ၍ ဖြစ်သည်။ ယင်းတစ်စုံတစ်ယောက် ဆိုသည်မှာ လုံးဝေ၏ တစ်ဦးတည်းသော မြတ်နိုးတွယ်တာစွာ ချစ်ခဲ့မိသော ချစ်သူပင် ဖြစ်၏။

ချစ်သူနှင့် ခွဲခွာခဲ့ရသည်မှာ သုံးနှစ် ကျော်လွန်ခဲ့ပြီဖြစ်၏။ သုံးနှစ်ကျော် မမြင်ခဲ့ရသော ချစ်သူအား မည်သူက အလွန်အမင်း မတွေ့ချင်ဘဲ ရှိပါမည်နည်း။

လုံးဝေက မြင်းကို အပြင်းနှင်ရင်း ရင်၌ အမည်မသိသော ဝေဒနာတစ်ရပ် ခံစားနေရလေသည်။



သူ့ချစ်သူက သူနှင့်ခွဲခွာနေစဉ် သုံးနှစ်ကျော်အတွင်း၌ သူမက မိမိအား တမ်းတ သတိရနေမည်လော။

သို့တည်းမဟုတ် သူမ၏နှလုံးသားထဲ၌ လုံးဝေအား မေ့ပျောက် ဝေးလွင့်ပစ်လိုက်ပြီလော။

လုံးဝေက စဉ်းစားရင်းမှ သူမအား တွေ့ဆုံလိုစိတ်က ပိုမို ပြင်းထန်လာလေသည်။

ထို့ကြောင့် သူက သုံးဖြတ်ရခက်သော ဝေဒနာ အစုန်း နှစ်ဖက်ကြား၌ ခရီးကို လျင်မြန် သည်ထက် လျင်မြန်အောင် ပိုမို ခရီးပြင်းနှင်လိုက်၏။

သူ၏ချစ်သူဆီသို့ ရောက်ခဲ့ပါလျှင်....

သူမက သူ့အား ဝမ်းပန်းတသာ နွေးထွေးယုယစွာ ဆီးကြိုမည်လော....

သို့တည်းမဟုတ် စိမ်းကား ရက်စက်စွာ ဆက်ဆံလိုက်မည်လော....

မည်သို့ပင်ဖြစ်စေ....

လုံးဝေကတော့ သူမအား အလွန်တွေ့ချင်နေမိသည်သာ ဖြစ်ပေတော့သည်။

## ပန်းပုသူဇာ

တောလမ်းခရီး ဆုံးသောအခါ လမ်းမကြီးတစ်ခုသို့ ရောက်လာ၏။

ယင်းလမ်းမကြီး ဘေးတစ်ဖက်တစ်ချက်၌ ကံ့ကော်ပင်များ စီတန်းလျက်ရှိသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဘက်လေးတန် စလုံး ကံ့ကော်ပင်များ အုပ်ဆိုင်းနေသောကြောင့် ကံ့ကော်တော တစ်ခုကဲ့သို့ ရှိနေ၏။

လမ်းမကြီး တစ်ခုလုံးမှာလည်း ကံ့ကော်ပန်းများ ကြွေကျနေသည်။



ယင်းကံ့ကော်တောအားဖြတ်၍ ဆက်လက် ခရီးနှင်လိုက်ပါက သမမောင်မီ လုံးဝေ သွားလိုရာ ခရီးသို့ ရောက်သွားပေမည်။

ဤကံ့ကော်လမ်းမှာ သူနှင့် ကျွမ်းဝင် ရင်းနှီးခဲ့ဖူးသော လမ်းဖြစ်သဖြင့် လုံးဝေ၏ ခရီးလမ်းတစ်လျှောက် ချောမောအဆင်ပြေနေလေသည်။

လမ်းမှာ မြေနီလမ်း ဖြစ်သည်။ ယင်းလမ်း၌ ကံ့ကော်ပန်းများနှင့် ရွက်ကြွေများ ကြွေကျထားသဖြင့် ပိုမိုနီရဲနေ၏။

လုံးဝေက မြင်းကို အပြင်းနှင်ရင်း သူ၏စိတ်ထဲ၌ လွမ်းဆွေးမှု ဝေဒနာကို ခံစားလိုက်ရသည်။

ချစ်သူဆီသို့ ပြည်တော်ပြန်ခရီးမှာ ဝမ်းသာပျော်ရွှင်ရမည့်အစား အဘယ့်ကြောင့် ယင်းသို့ ခံစားလိုက်ရပါသနည်း။

လုံးဝေက ဝေခွဲမရဘဲ ဖြစ်နေ၏။ သို့သော် လုံးဝေ၏ စိတ်ထဲ၌ အမှန်တကယ်ပင် လွမ်းဆွေးနေမိပါသည်။

ထို့ကြောင့် သူ၏မျက်လုံး၌ မျက်ရည်ကြည်များ ဝေ့ဝဲနေလျက် ခရီးဆက်နေလေသည်။

* * *

ကံ့ကော်တောလမ်း ဆုံးသွားသောအခါ....

တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာသည်။

ကျယ်ဝန်းခြင်းမရှိသောတောင်ကြားလမ်းဖြစ်၏။ အတိအကျဆိုပါလျှင်....

မတ်စောက်သော တောင်ကမ်းပန်းများဖြင့် ခြံရံထားသည့် မြင်းလှည်းတစ်စီးသာ မောင်းနှင်နိုင်သော လမ်းတစ်ခုဖြစ်သည်။

ယင်းတောင်ကြားလမ်း၌ လုံးဝေက မြင်းကို ကျွမ်းကျင်စွာ မောင်းနှင်လာသည်။

သူက ချက်ချင်း လမ်းဆုံးခွဆုံအား မြင်တွေ့လိုက်ရသည်။ သူ၏ မျက်ဝန်းများ ပိုမိုတောက်ပလာ၏။

ဤလမ်းဆုံးခွဆုံအား တွေ့မြင်လိုက်ရသောအခါ သူသွားလိုသော ခရီး၏ သုံးပုံ တစ်ပုံမျှသာ လိုတော့ကြောင်း သိရှိနားလည်လိုက်သည်။

ထို့ကြောင့် သူက လမ်းအတိုင်း ခရီးပြင်း နှင်လိုက်ပြန်သည်။

'ခွပ်... ခွပ်... ခွပ်'

ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရသည်။

လုံးဝေက မျက်မှောင် ကြုတ်သွား၏။ ယင်းမြင်းခွာသံမှာ သူစီးနင်းလာသော မြင်းခွာသံ မဟုတ်ပါချေ။



တစ်ဖက်လမ်းဆီမှ ထွက်ပေါ်လာသော မြင်းခွာသံ ဖြစ်သည်။ မြင်းခွာသံနှင့်အတူ မြင်းလှည်းဘီးသံများက ထပ်တူထွက်ပေါ်လာနေသည်။

မြင်းလှည်းတစ်စီးက မြင်ကွင်းထဲသို့ တိုးဝင်ရောက်ရှိလာလေသည်။ ယင်းမြင်းလှည်းက ရုတ်ခြည်းပင် သူ့အနီးသို့ ရောက်ရှိလာလေသည်။

မြင်းလှည်းမှာ အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် သူ၏မြင်းနှင့် တိုက်မိလုဆဲဆဲ ဖြစ်သွားသည်။

လုံးဝေက ရင်ထိတ်သွားသည်၊ လုံးဝေက ကပျာကယာ မြင်းဇက်ကြိုးအား လမ်းဘေးသို့ ဆွဲချရှောင်တိမ်းလိုက်ရ၏။

မြင်းလှည်းကလည်း တိခနဲ ရပ်တန့် သွားလေသည်။ အကြောင်းမှာ မြင်းလှည်းမောင်းသမားက လုံးဝေစီးနင်းလာသော မြင်းနှင့် တိုက်မိလုဆဲဆဲတွင် သူ၏မြင်းအား ဇက်ကြိုးဆွဲ၍ တစ်ဖက်သို့ ရှောင်တိမ်းလိုက်ခြင်း ဖြစ်သည်။

မြင်းလှည်းမှာ တိခနဲ ရပ်တန့်သွားသော်လည်း ဘီးတစ်ဖက်က အပေါ်သို့ထောင်တက်သွားကာ တိမ်းမှောက်လုနီးပါး ဖြစ်သွားလေသည်။

သို့ရာတွင် မြင်းလှည်းမောင်းသမား၏ ကျွမ်းကျင်မှုကြောင့် တိမ်းမှောက်ခြင်းမရှိဘဲ ရပ်တန့်သွား၏။

လုံးဝေက ရင်ထိတ်သွားသည်။ မြင်းလှည်း အတွက်လည်း အလွန် စိုးရိမ်သွားလေသည်။ လုံးဝေက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် မြင်းလှည်း ရပ်တန့်နေရာကို လျှောက်သွားသည်။

'ခင်ဗျား....ဘာဖြစ်....'

လုံးဝေ၏ စကားသံ ဆက်မထွက်လာတော့ဘဲ ရပ်တန့်သွား၏။

သူ၏ပါးစပ်မှာ ဟ၍ မျက်လုံးများမှာလည်း ပြူးကျယ်နေသည်။ ယင်းတစ်ဒင်္ဂအချိန်အတွင်းမှာပင် သူကအသက်ရှူ ရပ်တန့်သွားမိသည်။

အဘယ့်ကြောင့်ဆိုသော်....

မြင်းလှည်းမောင်းသမားမှာ အလွန်ကြီးမားသောမိကျောင်း တစ်ကောင် ဖြစ်နေ၍ ဖြစ်လေသည်။

မိကျောင်းကဲ့သို့ သတ္တဝါက မြင်းလှည်းမောင်းလာသည်ဆိုလျှင် အဘယ်သူက အေးအေးဆေးဆေး နေနိုင်ပါမည်နည်း။

လုံးဝေက ထပ်မံ၍ သေချာစွာ ကြည့်လိုက်လေသည်။

* * *



မိကျောင်း....

ရေသတ္တဝါ မိကျောင်းမဟုတ်ပါချေ။

လူမိကျောင်း ဖြစ်၏။

ကြီးမားသော ခမောက်ကိုဆောင်း၍ တစ်ကိုယ်လုံး အညိုပုပ်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏မျက်နှာကို ကြီးမားသော ခမောက်က ကာကွယ်ပေးထားသဖြင့် သေချာစွာ မမြင်ရပေ။

သို့သော် ထိုလူအားကြည့်ရသည်မှာ မိကျောင်းတစ်ကောင်နှင့် တူလှပေသည်။ ထိုမြင်းလှည်းမောင်းသမားအား လုံးဝေက အတန်ကြာအောင် ငေး၍ ကြောင်ကြည့်နေမိသည်။

သူ၏နှုတ်မှ စကားတစ်ခွန်းမျှ ထပ်မံ မပြောမိတော့ပါချေ။ အနောက်တောင်လေ တဟူးဟူး တိုက်ခတ်နေရာမှ ရုတ်တရက် ရပ်တန့်သွား၏။

လုံးဝေက ယင်းလေထဲမှာ ရုတ်တရက် အေးခဲသွားသည်ဟု ထင်လိုက်မိသည်။ သူက ဝိညာဉ်မဲ့သူတစ်ဦးပမာ ထိုလူအား စိုက်ကြည့်နေဆဲပင်။

သူ၏ရင်ထဲ၌ အေးစိမ့်သော ဝေဒနာ ခံစားလိုက်ရလေသည်။

* * *

မိကျောင်းလူ စီးနင်းလာသောမြင်းလှည်း....

ဤမြင်းလှည်းမှာ လူစီးမြင်းလှည်း မဟုတ်ပါချေ။

ကုန်တင် မြင်းလှည်းချုံးပင်ဖြစ်သည်။ သို့ရာတွင် မြင်းလှည်းပေါ်၌ မည်သည့် ကုန်ပစ္စည်းမှ မရှိပါ။

မြင်းလှည်းမှာ ရုတ်တရက် ရပ်တန့်လိုက်သဖြင့် တိမ်းမှောက်လုနီးနီး ဖြစ်သွားခဲ့သဖြင့် ခေါင်း၏အဖုံးမှာ ဘေးသို့ အနည်းငယ် ဟ၍နေ၏။

ထိုအခါ ခေါင်း၏ နှုတ်ခမ်းပေါ်သို့ လက်တစ်ဖက်ရောက်ရှိလာသည်။ ခေါင်းထဲရှိ လူသေအလောင်း လက်တစ်ဖက်ဖြစ်သည်။

ယင်းလက်ကလေးမှာ နူးညံ့သွယ်လျ၍ အလွန် လှပသော လက်ကလေး ဖြစ်ပေသည်။ လုံးဝေ၏ မျက်လုံးက ပိုမိုပြူးကျယ်သွားလေသည်။

အကြောင်းမှာ ဤလက်ကလေးအား ယခင်က သူက အကြိမ်ကြိမ် မြင်ခဲ့ဖူးသည်။ ထို့ပြင် သူက ယုယစွာဖြင့် အကြိမ်ကြိမ် ကိုင်တွယ်နမ်းရှုံ့ခဲ့ဖူးသေးသည်။

သူက စိတ်ကိုတည်ငြိမ်စေရန် ချုပ်ထိန်းလိုက်၏။ ထို့နောက် သေချာစွာ စိုက်ကြည့်လိုက်သည်။



လက်ကလေးရှိ သစ်သားအရစ်ကလေးများအား ထိုအခါမှ သူက မြင်တွေ့လိုက်မိလေသည်။

ယင်းလက်ကလေးမှာ သစ်သားဖြင့် လက်ရာမြောက်စွာ ထွင်းလုပ်ထားသော လက်ကလေးပင် ဖြစ်၏။

ရုတ်တရက် မြင်းလှည်းပေါ်မှ မိကျောင်းကြီး ခုန်ဆင်းလိုက်သည်ကို တွေ့မြင်ရသည်။

သူက လက်ကလေးအား ခေါင်းထဲသို့ ပြန်ထည့်လိုက်၏။

'ဟင်'

လုံးဝေ၏ရင်ထဲမှ ကျိတ်၍ အာမေဍိတ်သံ ဖြစ်သွားမိ၏။ အကြောင်းမှာ မြင်းလှည်းမောင်းသူများ၏ ဝတ်စားဆင်ယင်မှုမှာ မိကျောင်းတစ်ကောင်နှင့် တူရုံမက သူ၏ လက်များမှာလည်း မိကျောင်းနှင့် တူနေ၍ဖြစ်သည်။

လုံးဝေအား မိချောင်းက လှည့်၍ပင် မကြည့်ပါချေ။ မိကျောင်းကြီးက လှည့်ကြည့်ပြီးနောက် ခေါင်းကို ပြန်ပိတ်ရန် ထပ်တူထပ်မျှ တူနေသောကြောင့်ပင် ဖြစ်၏။

'ဟင်....ကျိယန်း'

လုံးဝေ၏ ပါးစပ်မှ လွှတ်ခနဲအသံထွက်သွားသည်။ ကျိယန်းဆိုသည်မှာ လုံးဝေ၏ မြတ်နိုးတွယ်တာစွာ ချစ်ရသော ချစ်သူ ဖြစ်ပေသည်။

ချစ်သူဟု ဆိုခြင်းထက် ဇနီးလောင်းဆိုပါက ပို၍သင့်မြတ်မှန်ကန်မည် ဖြစ်၏။

အကြောင်းမှာ သူက ဤနေရာ ဤဒေသသို့ ရောက်ရှိလာခြင်းမှာ သူမနှင့်လက်ထပ်ရန် တွေ့ဆုံစေဖို့ ဖြစ်ပေသည်။

သို့ရာတွင် ယခုတွေ့ရသော ကျိုယန်းမှာ သက်ရှိ မဟုတ်ပါချေ။ သူမနှင့် အလွန်တူအောင် ထုလုပ်ထားသော သက်မဲ့ ပန်းပုရုပ်တစ်ခုပင် ဖြစ်သည်။

ဤမျှ သူမနှင့်တူအောင် ထုလုပ်နိုင်သော ပန်းပုဆရာမှာ မည်သူဖြစ်သနည်း။ သူမနှင့် မည်သို့ ပတ်သက်နေပါသနည်း။

တိုက်ဆိုင်မှု ဖြစ်နေပြီလော။

မည်မျှ တိုက်ဆိုင်စေကာမူ ဤမျှ ထပ်တူထပ်မျှ တူညီနေမည် မဟုတ်ပါချေ။လုံးဝေ၏ ဦးနှောက်ထဲ၌ အတွေးများဖြင့် ရှုပ်ယှက်ခတ်နေသည်–

'ဟင်း ...ဒီရုပ်တုဟာ ကျိုယန်းနဲ့ တစ်ထပ်တည်း တူညီနေပါလား၊ ဘာကြောင့် ဒီလောက်တောင်တူညီနေတာလဲ'

သူက ဆက်၍ စဉ်းစားလိုက်သည်။

'ဒါ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါဘူး၊ ဒီလိုဆိုရင် ပန်းပုဆရာနဲ့ ကျိုယန်းတို့ ဘယ်လို ပတ်သက်နေသလဲ၊ ဘာကြောင့်



ပန်းပုရုပ်ကို ခေါင်းထဲ ထည့်ထားရတာလဲ၊ အင်း.... သူ့မှာ အန္တရာယ်နဲ့ ကြုံတွေ့နေပြီလား'

ထိုအခါ လုံးဝေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်လှုပ်သွားသည်။

ယင်းအချိန်တွင် မြင်းလှည်းမောင်းသမား လူထူး လူဆန်းကြီးက ခေါင်းအဖုံးအား ပြန်လည်ပိတ်ရန် ဟန်ပြင်လိုက်၏။

ထိုတစ်ဒင်္ဂ အချိန်အတွင်းမှာပင် ခေါင်းထဲမှ မိန်းကလေး၏ အသံက တိုးလျှိုးပေါင်းပန်ရင်း ထွက်ပေါ်လာပြန်သည်။

'အဖုံးမပိတ်ကြပါနဲ့ရှင်'

သို့ရာတွင် လူထူးလူဆန်းကြီးက ခေါင်းကိုပိတ်ချလိုက်သည်။ မိန်းကလေး၏အသံက ထွက်ပေါ်လာပြန်သည်။

'အောင်မယ်လေး....အသက်ရှူ ကျပ်လိုက်တာရှင်၊ကျွန်မကို ကယ်ကြပါဦး'

ခေါင်း၏အဖုံး မပိတ်ခင် နောက်ဆုံး ကြားလိုက်ရသော မိန်းကလေး၏ စကားသံပင် ဖြစ်သည်။

လုံးဝေ၏ရင်ထဲ သို့နင့်လာသည်။ သူက လက်ပိုက် ကြည့်မနေနိုင်တော့ပါချေ။

'ဟေ့ လူ... အဖုံးမပိတ်နဲ့'

သူက အော်ဟစ် ဟန့်တားရင်းမှ လူထူးလူဆန်းကြီး၏ ပခုံးအား ဆုပ်ကိုင်လိုက်လေသည်။

လူထူးလူဆန်းကြီးက လှည့်၍ပင်မကြည့်ဘဲ ခေါင်းအဖုံးအား အသေပိတ်ချလိုက်လေသည်။

လုံးဝေက ဒေါသ ခြောင်းခြောင်း ထွက်သွား၏။

'ခင်ဗျား ကျုပ်ပြောနေတာ နားပင်းနေသလား'

လူထူးလူဆန်းကြီးက လုံးဝ ဂရုမစိုက်ပါချေ။

သူက ခေါင်းအဖုံး ထပ်ပွင့်ထွက်မည်ကို စိုးရိမ်နေသည် လောမသိ။

ခေါင်းအဖုံးအား သေချာစွာ ပိတ်နေဆဲပင်။

လုံးဝေ၏ မျက်ခုံးနှစ်ဖက် ကျုံ့သွားသည်။ သူ၏လက်က လူထူးလူဆန်းကြီး၏ လက်ကောက်ဝတ်အား ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် သူ၏ လက်ချောင်းကလေးများကို အားစိုက်၍ ဖျစ်ညှစ်လိုက်သည်။ လုံးဝေ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။



သူ၏ လက်ချောင်းကလေးများမှာ ကျင်တက်သွားသည်။ ယို့ကြောင့် သူက လူထူးလူဆန်းကြီးအား ကိုင်ထားသောလက်ကို လွှတ်ပေးလိုက်ရ၏။

ခေါင်းအဖုံးအား သေချာစွာပိတ်နေသော လူထူးလူဆန်းကြီးက ဆက်လက်၍ ခေါင်းအား မပိတ်နိုင်စေရန် သူက လက်ကောက်ဝတ်အား ဖမ်း၍ချုပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

အတိအကျ ဆိုရပါလျှင် သူက 'သိမ်းငှက်လက်သည်း'ဖြင့် လူထူးလူဆန်းကြီး၏ သွေးကြောအား ပိတ်လိုက်ခြင်းပင် ဖြစ်၏။

လုံးဝေက ကမန်းကတန်း သူ့လက်ကို ပြန်လည် ရုပ်သိမ်းလိုက်ရသည်။ အကြောင်းမှာ လူထူးလူဆန်း၏ လက်ကောက်ဝတ်အား သူက ချုပ်ကိုင်လိုက်စဉ်မှာပင် သူ၏လက်မောင်းအထိ ကျင်ခနဲ ခံစားလိုက်ရ၍ ဖြစ်သည်။

လူထူးလူဆန်းကမူ သူ့အား လုံးဝလှည့်မကြည့်ပါ။ လုံးဝေ ရှိနေသည်ဟုပင် ထင်မှတ်ဟန်မတူပေ။

လူထူးလူဆန်းက လုံးဝေအား လုံးဝ မကြည့်ဘဲ မြင်း လှည်းမောင်းသည့်ခုံရှိရာသို့ လျှောက်သွားလေသည်။

လုံးဝေက ရုတ်တရက် လူထူးလူဆန်း၏ရှေ့သို့ ခုန်ဝင်လိုက်သည်။ တစ်ဆက်တည်းမှာပင် လူထူးလူဆန်းအား တိုက်ခိုက်လိုက်လေသည်။

လုံးဝေက သိုင်းကွက်သုံးလေးကွက်မျှ ဆက်၍ တိုက်ခိုက်လိုက်လေသည်။ သို့ရာတွင် လူထူးလူဆန်း၏ အင်္ကျီကိုပင် မထိနိုင်ပါချေ။

သူက နေရာမရွေ့ဘဲ ခန္ဓာကိုယ်အား တိမ်းညွတ်ကာ အသာအယာပင် ရှောင်တိမ်းလိုက်လေသည်။

လုံးဝေက အံတစ်ချက်ကြိတ်လိုက်လေသည်။

'ယား'

သူက မာန်သွင်း၍ အော်ဟစ်ရင်း ခြေရွှေ့လက်ပါလှုပ်ရှားလိုက်လေသည်။

လူထူးလူဆန်းက လုံးဝေ၏ တိုက်ခိုက်မှုအား ရှောင်တိမ်းရင်းမှ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

သို့ရာတွင် သူက လွတ်လွတ်ကျွတ်ကျွတ် ရှောင်တိမ်းနိုင်ခြင်း မရှိပါချေ။ လုံးဝေ၏ သိမ်းငှက်လက်ချောင်းများ အကြား၌ လူထူးလူဆန်း၏ ခမောက်က ကျန်ရစ်ခဲ့လေသည်။

လူထူးလူဆန်း၏ ဦးခေါင်း၌ ခမောက် မရှိတော့ပါချေ။ ထိုအခါ မူလပထမ ခမောက် ဖုံးကွယ်နေသဖြင့် မမြင်နိုင်အောင် ဖုံးကွယ်နေသော လူထူးလူဆန်း၏ မျက်နှာအား ပီပြင်စွာ တွေ့မြင်လိုက်ရလေသည်။



လူထူးလူဆန်း၏ ပုံသဏ္ဌာန်မှာ မိကျောင်းနှင့်တူနေသကဲ့သို့ သူ၏မျက်နှာ ပုံသွင်မှာလည်း မိကျောင်းမျက်နှာနှင့် တစ်ပုံစံတည်း တူညီနေပေသည်။

လုံးဝေက ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်မိသည်။ သူ၏ အကြည့် တွေဝေငေးမောနေခြင်းပင် ဖြစ်သည်။

* * *

မိကျောင်း....

မျက်ခုံးမွေး မရှိပါ။

မျက်တောင်မွေးလည်း မရှိ။

မျက်လုံးအိမ် ရှည်လျား၍ ကျဉ်းမြောင်းလှ၏။

သို့ရာတွင် မျက်လုံးအစုံမှာ တောက်ပနေသည်။ နှာခေါင်းပေါက်သာ မြင်တွေ့ရပြီး နှာတံမရှိပါချေ။

နှုတ်ခမ်းမှာ ရှည်နေသည်။ ပါးစပ်မှာ နားရွက်အထိရောက်အောင် ရှည်လျားပြီးနေ၏။

မျက်နှာတစ်ခုလုံးမှာ အသီဖြန့် စိုထိုင်းနေ၏။ ယင်းလူ၏ အသားအရေမှာ မီးကျောင်း တစ်ကောင်၏ အရေခွံကဲ့သို့ ကြမ်းတမ်း ခက်ထန်လွန်းလှသည်။

အရောင်မှာ ရေညှိရောင်ဖြစ်သည်။

လုံးဝေက အတန်ကြာအောင် ငေးကြောင်၍ ရပ်ကြည့်နေမိလေသည်။ သူက ငေးကြောင်၍ ရပ်ကြည့်နေခြင်းထက် တိတ်လန့်တုန်လှုပ်နေမိသဖြင့်....

လှုပ်ရှား၍မရဘဲ ဖြစ်နေခြင်းဆိုလျှင် ပိုမို မှန်ကန်ပေသည်။ သူ၏ ကျောပြင်တစ်ခုလုံး အေးစိမ့်လာသည်ဟု ခံစားနေရလေသည်။

ထိုတစ်ဒင်္ဂအချိန်ကလေးမှာပင် လူထူးလူဆန်းက လေထဲသို့ တစ်ချက် ခုန်တက်လိုက်သည်။ ⸝

သူ၏ ခန္ဓာကိုယ်မှာ လုံးဝေဦးခေါင်းပေါ်မှ ကျော်၍ လေထဲ၌ တစ်ပတ်ဝဲသွားပြီးလျှင် မြင်းလှည်းမောင်းသည့် ခုံပေါ်သို့ ရောက်ရှိသွားလေတော့သည်။

ထို့နောက် သူက ကြာပွတ်ကို ကောက်ယူလိုက်၏။ တစ်ဆက်တည်းမှာပင် လေထဲ၌ ကြာပွတ်အား တစ်ချက်ဝှေ့ယမ်းလိုက်ပြီး မြင်းလှည်းအား မောင်းနှင်သွားလေတော့သည်။

လုံးဝေက ငေးကြောင်၍ ရပ်ကြည့်နေရာမှ ပြန်လည် သတိဝင်လာ၏။ သူက ယခုမှ အိပ်မက်မှ လန့်နိုးလာသူပမာ လက်ထဲမှ ခမောက်အား လွှင့်ပစ်လိုက်၏။



သူက အော်ဟစ်ဟန့်တားလိုက်သည်။

'ဟေ့....မပြေးနဲ့'

သို့သော်....

မြင်းလှည်းမှာ သူနှင့် လီပေါင်းငါးဆယ်ခန့် ဝေးသွားပြီဖြစ်သည်။

* * *

လုံးဝေက သူ၏မြင်းရှိရာသို့ ပြေးလွှားသွားသည်။

ထို့နောက် မြင်းပေါ်သို့ လွှားခနဲတက်လိုက်၏။

သူက မြင်းကို အပြင်းနှင်လိုက်လေသည်။

မြင်းလှည်းနှင့် သူ၏အကြား၌ လီပေါင်းတစ်ရာခန့် ဝေးကွာနေလေသည်။ သူက မြင်းကို ပိုမိုအရှိန်မြှင့်၍ မြင်းလှည်းနောက်သို့ လိုက်နေ၏။

မြင်းမှာ မြားတစ်စင်းကဲ့သို့ လျင်မြန်စွာအပြင်းနှင်နေလေသည်။ ထို့ကြောင့် မြင်းလှည်းနှင့် တစ်စထက်တစ်စ နီးကပ်၍လာလေသည်။

လီငါးဆယ်....

လီသုံးဆယ်...

ယခုမူ လီနှစ်ဆယ်ခန့်သာ ကွာဝေးတော့သည်။

ရုတ်တရက် မြင်းလှည်းမှာ မြားတစ်စင်းကဲ့သို့ ပို၍ လျင်မြန်စွာ ရွေ့လျားသွားလေသည်။

ထိုအခါ မြင်းလှည်းမှာ လုံးဝေ၏ မြင်းနှင့် တစ်စထက်တစ်စ ပိုမိုဝေးကွာ သွားပြန်လေသည်။

လီငါးဆယ်....

လီသုံးဆယ်....

လီသုံးဆယ်....

ယခုမူ လီငါးဆယ်ခန့် ဝေးကွာသွားပြန်လေသည်။

သို့ရာတွင် ဤအကွာအဝေးထက် ပို၍ ဝေးကွာမသွားတော့ပါချေ။ လုံးဝေက မြင်းလှည်းနောက်မှ မြင်းကို အပြင်းနှင်၍ လိုက်သွားလေသည်။



ထိုအခါ မြင်းလှည်းမှာလည်း အပြင်း မောင်းနှင်လိုက်၏။ လုံးဝေက မြင်းအရှိန်ကို လျှော့ချလိုက်သည်။

မြင်းလှည်းအရှိန်ကလည်း လျော့ကျသွားပြန်၏။ လုံးဝေက မျက်မှောင်ကြုတ် သွားလေသည်။

'အင်း....သူ့ကိုကြည့်ရတာ ငါ့ကို အန္တရာယ်ထောင်ချောက်ထဲကိုမျှား မျှားခေါ်နေသလား မသိဘူး'

သူက ယင်းသို့ စဉ်းစားရင်း အံကို တင်းတင်းကြိတ်လိုက်သည်။

'အို....ဘာပဲဖြစ်ဖြစ် ငါယောကျ်ားပဲ၊ တွေ့ကြသေးတာပေါ့ မိကျောင်းရယ်'

လုံးဝေက မြင်းကိုအပြင်းနှင်၍ မြင်းလှည်းနောက်မှ လိုက်နေ၏။ သို့ရာတွင် မြင်းလှည်းနှင့် သူ၏မြင်း အကွာအဝေးမှာ လီငါးဆယ်ခန့် ကွာဝေးနေဆဲပင်။

လုံးဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။ သူက မြင်းကို အပြင်းနှင်နေရာမှ သူ၏ ကျော်ကြားလှသော လက်နက်ပုန်း ရှေကွင်းနှစ်ကွင်းကို ထုတ်လိုက်သည်။

ထို့နောက် လူထူးလူဆန်းရှိရာသို့ ပစ်လွှင့်လိုက်၏။

'ဝှီး'

ဟူသော လေတိုးသံနှင့် အတူ ရွှေကြွင်းနှစ်ခုမှာ ရှေ့ဆင့်နောက်ဆင့် ဆိုသကဲ့သို့ လူထူးလူဆန်း၏ ကျောမြင်သို့ ပစ်လွင့်သွားလေသည်။

လူထူးလူဆန်းက နောက်သို့ပင် လှည့်မကြည့်ပါချေ။ သူ၏ လက်ထဲမှ ကိုင်ထားသော ကြာပွတ်အား နောက်သို့ တစ်ချက် ဝေ့ယမ်းလိုက်လေသည်။

'ဖတ်...ဖတ်'

ဟူသော အသံနှင့်အတူ ရွှေကြွင်းနှစ်ကွင်းမှာ လာလမ်းအတိုင်း လုံးဝေထံသို့ ပြန်လည်လွင့်လာလေသည်။

လုံးဝေက နှုတ်ခမ်းတွန့်၍ ပြုံးလိုက်၏။ သူက ရင်ထဲ၌ ကျိတ်၍ ချီးကျူးလိုက်သည်။

'ဘယ်ဆိုးလို့လဲ'

ထိုအချိန်တွင် ရွှေကြွင်းနှစ်ကွင်းက သူ့အနီးသို့ ရောက်ရှိလာပြီဖြစ်သည်။ သူက ပြေးဝင်လာသောရွှေကြွင်းနှစ်ကွင်းအား ဆီး၍ ဖမ်းယူလိုက်လေသည်။

'ဟင်'

သူက အံ့သြထိတ်လန့်သွားသည်။



အကြောင်းမှာ လူထူးလူဆန်းထံမှ ပြန်လည် ပစ်လွှင့်လာသော ရွှေကြွင်းနှစ်ကွင်းအား ဖမ်းယူလိုက်စဉ် သူ၏ လက်မှာ ထုံကျဉ်သွား၍ဖြစ်သည်။

တစ်ဆက်တည်းမှာပင် သူ့စိတ်ထဲ၌ မေးခွန်းများ စီတန်း၍ ထွက်ပေါ်လာလေသည်။

လူထူးလူဆန်း၏ အတွင်းအားမှာ အလွန် အဆင့်မြင့်လှပေသည်။ ဤသို့ဆိုလျှင် ထိုလူထူးလူဆန်းမှာ မည်သူဖြစ်သနည်း။

အကယ်၍ လူထူးလူဆန်းကြီးမှာ လူသားစစ်စစ် ဖြစ်ခဲ့ပါလျှင် သိုင်းလောက၌ အလွန်ကျော်ကြားမည်မှာ အမှန်ပင်ဖြစ်သည်။

သို့ရာတွင် လူထူးလူဆန်းကြီး၏ ပုံသဏ္ဌာန်မှာ လူသားနှင့် လုံးဝမတူပါချေ။

ဤသို့ဆိုလျှင် လူထူးလူဆန်းမှာ မည်သည့်သတ္တဝါမျိုး ဖြစ်နေပါသနည်း။

ယင်း ခေါင်းတလားအား မည်သည့်နေရာသို့ သယ်ဆောင်သွားနေပါသနည်း။ မိမိနှင့် မည်သို့ပတ်သက်နေပါသနည်း။

သူက အတွေးများဖြင့် ရှုပ်ယှက်ခတ်နေဆဲပင်။

သို့သော် သူ၏မြင်းမှာမူ မြင်းလှည်းနောက်သို့ ထက်ကြပ်မကွာ လိုက်နေဆဲပင် ရှိသေးသည်။

* * *

ညနေဆည်းဆာ....

ညနေဆည်းဆာ၏ သူရိယနေမင်းမှာ မြေပြင်အောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားပြီ ဖြစ်သည်။

သို့ရာတွင် မှုန်ပျပျ အလင်းရောင်က ပတ်ဝန်းကျင် တစ်ခုလုံးအား ဝေဖြန့်ကျဲနေဆဲပင်....

ထိုမှုန်ပျပျ အလင်းရောင်အောက်၌ မြင်းလှည်းကရှေ့မှ ပြေးလွှားနေဆဲပင် ဖြစ်သည်။

လုံးဝေကလည်း နောက်မှလိုက်နေဆဲ ဖြစ်သည်။ယခု သူတို့ ပြေးနေသောလမ်းမှာ 'ဒေါင်းဖိုဒေါင်းမ'မြို့သို့ သွားရာလမ်းမ ဖြစ်၏။

ထို့ပြင် ယင်း ဒေါင်းဖိုဒေါင်းမမြို့မှာ လုံးဝေနှင့် ရင်းနှီးပြီးသော မြို့တစ်မြို့ဖြစ်ပေသည်။



အကြောင်းမှာ ဤမြို့ကလေးမှာ ကျိုယန်းနေထိုင်ရာမြို့ကလေး ဖြစ်သည် မဟုတ်ပါလော....

လူထူးလူဆန်းသည် မြင်းလှည်းအား ယင်းမြို့ကလေးသို့ ဦးတည်၍ မောင်းနှင်နေလေသည်။

ဤသို့ဆိုလျှင် မြင်းလှည်းပေါ်မှ လူထူး လူဆန်း တင်ဆောင်လာသော ပန်းပုရုပ်မှာ ကျိုယန်းနှင့် တစ်စုံတစ်ခုပတ်သက်နေရပေလိမ့်မည်။

မည်သို့ ပတ်သက်နေသနည်းကိုမူ သူက စဉ်းစား၍မရပါချေ။

* * *

ဒေါင်းဖိုဒေါင်းမမြို့....။

ဒေါင်းဖိုဒေါင်းမမြို့ဟု ဆိုသော်လည်း မြို့ကြီးတစ်မြို့မဟုတ်ပါချေ။ သို့သော် အိမ်ထောင်စုပေါင်း တစ်ထောင်ကျော်ခန့် ရှိသော မြို့ကလေးတစ်မြို့ ဖြစ်သည်။

မြို့၏ လက်ဝဲဘက်၌ မြစ်တစ်ခုက စီးဆင်းနေ၏။ မြို့၏ လက်ယာဘက်တွင်မူ တောင်တစ်လုံးက အုတ်တံတိုင်းတစ်ခု ပမာ ကာရံထားလေသည်။

မြို့ထဲသို့ သွားရမည့်လမ်းမှာ မြစ်နှင့်တောင်အကြားမှဖြတ်၍ ကျော်၍သွားရသော လမ်းဖြစ်သည်။

မြင်းလှည်းက မြို့နှင့်နီးကပ်လာချေပြီ။ ရုတ်တရက်မြင်းလှည်းမှာ လက်ယာဘက်သို့ ချိုးကွေ့ဝင်ရောက်သွားသည်။

လုံးဝေ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ တစ်ဆက်တည်းမှာပင် စိတ်ထဲ၌ အလွန် စိုးရိမ်ပူပန်လာမိ၏။

အဘယ့်ကြောင့်ဆိုသော်....

သူ၏ချစ်ဆူ ကျိုယန်းမှာ မြင်းလှည်း ချိုးကွေ့လိုက်သော လမ်းတစ်ဘက်၌ နေထိုင်သည် မဟုတ်ပါလော။

သူက မြင်းအား ယာရထက်ပို၍မြန်အောင် မောင်းနှင်လိုက်လေသည်။

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး အရည်းရောင်ကတ္တီပါကြီးက လွှမ်းမိုးသကဲ့သို့ ဖြစ်သွား၏။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်း၍ မိုးများစတင် ရွာလာသည်။



သို့သော် မိုးသည်းထန်စွာ ရွာချနေခြင်း မဟုတ်ပါချေ။ တဖွဲဖွဲဖြင့် ပသည်းဘဲ မစဲအောင် ရွာချနေသည့် မိုးပင်ဖြစ်သည်။

မိုးဖွဲကလေးများက ရွာနေဆဲပင်....

* * *

ဒေါင်းဖို ဒေါင်းမြို့ကလေးအား အဝေးမှ ကြည့်ပါက မှုန်ဝါးဝါးသာ မြင်တွေ့နိုင်ပေသည်။

ယင်းမြို့ကလေးအား ဇာပဝါလွှမ်းခြုံထားခြင်း မဟုတ်ပါချေ။

တဖွဲဖွဲရွာချနေသော မိုးစက်မှုန်များကြောင့် ထီးထီးကြီး ရပ်နေသော ထိုမြို့ကလေးမှာ ဇာပဝါဖြင့် လွှမ်းခြုံသကဲ့သို့ ရှိနေခြင်းဖြစ်ပါသည်။

ဤလမ်းမှာ အစကနဦးကပင် လူသွားလူလာ နည်းပါးခဲ့သည်။ ယခုတွင်မူ တဖွဲဖွဲရွာချနေသောမိုးကြောင့် လူသွား လူလာ မရှိသလောက်ပင် ဖြစ်သွားသေသည်။

မြို့၏ လက်ယာရှိ တောင်နှင့်နီးသော နေရာတစ်ဝိုက်မှာ ထိုထက်ပို၍ လူသွားလူလာနည်းကာ အလွန်ပင် တိတ်ဆိတ်နေ၏။

ထိုနေရာ၌ ခြုံဝင်းများဖြင့်တည်ရှိနေသဖြင့် ပိုမိုတိတ်ဆိတ်လှပေသည်။

လူထူးလူဆန်း မောင်းနှင်လာသော မြင်းလှည်းမှာ ထိုအနောက်ဘက်ခြံဝင်းသို့ ရောက်သောအခါ ရပ်တန့်သွားပြီဖြစ်သည်။

သူက ပတ်ဝန်းကျင်သို့ တစ်ချက်မျှ လှည့်မကြည့်ပါချေ။ သူသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် ခေါင်းရှိရာသို့ လျှောက်သွား၏။

ထို့နောက် ခေါင်းအဖုံးအား ဖွင့်လိုက်သည်။ ပြီးနောက် ခေါင်းထဲရှိ ပန်းပုရုပ်အား ပွေ့ယူလိုက်ကာ မြင်းတင်ပါးအား တစ်ချက် ရိုက်လိုက်လေသည်။

မြင်းမှာ မြင်းလှည်းအားဆွဲရင်း ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။ လူထူးလူဆန်းက ပန်းပုရုပ်ကိုပွေ့လျက် မိုးတဖွဲဖွဲကြားမှ ခြံဝင်းထဲသို့ တစ်လှမ်းချင်း လျှောက်လှမ်း ဝင်ရောက်သွားလေတော့သည်။

သူ၏ပုံသဏ္ဌာန်မှာ အလွန် သွေးအေးလွန်းလှပေသည်။

*   *   *



'ဟူး'

လုံးဝေက လေပူတစ်ချက်အား မှုတ်ထုတ်လိုက်သည်။

စိတ်ချသွားခြင်း မဟုတ်ပါချေ။

လူထူးလူဆန်းအား ဆက်၍လိုက်စရာမလိုတော့၍ ဖြစ်သည်။ ဤနေရာသည် လုံးဝေနှင့် ရင်းနှီးကျွမ်းဝင် ရှိပြီးသော နေရာဒေသတစ်ခုပင်ဖြစ်၏။

ထို့ပြင် လူထူးလူဆန်း ဝင်ရောက်သွားသော ခြံဝင်းနှင့် ကပ်လျက်ရှိသော ခြံဝင်းဆိုလျှင် လုံးဝေနှင့် လွန်စွာ ရင်းနှီးအကျွမ်းတဝင် ရှိလှသော ခြံဝင်း မဟုတ်ပါလော။

အဘယ့်ကြောင့်ဆိုသော်....

လူထူးလူဆန်း ဝင်ရောက်သွားသော ခြံဝင်းနှင့် ကပ်လျက်ရှိသောခြံဝင်းမှာ ကျီယန်းနေထိုင်ရာ ခြံဝင်းဖြစ်နေသောကြောင့်ဖြစ်ပေသည်။

လုံးဝေက လူထူးလူဆန်း ဝင်ရောက်သွားသော ခြံဝင်း၏နောက်ဘက် တံခါးပေါက်ဆီသို့ လျှောက်သွားသည်။

ထိုအချိန် မြင်းသည် မြင်းလှည်းအားဆွဲလျက် ထွက်ခွာလာနေသည်ကို တွေ့လိုက်ရသည်။

လုံးဝေက မြင်းလှည်းနောက်သို့လိုက်ရန် စိတ်ကူးလိုက်မိလေသည်။ သူက ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့၍ ကြည့်လိုက်၏။

ရုတ်တရက် သူ၏ စူးရှသော မျက်ဝန်းက လူထူးလူဆန်းကြီးမှာ ပန်းပုရုပ်အား ပွေ့ချီလျက် ခြံဝင်းထဲသို့ ဝင်သွားသည်ကို မြင်တွေ့လိုက်ရသည်။

သူသည် ယင်းလူထူးလူဆန်း နောက်သို့လိုက်ရန် စိတ်ဆုံးဖြတ်လိုက်လေသည်။ ထို့နောက် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရင်းမှ မြစ်းပေါ်မှ ခုန်ဆင်းလိုက်၏။

သူ၏တစ်ကိုယ်လုံးမှာ ချွေးများဖုန်များဖြင့် ကပ်ငြိနေသည်။ ထို့ကြောင့် သူက အဝတ်စတစ်စဖြင့် မျက်နှာပေါ်မှ ချွေးများ ခန္ဓာကိုယ်ပေါ်မှ ဖုန်များကို အဝတ်ဖြင့် သုတ်လိုက်လေသည်။

ယင်းနောက် သူကစိတ်ချရစေရန် ပတ်ဝန်းကျင်အား ထပ်မံအကဲခတ်လိုက်ပြန်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး စိတ်ချရသည့် အနေအထား၌ တွေ့လိုက်ရသဖြင့် သူ၏ခန္ဓာကိုယ်အတွင်း၌ အတွင်းအား တစ်ပတ်လည်စေရန် ပြုလုပ်လိုက်လေသည်။

ပြီးမှ ခြံဝင်းရှိရာသို့ တစ်လှမ်းချင်း လှမ်းဝင်သွားလေတော့သည်။

* * *



ခြံဝင်းတံခါး ပိတ်ထား၏။

သို့ရာတွင် သော့ခတ်ထားခြင်း မရှိပါ။

ခြံဝင်းတံခါးအား စေ့ရုံသာ စေ့ထားသည်။ လုံးဝေက တွန်းလိုက်သည်။

'ကျွိ ....'

ရှည်လျားသော အသံနှင့်အတူ တံခါးပွင့်သွားလေသည်။ လုံးဝေက မဝင်သေးဘဲ ခြံဝင်းထဲသို့ ဝေ့၍ကြည့်လိုက်သည်။

သူစတင် မြင်တွေ့လိုက်ရသည်မှာ ဥယျာဉ်တစ်ခု ဖြစ်၏။ သို့သော်....ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံပန်းများနှင့် စီခြယ်ထားသော ပန်းဥယျာဉ် တစ်ခုတော့ မဟုတ်ပါချေ။

လုံးဝေ၏ ဒူးခေါင်းအထိ ရှည်လျားသော မြက်ရိုင်းပင်များနှင့် စီခြယ်ထားသော ဥယျာဉ် ဖြစ်ပါသည်။

တချို့နေရာများမှာ ဒူးခေါင်းထက်ပင် ရှည်လျားလျက်ရှိ၏။ ယင်းမြက်ရိုင်းပင်များကြား၌ အုတ်ဖြင့်ပြုလုပ်ထားသော လမ်းကလေး ရှိနေသည်။

ထိုလမ်းကလေးမှာ တချို့နေရာ၌ အက်ကွဲနေ၍ တချို့နေရာ၌ ရေညှိကလေးများကို တွေ့မြင်ရသည်။

နှစ်ပေါင်းများစွာ ပြုပြင်ခြင်း မရှိသဖြင့် အုတ်လမ်းကလေးမှာ ပျက်စီးနေဟန်တူသည်။

လုံးဝေက ခြံဝင်းထဲသို့ လျှောက်သွား၏။

သို့ရာတွင် သူ၏စိတ်ထဲ၌ ခြံဝင်းထဲ လမ်းလျှောက်နေသည်ဟု မခံစားရပါချေ။ သုသာန်တစ်စပြင်၌ လမ်းလျှောက်နေရသည်ဟု ခံစားနေမိလေသည်။

ဤသို့ဆိုလျှင် ယင်းနေရာမှာ သုသာန်တစ်စပြင်လော....

## မယ်တော်

---

သုသာန်တစ်စပြင်မဟုတ်ပါ။-

ဤနေရာမှာ ခြံဝင်းတစ်ခုသာဖြစ်သည်။

အကြောင်းမှာ ခြံဝင်း၏ အင်္ဂါရပ်နှင့်အညီ ရှိခဲ့ဖူးသော ရေကန်အကြွင်းအကျန်များနှင့်....

ယင်းရေကန်ကို ဖြတ်၍ ပြုလုပ်ထားသော ပေါင်းကူးတံတား၏ အပိုင်းအစများ၊ တောင်ပုံသဏ္ဌာန် ပြုလုပ်ထားသော တောင်အတုများ တွေ့ရှိနေသည်။

ထိုအရာများမှာ ယခင်က ကြီးကျယ်ခမ်းနားသော ခြံဝင်း၏ ဥယျာဉ်တစ်ခု ဖြစ်ခဲ့ဖူးကြောင်း လုံးဝေအား ပြောပြနေသည် မဟုတ်ပါလော။

လေတဟူးဟူး တိုက်ခိုက်နေဆဲပင်....

မိုးသည်လည်း တဖွဲဖွဲနှင့် ရွာချနေဆဲ ရှိသေးသည်။ လုံးဝေ၏ ခန္ဓာကိုယ်နှင့် မျက်နှာအနှံ့ မိုးစက်မိုးပေါက်များက ကျရောက်နေလေသည်။

လုံးဝေက ဂရုမစိုက်ပါချေ။ သူသည် ဟိုမှသည်မှ တချွဲချွဲ မြည်၍ ယိမ်းထိုးနေသော မြက်ရိုင်းပင်များကို ဖယ်ရှား၍ လျှောက်နေရသည် မဟုတ်ပါလော။

သူ၏ခြေလှမ်း ရုတ်တရက် ရပ်တန့်သွားသည်။ တောင်အတုတစ်လုံးအား သူ့ရှေ့၌ တွေ့မြင်လိုက်၍ ဖြစ်သည်။

ယင်းတောင်အတုကြောင့် သူ၏ခြေလှမ်း ရပ်တန့်သွားခြင်း မဟုတ်ပါချေ။ တောင်အတုပေါ်မှ သတ္တဝါ တစ်ကောင်ကြောင့်ပင် ဖြစ်၏။

ယင်းသတ္တဝါက လှုပ်ရှားခြင်း အလျှင်းမရှိပါချေ။ ပကတိ ငြိမ်သက်လျက် ရှိသည်။ အမှောင်ထုထဲ၌ ယင်းသတ္တဝါ၏ မျက်လုံးက သူ့အား စူးစိုက်ကြည့်နေသည်ဟု ခံစားမိလိုက်လေသည်။

လုံးဝေက ရင်ထိတ်သွား၏။

သူ ငြိမ်သက်စွာရပ်၍ ပတ်ဝန်းကျင် တစ်ခုလုံးအား နားစွင့်၍ ကြည့်လိုက်သည်။



တဟူးဟူး လေတိုက်သံနှင့်အတူ မိုးစက်မိုးပေါက်များမှာ တဖြောက်ဖြောက် ကျရောက်နေသည့်အပြင် ယိမ်းထိုးနေသော မြက်ရိုင်းပင်များ၏ တရှဲရှဲ အောင်မြည်သံများမှ လွဲ၍ တခြား မည်သည့်အသံမှ မရှိပါချေ။

လုံးဝေက တောင်အတုပေါ်မှ သတ္တဝါအား စိုက်ကြည့်လိုက်လေသည်။ ထိုသတ္တဝါကလည်း လုံးဝေအား စိုက်ကြည့်လိုက်သည်။

လုံးဝေက ခြေတစ်လှမ်းခန့် ဘေးသို့ ရွှေ့လိုက်၏။ တောင်အတုပေါ်မှ သတ္တဝါက လုံးဝမလှုပ်ပါချေ။

လုံးဝေက ဘေးသို့ မရွှေ့လျားတော့ဘဲ ရှေ့သို့ သုံးလှမ်းခန့် ရွှေ့လျားလိုက်သည်။

တောင်အတုပေါ်မှ သတ္တဝါမှာ ငဲ့စောင်း၍ပင် မကြည့်ပါချေ။ လုံးဝေက ရှေ့သို့ ခြေသုံးလှမ်းခန့် ထပ်မံတိုးလိုက်ပြန်သည်။

ရုတ်တရက် မိုးဖွဲလေးကြား၌ လျှပ်စီးတစ်ချက် ဝင်းလက်သွားသည်။ ယင်း တစ်ဒင်္ဂ အချိန်လေးအတွင်းမှာပင် ဘောင်အတုပေါ်မှ သတ္တဝါအား ပီပြင်စွာ မြင်တွေ့လိုက်ရလေသည်။

မိကျောင်း....

ဟုတ်ပါသည်။ မိကျောင်းတစ်ကောင်ပင် ဖြစ်သည်။

အလွန်ကြီးမားသော မိကျောင်းတစ်ကောင်ပင် ဖြစ်၏။ ယင်းမိကျောင်းမှာ အနည်းဆုံး ခြောက်ပေခန့် ရှည်လျားပေသည်။

ထိုမိကျောင်းမှာ ဦးခေါင်းကို မော့ထားသည်။

သူ၏ နီရဲနေသော မျက်လုံးက လုံးဝေအား စိုက်ကြည့်နေသည်။ မိကျောင်းကြီးမှာ မိုးဖွဲလေးအောက်၌ ပါးစပ်ကြီးကို ဟ၍ ဖြဲထားရာ ချွန်ထက်နေသော သွားရှည်ကြီးများက လျှပ်စီး လက်လိုက်သည့် တစ်ဒင်္ဂအတွင်း ဖြူဖွေးစွာ မြင်တွေ့လိုက်ရသည်။

လုံးဝေ၏ ကျောပြင်တစ်ခုလုံး အေးစိမ့်သွားလေသည်။ သူက ဤကဲ့သို့ မိကျောင်းတစ်ကောင်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ဖူးပါချေ။

လုံးဝေသည် နယ်တကာလှည့်လည်နေသော သိုင်းသမားတစ်ယောက် ဖြစ်၏။ သူက သတ္တိခေသူတစ်ဦး မဟုတ်ပါချေ။

သို့ရာတွင် ဤကဲ့သို့ ညအမှောင်ထဲ၌ ထိတ်လန့်တုန်လှုပ်စရာ မြင်တွေ့ခဲ့ပါလျှင် သဘာဝ၏ ကြောက်ဂိတ်အား မည်သူက တားဆီး ပိတ်ပင်နိုင်ပါမည်နည်း။

သူက ထိတ်လန့် တုန်လှုပ်သွားသည်။ လုံးဝေက အံကို တင်းတင်းကြိတ်လိုက်လေသည်။ သူသည် ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။



ယင်းနောက် လျှပ်တစ်ပြက်ပြေး၍ တောင်အတုပေါ်သို့ ခုန်တက်လိုက်သည်။ သူ၏လက်ထဲမှဓားက လေထဲသို့ မြောက်တက်သွားကာ မိကျောင်းအား ခုတ်ချလိုက်လေသည်။

* * *

လုံးဝေလက်ထဲမှဓားက မိကျောင်း၏ဦးခေါင်းအား ခုတ်ချလိုက်သည်။

'ဒုတ်'

သူ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွား၏။

အကြောင်းမှာ ယင်းမိကျောင်းမှာ တိရစ္ဆာန် မိကျောင်း မဟုတ်ပါချေ။ အလွန်လက်ရာမြောက်သော ပန်းပုရုပ်တစ်ခုသာ ဖြစ်၏။

လုံးဝေ၏ဓားမှာ မိကျောင်း၏ ဦးခေါင်း၌ စိုက်ဝင်နေသည်။

သူက ဓားကိုဆွဲနုတ်၍ ဓားအိမ်ထဲသို့ ပြန်လည် ထည့်ထားလိုက်လေသည်။

ရုတ်တရက် လူထူးလူဆန်းကြီးကို သတိရလိုက်မိသည်။ ယခု သူ့ရှေ့တွင်ရှိနေသော မိကျောင်းကြီးမှာ လူထူးလူဆန်းကြီး၏ မျက်နှာနှင့် တူနေသည်မဟုတ်ပါလော။

ဤကဲ့သို့သော တောင်အတု တစ်လုံးပေါ်၌ ညော်သည့် ရည်ရွယ်ချက်ဖြင့် မိကျောင်းပန်းပုရုပ်အား တင်ထားပါသနည်း။

ထိုအချိန် သူက အဝေးတစ်နေရာမှ မှုန်ပျပျမီးရောင်တစ်ခုအား မြင်တွေ့လိုက်ရသည်။

သူ၏ ခန္ဓာကိုယ်မှာ တောင်အတုပေါ် ရောက်ရှိနေသဖြင့် ထိုမိကျောင်းအား မြင်တွေ့လိုက်ခြင်း ဖြစ်သည်။

ဤကဲ့သို့ မိုးထဲလေထဲ၌ မည်သူက မီးရောင်ထွန်း၍ လမ်းလျှောက်နေပါသနည်း။ ထိုလူက မည်သူဖြစ်ပါသနည်း။

လုံးဝေက အလွန် စိတ်ဝင်စားသွားသည်။

ထို့ကြောင့် သူသည် တောင်အတုပေါ်မှ ခုန်ဆင်းလိုက်လေသည်။ သူက မီးရောင်မြင်ရသောနေရာသို့ ခန့်မှန်း၍ ပြေးလွှား သွားလေသည်။

မြေလှမ်းသုံးဆယ်ခန့် ပြေးလွှားမိသောအခါ အုတ်နံရံတစ်ခု ကာဆီးထားသည်ကို တွေ့လိုက်ရလေသည်။

သူက ယင်းနံရံဆီသို့ လျှောက်သွားလေသည်။



ထိုနံရံအနီးသို့ ရောက်သောအခါ ဝိုင်းစက်သော တံခါးပေါက် တစ်ခုကို တွေ့လိုက်ရ၏။

သူက လက်ဖြင့်တွန်းကြည့်လိုက်ရာ....

'ကျွိ'....

ရှည်လျားသော အသံနှင့်အတူ တံခါးပွင့်သွား၏။လုံးဝေက တံခါးပေါက်ထဲသို့ ဝင်လိုက်သည်။

ထိုအချိန် သူ၏မြင်ကွင်းထဲသို့ နှစ်ထပ်အိမ်ကလေး တစ်လုံးက စတင်ဝင်ရောက်လာ၏။

ယင်းအိမ်ကလေးဆီမှ မီးရောင်များ ဖြာကျနေသည်။လုံးဝေ တောင်အတုပေါ်မှ တွေ့လိုက်ရသောမီးရောင်မှာ ထိုအိမ်ကလေးဆီမှ ထွက်ပေါ်လာသော မီးရောင်ပင် ဖြစ်လေတော့သည်။

* * *

ပတ်ဝန်းကျင်တစ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

မိုးစက် မိုးပေါက်ကလေးများက တဖွဲဖွဲ ကျဆင်းနေသည်။ လေကတဟူးဟူးတိုက်ခိုက်နေဆဲ....

'အူ....ဝူး....ဝူး....ဝူး'

ရုတ်တရက် တောခွေးတစ်ကောင်၏ အူသံက ရှည်လျားစွာ ဆွဲဆွဲငင်ငင် ထွက်ပေါ်လာ၏။

ယခုကဲ့သို့ တိတ်ဆိတ်နေသောပက်ဝန်းကျင်အား တောခွေး အူသံက ဖြိုခွင်းလိုက်သည်။

လုံးဝေ၏ ရင်ထဲတွင် အလွန်ထိတ်လန့်တုန်လှုပ်စွာ ကြက်သီး မွေးညင်းများပင် ထလာသည်။

ဤနေရာ ဤဒေသ ဤအချိန်တွင် ယခုကဲ့သို့ တောခွေး အူသံအား ကြားလိုက်ရပါက မည်မျှသတ္တိကောင်းသော လူဖြစ်စေကာမူ ထိတ်လန့်တုန်လှုပ်သွားမည်သာ ဖြစ်သည်။

'စွပ်....စွပ်....စွပ်'

ရုတ်တရက် မိုးရေစိုစွတ်နေသောလမ်းကို ဖြတ်လျှောက်လာသော ခြေသံတစ်ခုကို ကြားလိုက်ရသည်။

ထို့ကြောင့် သူက သစ်ပင်နောက်သို့ ကပျာကယာ ဝင် ရောက် ပုန်းအောင်းလိုက်လေသည်။

သူက ခြေသံကြားရာသို့ တိတ်တဆိတ် ချောင်းကြည့်လိုက်သည်။

ထိုအခါ....



ဝါးရုံပင်များအကြားမှ အဖြူရောင်အရိပ်တစ်ခု လွင့်မျော လာနေသည်ကို တွေ့ရှိလိုက်ရလေသည်။

ယင်းအဖြူရောင်အရိပ်က အိမ်ရှေ့သို့ ဦးတည်သွားနေခြင်း ဖြစ်သည်။ လုံးဝေက ရင်ထိတ်သွားသည်။

သူ၏ကျောရိုးတစ်ခုလုံး အေးစိမ့်သွားသည်ဟု ခံစားလိုက် ရ၏။ မူလပထမကြားလိုက်ရသော ခွေးအူသံမှာ ယင်းအဖြူ ရောင် အရိပ်အား မြင်တွေ့သိုက်၍လော....။

ဤသို့ဆိုပါက ဤလူရိပ်မှာ လူလော....

သို့တည်းမဟုတ် သရဲတစ္ဆေလော....

အကယ်၍ လုံးဝေက သရဲတစ္ဆေအား လက်ခံယုံကြည်သူ ဖြစ်ပါက ယင်းအဖြူရိပ်အား ဝိညာဉ်တစ်ခု လွင့်မျောလာ ခြင်းဟု ထင်မိပေလိမ့်မည်။

ထိုအဖြူရောင်ရိပ်က တစ်စထက်တစ်စ နီးကပ်လာချေပြီ။ လုံးဝေက သူ၏ရင်ခုန်သံကို ပြန်လည်ကြားနေရသည်။

ထိုအချိန် အဖြူရောင်ရိပ်က သူ့အနီးမှ ဖြတ်သန်းသွား၏။ ယင်းအခါကျမှ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထား သော လူတစ်ယောက် ဖြစ်သည်ကို သိရှိလိုက်၏။

သို့ရာတွင် မိုးဖွဲကလေးများနှင့် ညအမှောင်ရိပ်ကြောင့် ယင်းလူမှာ ယောကျ်ားမိန်းမ ခွဲခြား၍ မတွေ့နိုင်ပါချေ။

တစ်ခဏအကြာ ယင်းလူရုပ်က အိမ်ရှေ့သို့ ရောက်ရှိသွားလေပြီ။ ထိုလူက အိမ်တံခါးကို တွန်းဖွင့်လိုက်သည်။

အိမ်ထဲမှ တံခါးပွင့်သွားသည်နှင့် တစ်ပြိုက်နက် မီးရောင်က ဖြာထွက်လာသည်။

ယင်း ဖြာထွက်လာသော မီးရောင်အောက်၌ အဖြူရောင် လူရုပ်အား ပီပြင်စွာ မြင်တွေ့လိုက်ရသည်။

'ဟင်...'

လုံးဝေမှာ လူရုပ်အား ပီပြင်စွာ မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် နှုတ်ခမ်းဟကာ အာမေဋိတ်သံ တိုးတိုးကလေး ထွက်ပေါ်လာသည်။

အကြောင်းမှာ ယင်းလူ၏ ဝတ်စားဆင်ယင်ပုံမှာ မယ်တော်၏ ပုသဏ္ဌာန်နှင့် တူနေသည် မဟုတ်ပါလော။

* * *

မိုးမှာ တဖွဲဖွဲရွာနေဆဲဖြစ်၏။



အခန်းထဲမှ ဖြာထွက်လာသော မီးရောင်ကြောင့် မိုးဖွဲကလေးများမှာ နှင်းမြူနှင့်တူလှပေသည်။

လုံးဝေက မယ်တော်အဝတ်အစား ဝတ်ဆင်ထားသော လူအား အံ့သြလွန်း၍ ကြည့်နေမိ၏။

ထိုအချိန် ထိုလူက အိပ်ခန်းထဲသို့ လှမ်းဝင်သွားလေသည်။ ယင်းနောက် အခန်းတံခါး ပြန်လည်ပိတ်သွား၏။

အခန်းတံခါးဖွင့်လိုက်စဉ် ဖြာထွက်လာသော မီးရောင်က ကွယ်ပျောက်သွားလေပြီ ဖြစ်သည်။

ထိုအခါကျမှ လုံးဝေက အိမ်မက်မှ လန့်နိုးသူပမာ သတိဝင်လာ၏။ သူက ပုန်းကွယ်ရာမှ ထွက်လိုက်သည်။

ထို့နောက် အိမ်ကြီးဆီသို့ လျင်မြန်စွာ ပြေးကပ်သွားလေသည်။ လုံးဝေမှာ လူငယ်ပီပီ စွန့်စားမှုကို အလွန်ဝါသနာပါသူဖြစ်၏။

ထို့ကြောင့် ယခုကဲ့သို့ ထူးဆန်းသော အဖြစ်အပျက်များအတွက် သူက မကြည့်ဘဲ မနေနိုင်ပါ။

လုံးဝေသည် ငှက်တစ်ကောင်ပမာ အိမ်ကလေးရှိရာသို့ ပြေးလွှား ရောက်ရှိသွားလေသည်။

ထို့နောက် သူက တံခါး၏ ညာဘက်ဘေးရှိ ပြတင်းပေါက်တစ်ခုကို တွေ့မြင်လိုက်သည်။

သူသည် ပြတင်းပေါက်နားသို့ ခြေသံအား ဖွ၍ လျှောက်သွားပြီးလျှင် အနီးသို့ တိုးကပ်၍ နားစွင့်လိုက်သည်။

မည်သည့်လှုပ်ရှားမှုမှ မကြားရပါချေ။ သူက ပြတင်းပေါက်အား ဖွင့်ကြည့်ချင်စိတ်က ထိန်းမရအောင် ပေါ်ထွက်လာသည်။

ထို့ကြောင့် ပြတင်းပေါက်အား ဖွင့်ရန် ပြင်လိုက်စဉ် ပြတင်းပေါက်မှာ မှန်များဖြင့် ပြုလုပ်ထားခြင်းမရှိပေ။

သူက ဝမ်းသာသွားသည်။

အကြောင်းမှာ ပြတင်းပေါက်မှန်နေရာအစား စက္ကူများအား အသုံးပြု တပ်ဆင်ထား၍ဖြစ်၏။

လုံးဝေက မိုးရေများကို တံစက်မြိတ်အောက်၌ လက်ဝါးဖြင့် ခံယူလိုက်သည်။ ထို့နောက် ပြတင်းပေါက်စက္ကူပြင်ပေါ်သို့ ခံယူရရှိသော မိုးရေဖြင့် လောင်းချလိုက်၏။

စက္ကူများမှာ အနည်းငယ် ပျော့စိစိ ဖြစ်သွားလေသည်။ လုံးဝေက လက်ညှိုးဖြင့် စက္ကူအား ထိုးဖောက်လိုက်၏။

အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာသည်။ ယင်းအပေါက်ကလေးမှ အလင်းရောင်တန်းတစ်ခုက အပြင်သို့ ဖြာကျလာသည်။



လုံးဝေက အပေါက်ကလေးမှ အခန်းထဲသို့ ချောင်းကြည့်လိုက်လေသည်။

* * *

သူ စတင် မြင်တွေ့လိုက်ရသောအရာမှာ ဝါးယင်းကာတစ်ခု ဖြစ်သည်။

ယင်းဝါးယင်းကာ၏နောက်ကွယ်တွင် အခန်းတစ်ခုရှိနေ၏။

သန့်ရှင်းသပ်ရပ်သော အခန်းဖြစ်ရမည်ဟု လုံးဝေက မှတ်ချက် ချလိုက်မိသည်။

တံခါးနှင့် မျက်နှာချင်းဆိုင် နံရံတွင် လိုက်ကာတစ်ခု ချထားသည်။ ၎င်းလိုက်ကာပေါ်တွင် ဆေးရောင်စုံဖြင့် ပန်းချီကား ရေးဆွဲထား၏။

အလွန် လက်ရာမြောက်သော ပန်းချီကားတစ်ချပ် ဖြစ်ပါသည်။ ထို့ပြင် ပန်းချီကားမှာ အလွန်ထူးဆန်းနေသည်။

လုံးဝေက ယင်းပန်းချီကားအား သေချာစွာကြည့်လိုက်၏။ သူ၏ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်။

ပန်းချီကားထဲ၌ လူတစ်ပိုင်း မိကျောင်းတစ်ပိုင်း သတ္တဝါတစ်ကောင်က အမျိုးသမီးတစ်ဦးအား ပွေ့ချီထားပြီး ဒီးတောက် မီးလျှံများကြား၌ ရပ်နေသောပုံ ဖြစ်၏။

သူက ဒုတိယအကြိမ် ကျောချမ်းသွားပြန်သည်။ သူသည် ယနေ့တစ်နေ့လုံး မိကျောင်းများနှင့် ကြုံတွေ့ခဲ့ရ၏။

ထို့ကြောင့် ယခုကဲ့သို့ မိကျောင်းတစ်ပိုင်း လူတစ်ပိုင်းက မိန်းကလေးတစ်ယောက်အား ပွေ့ချီထားသည်ကို တွေ့လိုက်ရသောအခါ သူက ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်မှာ မထူးဆန်းပါချေ။

လုံးဝေ စဉ်းစားလိုက်သည်။

'အင်း....မိကျောင်းတစ်ပိုင်း လူတစ်ပိုင်းပုံဟာ ဘယ်သူ့ကို ရည်ညွှန်းပြီး ဆွဲထားတာပါလိမ့်၊ ဟိုလူထူးလူဆန်းကြီးကိုများလား'

သူက ဆက်၍ စဉ်းစားနေပြန်သည်။

'ဒါဆိုရင် သူပွေ့ချီထားတဲ့ မိန်းကလေးကရော ဘယ်သူဖြစ်မလဲ'

သူက ဤသို့ ထူးဆန်းသော အချင်းအရာများကို ပိုမို သိလိုစိတ် ပြင်းပြလာလေတော့သည်။

* * *



မိကျောင်းတစ်ပိုင်း လူတစ်ပိုင်းက မိန်းကလေးအား ပွေ့ချီထားသော ပန်းချီကား....

ယင်းပန်းချီကားရှေ့၌ လူတစ်ယောက်ထိုင်နေ၏။ ထိုလူမှာ သူတွေ့ခဲ့ရသော' မယ်တော်အဝတ်အစား ဝတ်ဆင်ထားသော လူပင်ဖြစ်သည်။

မီးရောင်ကြောင့် ထိုလူက အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း သိရှိလိုက်သည်။ ယင်းအမျိုးသမီးက ပန်းချီကားရှေ့၌ တင်ပျဉ်ခွေ ထိုင်နေသည်။

သူမ၏ရှေ့၌ခုံငယ်ကလေးတစ်ခု ရှိနေ၏။ ယင်းခုံငယ်ပေါ်၌ ကြိုးတပ်တူရိယာတစ်ခု တပ်စဉ်ဆင်ထားလေသည်။

ပန်းပုရုပ်တစ်ခုအား ကြိုးတပ်တူရိယာ၏ ဝဲဘက်နံရံတွင် ထောင်ထားသည်ကို တွေ့လိုက်ရသည်။

ယင်းပန်းပုရုပ်မှာ ကျိယန်းနှင့်တူသော ပန်းပုရုပ်ပင် ဖြစ်သည်။ လုံးဝေ၏ မျက်ခုံးမွေးအစုံက နိမ့်ကျသွားသည်။

သူ၏ မျက်နှာတွင်ဇေဒ္ဒဲမရဟန်၊ အုံ့ဩဟန်များ ပေါ်လွင်နေ၏၊ ကျိယန်း၏ ပုံတူပန်းပုရုပ်အား သယ်ဆောင်လာသူမှာ လူထူးလူဆန်း မြင်းလှည်းသမားပင် ဖြစ်သည်။

ယခု ယင်းကျိယန်းနှင့်တူသော ပန်းပုရုပ်က ဤအခန်း၌ရှိနေလေသည်။ ဤသို့ဆိုလျှင် လူထူးလူဆန်းက အခန်းထဲသို့ လာရောက်သွားသည်မှာ သေချာ၏။

သူက လူထူးလူဆန်းအား ရှာဖွေကြည့်လိုက်သည်။ သို့သော် အခန်းထဲ၌ မယ်တော်ဝတ်စုံနှင့် အမျိုးသမီးမှလွဲ၍ တခြားမည်သူ တစ်စုံတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရပါချေ။

ထိုအချိန် ရုတ်တရက် မယ်တော်အဝတ်အစားနှင့် အမျိုးသမီးက ကြိုးတပ်တူရိယာအား ကောက်ယူလိုက်ကာ စတင်တီးခတ်လိုက်လေတော့သည်။

ကြိုးတပ်တူရိယာပေါ်မှ ထွက်ပေါ်လာသော သံစဉ်များမှာ အလွန်ထူးခြားပြီး နားထောင်သူများအား မေ့မြောစေသည်။

လုံးဝေက နားထောင်ရင်းမှ သူ့ကိုယ်သူပင် မေ့မြောသွားလေတော့သည်။

* * *

တေးသံက ရပ်တန့်သွားလေပြီ....။

သို့သော်လည်း လုံးဝေမှာ ငေးငိုင်နေမိဆဲ ဖြစ်သည်။ ထိုအချိန် အမျိုးသမီးက တတ်တတ်ရပ်လိုက်သည်။



သူမက ငုံ့ထားသော ဦးခေါင်းကို မော့လိုက်လေသည်။ ထို့ကြောင့် သူမ၏မျက်နှာအား လုံးဝေက ပီပြင်ထင်ရှားစွာ မြင်တွေ့လိုက်ရလေသည်။

ယင်းသို့ မြင်တွေ့လိုက်ရသောအခါ....

'ဟင်....'

လုံးဝေ၏ ပါးစပ်ပွင့်ကာ အံ့သြသွားမိလေတော့သည်။

အကြောင်းမှာ ယင်းအမျိုးသမီးသည် ပန်းချီကားထဲမှ လူတစ်ပိုင်း မိကျောင်းတစ်ပိုင်း ပေါ့ချီထားသော အမျိုးသမီး၏ မျက်နှာနှင့် ထပ်တူထပ်မျှ ဖြစ်နေသည်ကို တွေ့ရှိလိုက်ရ၍ ဖြစ်သည်။

သူက ငေးကြောင်၍ ရပ်ကြည့်နေမိ၏။

ရုတ်တရက် သူ၏မြင်ကွင်းထဲသို့ လူတစ်ယောက်က ဝင်ရောက်လာလေသည်။ ယင်းလူက ပြတင်းပေါက်အား ကျောပေး၍ ရပ်နေ၏။

ထို့ကြောင့် သူ၏မျက်နှာအား မမြင်တွေ့ရပါချေ။ သို့ရာတွင် သူ၏ ဝတ်စားဆင်ယင်ပုံနှင့် ကိုယ်လုံးကိုယ်ပေါက်အား ကြည့်လိုက်ရုံဖြင့် ယောကျ်ားတစ်ယောက် ဖြစ်မှန်း သိလိုက်ရသည်။

ထိုလူက အပြာရောင်နှင့် အစိမ်းရောင် ပန်းများထိုးထားသည့် ဝတ်စုံအား ဝတ်ဆင်ထားသည်။

ရုတ်တရက် ထိုလူထံမှအသံထွက်ပေါ်လာသည်။

'ရှောင်ကျူး မင်းကိုငါ သတိရလိုက်တာနော်'

သူက စကားဆိုးသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးနားသို့ ချဉ်းကပ်သွားသည်။

ရုတ်တရက် မီးရောင်က ငြိမ်းသွားလေသည်။ ထိုအချိန် အမျိုးသမီးတစ်ဦး၏ စူးရှသော အော်ဟစ်သံက ထွက်ပေါ်လာလေ၏။

'အား'

တစ်ချိန်တည်းမှာပင် တောခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သောအသံက ပတ်ဝန်းကျင်တစ်ခုလုံးအား တုန်လှုပ်ချောက်ချားသွားစေပါသည်။

လုံးဝေက ထိတ်ခနဲဖြစ်သွားသည်။ သူကအမျိုးသမီးအတွက် အလွန်စိုးရိမ်သွားသည်။

ထို့ကြောင့် ပြတင်းပေါက်အား လက်ဝါးစောင်းဖြင့် ရိုက်ချိုးလိုက်လေသည်။

'ဖတ်'

ဟူသောအသံနှင့်အတူ ပြတင်းပေါက် ကျိုးပဲ့သွားသည်။ လုံးဝေက ပြတင်းပေါက်မှ ခုန်ဝင်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် အခန်းထဲမှ မီးခိုးလုံးတစ်ခုက ထွက်ပေါ်လာ၏။ လုံးဝေက ရင်ထိတ်သွားသည်။



သူက ကပျာကယာ နောက်သို့ တစ်ပတ်ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်၏။

အဖြူရောင် မီးခိုးများထဲ၌ အဆိပ်ငွေ့များ ပါရှိတတ်သည် မဟုတ်ပါလော....

ထို့ကြောင့်လုံးဝေကပြတင်းပေါက်မှဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်အောင် နောက်ကျွမ်းပစ်၍ ခုန်လိုက်ခြင်းဖြစ်သည်။

လုံးဝေ၏ ကိုယ်ခန္ဓာက လေထဲ၌ တစ်ပတ်လည်ကာ မြေကြီးပေါ်သို့ ခြေစုံရပ်၍ ကျသွား၏။

ထိုအချိန် မီးခိုးများက အိမ်တစ်ခုလုံး ဖုံးလွှမ်းသွားလေတော့သည်။

* * *

အတန်ကြာသောအခါ....

မီးခိုးလုံးများ လွင့်ပါးစ ပြုလာချေပြီ။

လုံးဝေမှာမူ မီးခိုးများအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေဆဲပင် ရှိသေးသည်။

သူ၏စိတ်ထဲ၌ တစ်စုံတစ်ယောက်က ယင်းမီးခိုးလုံးကြားထဲမှ ထွက်လာလိမ့်မည်ဟု ထင်ခဲ့နေမိသည်။

အကယ်၍ တစ်စုံတစ်ယောက်က ထွက်လာပါက မြင်နိုင်ရန် လုံးဝေက မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေခြင်း ဖြစ်သည်။

မီးခိုးလုံးများက တစ်စထက်တစ်စ လွင့်ပါး ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့သော်....အိမ်ထဲမှ မည်သူတစ်စုံတစ်ယောက်မှ ထွက်ပေါ်လာခြင်း မရှိသေးပါချေ။

ဤသို့ဆိုလျှင် အိမ်ဝန်းထဲ၌ မည်သို့ ဖြစ်ကုန်ကြပါလိမ့်။ လုံးဝေ၏ စူးစမ်းလိုသော စိတ်ဓာတ်က သူ၏ခြေထောက်များအား အိမ်တံခါးဝဆီသို့ လှမ်းနေစေပါသည်။

ရုတ်တရက် အိမ်တံခါးဝဆီသို့ လှမ်းနေသောခြေလှမ်းများက ရပ်တန့်သွားရလေသည်။

သူ၏အကြားအာရုံထဲ၌ ခြေသံတစ်ခု ဝင်ရောက်လာသောကြောင့် ဖြစ်သည်။

ခြေသံ....

ယင်းခြေသံမှာ နောက်ကျောမှ ကြားလိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် သူက ကပျာကယာ နောက်သို့ လှည့်ကြည့်လိုက်၏။ သူ့ထံသို့ လူရိပ်တစ်ခု ချဉ်းကပ်လာနေကြောင်း တွေ့မြင်လိုက်ရလေသည်။



သူက ယင်းလူရိပ်အား မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။ လူရိပ်ကလည်း သူ့ထံသို့ဦးတည်ရွေ့လျားလာနေဆဲပင်....

လုံးဝေက ဓားကို အသာအယာ ဆွဲထုတ်လိုက်သည်။ ထိုအခါ လူရိပ်က လုံးဝေ၏လက်ထဲမှ ဓားကို မြင်တွေ့သွားဟန်တူသည်။

ယင်းလူရိပ်၏ ခြေလှမ်းက မလှမ်းမကမ်း၌ ရပ်တန့်သွားလေသည်။ ထိုလူရိပ်ဆီမှ အသံထွက်ပေါ်လာ၏။

'ဟေ့....ဓားကိုင်ပြီး ဘာလုပ်နေတာလဲ'

လုံးဝေက ညင်သာသောအသံဖြင့်....

'အထင်မလွဲပါနဲ့ဗျာ၊ ကျုပ်ဟာ ...'

လူရိပ်က စကားဖြတ်မေးလိုက်သည်။

'မင်း ဘယ်သူလဲ'

လုံးဝေက....

'ကျုပ် ဧည့်သည်ပါ'

လူရိပ်က....

'မင်းနာမည်ကို မေးတာကွယ့်'

လုံးဝေက....

‘ခင်ဗျားနာမည်ကော ဘယ်သူလဲ’

လူရိုပ်က ဒေါသထွက်သွားသည်။

‘မင်းပြန်ပြီး မေးစရာမလိုဘူး၊ ငါမေးတာကိုဖြေပါ’

လုံးဝေက ပြုံးလိုက်သည်။

‘ခင်ဗျားက တယ်ဒေါသကြီးတာကိုး၊ အပြန်အလှန်တော့ ရှိရမှာပေါ့ဗျာ တစ်ဖက်သတ်ကြီးတော့ ဘယ်ဖြစ်မလဲ’

လူရိုပ်က ပိုမိုဒေါသထွက်လာလေသည်။

‘ဟော့ကောင် မင်းက အချိန်မတော် ဓားကိုင်ပြီး သူမျ ခြံဝင်းထဲလဲ ခိုးဝင်သေးတယ် စကားကိုလဲ မချေမငံ ပြောသေ တယ်’

သူက ဆက်ပြောလိုက်သည်။

‘မင်းကို ကြည့်ရတာ လူဆိုးတစ်ယောက် ဖြစ်ရမယ်၊ မင် လက်ထဲက ဓားကိုချပြီး အေးအေးဆေးဆေး အဖမ်းခံပါ’

လုံးဝေက ပြုံးလိုက်ပြန်၏။

‘ကျုပ်က အဖမ်းမခံဘူးဆိုရင်ကော’

လူရိုပ်က ပါးစပ်ပိတ်သွားသည်။



သို့သော် ယင်းလူရိုပ်မှ လုံးဝေ၏အနားသို့ ရိပ်ခနဲ ရောက်လာလေသည်။ သူ၏လက်ထဲ၌ သံကြိုးတစ်ချောင်း ပါရှိလာသည်ကို တွေ့ရှိလိုက်ရသည်။

သူသည် လုံးဝေအား ထိုသံကြိုးဖြင့် ရိုက်ချလိုက်သည်။ လုံးဝေက လက်ထဲမှဓားဖြင့် ဆီး၍ခံပေးလိုက်၏။

‘ခြွင်’

ဟူသော အသံနှင့်အတူ မီးပွင့်လေးများ ဖြာထွက်လာသည်။

သူတို့နှစ်ယောက်က သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေ၏။ လူရိုပ်၏ သိုင်းပညာမှာ အဆင့်မနိမ့်ပါချေ။

သူတို့သည် အတန်ကြာအောင် တိုက်ခိုက်လာပြီးသောအခါ လူရိုပ်က စိတ်မရှည်တော့ပါချေ။

သူက တိုက်ကွက်အား ပြောင်းလိုက်၏။ ထိုလူရိုပ်က တစ်ဆက်တည်း သိုင်းကွက်(၄)ကွက်ဖြင့် ဆက်တိုက် တိုက်ခိုက်လိုက်လေသည်။

လုံးဝေက ယင်းသိုင်းကွက်အား နောက်ပြန် ခုန်ထွက်ကာ ရှောင်တိမ်းလိုက်၏။

သူက အားရပါးရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....မင်းနဲ့ငါ မတွေ့ရတဲ့ သုံးနှစ်အတွင်းမှာ မင်းရဲ့ နှုတ်သီးကြားလမ်းညွှန် သိုင်းကွက်က ပိုပြီးတိုးတက်လာပါလား'

လူရုပ်၏ တိုက်ခိုက်မှုက တခဏ ရပ်တန့်သွားသည်။ ထို့နောက် အံ့သြသောလေသံဖြင့်....

'မဖိုးဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

လုံးဝေက....

'ငါဘယ်သူလဲဆိုတာမင်း အသံကို မမှတ်မိတော့ဘူးလား'

လူရုပ်ထံမှ အသံထွက်ပေါ်လာခြင်း မရှိပါချေ။

လုံးဝေက ပြုံးလိုက်သည်။

သူက အိတ်ထဲမှ တင်စုံတစ်ရာကို နှိုက်ယူလိုက်၏။ သူနှိုက်ယူလိုက်သော အရာမှာ ငွေရောင်တောက်နေသော မီးခြစ်တစ်လုံးဖြစ်သည်။

'ခြစ်'

ဟူသော အသံနှင့်အတူ မီးရောင် ထွက်ပေါ်လာသည်။



မီးခြစ်မှ အလင်းရောင် အားနည်းသော်လည်း မှိန်ပျပျ မီးရောင်အောက်၌ လုံးဝေ၏မျက်နှာအား ထိုလူက ပီပြင်စွာ မြင်တွေ့လိုက်သည်။

ထို့အတူအားနည်းလှသောအလင်းရောင်အောက်၌ လူရုပ်၏ မျက်နှာကိုလည်း လုံးဝေက ပီပြင်စွာမြင်တွေ့လိုက်၏။

ထိုလူရုပ်၏ မျက်နှာမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများ ပြည့်နှက်နေလေသည်။

သူ၏အသားအရေ မျက်နှာပုံစံမှာ ကြမ်းတမ်း ခက်ထန်လှပေသည်။ သူ၏ ခန္ဓာကိုယ်ပေါ်၌ အဝတ်အစားများမှာ မင်းမှုတမ်းများ ဝတ်လေ့ရှိသော ဝတ်စုံရှိနေ၏။

သူ၏ မျက်လုံးအစုံက မှေးနေသော်လည်း စူးရှတောက်ပြောင်လွန်းလှသည်။ သူက လုံးဝေအား အံ့သြစွာဖြင့် စိုက်ကြည့်ရင်းမှ...

'လုံးဝေ'

ဟု အားပါးတရ ခေါ်လိုက်လေသည်။

လုံးဝေက ပြုံးလိုက်သည်။

'သိပ်ဟုတ်တာပေါ့၊ မင်းမှတ်မိပြီလား'

သူက မီးခြစ်အား ပြန်လည် သိမ်းဆည်းလိုက်၏။ မီးခြစ်မှ အလင်းရောင် ပျောက်ကွယ်သွားသောအခါ....

ပတ်ဝန်းကျင် တစ်ခုလုံး ပြန်လည် မှောင်ပိန်းသွားပြန်၏။ လုံးဝေသည် ဓားအိမ်ထဲသို့ ဓားကိုထည့်လိုက်ပြီး ဖြစ်လေသည်။

ထိုလူရိပ်ကလည်း သူ၏လက်ထဲမှ သံကြိုးအား ခါးတွင် ပြန်လည်ချိတ်လိုက်ရင်းမှ....

'မင်းက သံရက်သားနဲ့ ဘာလို့ တိုက်ခိုက်ရတာလဲ'

ဟု မေးလိုက်လေသည်။

လုံးဝေက ပြုံး၍....

'ငါက အမှောင်ထဲမှာဆိုတော့ မင်းမှန်း ဘယ်သိမလဲကွ၊ နောက်တော့မှ မင်းနဲ့တိုက်ခိုက်ရင်း နတ်သိကြား သိုင်းကွက် တိုက်ခိုက်လာတာ တွေ့တော့မှ ငါ့သူငယ်ချင်း လူဆိုးထိန်းကြီး ထိန်ဟုန်ဆိုတာ သိတာကွ'

ဟု ပြန်ပြောလိုက်၏။

ထိန်ဟုန်က အားပါးတရ ရယ်မောရင်းမှ ပြောလိုက်သည်။

'ဟား....ဟား ...ဟား....ဒါကြောင့် မင်းက အသာက ရှောင်တိမ်းသွားနိုင်တာကိုး'

လုံးဝေက ရယ်မောလိုက်လေသည်။

'မရှောင်တိမ်းလို့ ဖြစ်မလားကွ၊ ငါ့ခေါင်းက မင်းသံ လောက်မှမမာဘဲ၊ ဘယ်အထိခံလို့ ဖြစ်ပါ့မလဲ'



ထို့နောက် တိတ်ဆိတ်သော ပတ်ဝန်းကျင်တစ်ခုလုံး သူတို့နှစ်ယောက်၏ရယ်မောသံများ ဖြင့်ဖုံးလွှမ်းသွားလေတော့သည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

လူဆိုးထိန်း ထိန်ဟုန်....။

လူဆိုးထိန်း ထိန်ဟုန်မှာ လုံးဝေ၏ ငယ်သူငယ်ချင်း ဖြစ်ပေသည်။ သူတို့နှစ်ယောက်က ငယ်စဉ်ကလေးဘဝမှစ၍ တပူးတွဲတွဲ နေထိုင်ခဲ့ကြသည်။

တစ်ယောက်နှင့် တစ်ယောက် အပျောက်မခံဘဲ ညီအစ်ကို အရင်းတမျှ ချစ်ခင်ခဲ့ကြသူများ ဖြစ်၏။

ကြီးပြင်းလာသောအခါ လုံးဝေသည် သိုင်းသမား တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သည်။

ထို့အတူ ထိန်ဟုန်ကလည်း နာမည်ကြီး လူဆိုးထိန်းတစ်ဦး ဖြစ်လာခဲ့သည်။ သူတို့နှစ်ယောက်စလုံးမှာ ဥပဒေကို လေးစားယုံကြည်ကြလေသည်။

ထို့ကြောင့် လုံးဝေမှာ သိုင်းလောက၌ မတရားမှုမှန်သမျှ ဖယ်ရှားသုတ်သင်ပစ်သော အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်လာခဲ့သည့်အလျောက်....

ထိန်ဟုန်သည်လည်း နာမည်ကျော် လူသိုးထိန်းတစ်ယောက် အဖြစ် ကျော်ကြားလာခဲ့၏။

ဤသို့ ကျော်ကြားလာခြင်းမှာ သူသည် ရရှိလာသော အာဏာအား အလွဲသုံးစား မပြုလုပ်ခဲ့သည့်အပြင် မတရားမှု များကို စက်ဆုပ် ရွံရှာမုန်းတီးခဲ့သည်။

ထို့ကြောင့် သူက အမှန်တရားကို တိကျစွာ ဆောင်ရွက်ခဲ့လေသည်။ ထို့ပြင် သူ၏ ထက်မြက်လှသော နတ်သိကြား လမ်းညွှန် သိုင်းကွက်ကြောင့် ပို၍ကျော်ကြား လူသိများခဲ့ကြလေသည်။

* * *

လုံးဝေနှင့် ထိန်ဟုန်တို့က တစ်ဦးနှင့်တစ်ဦး ပခုံးဖက်လိုက်ကြသည်။ လုံးဝေက ထိန်ဟုန်အား စိုက်ကြည့်ရင်းမှ....

'ဟေ့....ထိန်ဟုန်၊ မင်းက ညဘက်ကြီး ဒီကိုဘာလာလုပ်တာလဲကွ'

ဟု မေးလိုက်လေသည်။



ထိန်ဟုန်၏ မျက်ခုံးအစုံနှစ်ဖက် ကော့တက်သွားသည်။

'ဟ... ဒီဒေါင်းဖိုဒေါင်းမ ရုပ်တုဟာ ငါ့ရဲ့ပိုင်နက်လေကွာ၊ ငါက တစ်နှစ်မှာ သုံးလာလောက်က ဒီမှာတာဝန်ကျတယ်ကွ'

သူက လုံးဝေပခုံးပေါ်မှလက်အား ဖြုတ်ချလိုက်သည်။ ထို့နောက် လုံးဝေအား စိုက်ကြည့်ရင်း မေးလိုက်သည်။

'ဒါနဲ့ မင်းက ဒီကို မိုးထဲလေထဲ ဘာလာလုပ်တာလဲကွ'

'ဟေ....ဘာဖြစ်လို့လဲကွ'

လုံးဝေက အံ့သြသွား၏။

လုံးဝေက ဖြစ်ပျက် မြင်တွေ့ခဲ့ရသမျှတို့အား အကြောင်းစုံ ပြန်လည် ပြောပြလိုက်သည်။

ထိန်ဟုန်က သူပြောသမျှကိုအာရုံစူးစိုက်စွာဖြင့် နားထောင် နေ၏။ သူက အတန်ကြာအောင် စဉ်းစားနေပြီးမှ...

'နေဦးလုံးဝေ၊ မင်းကို ငါမေးချင်တယ်'

လုံးဝေက....

'မေးလေ'

ထိန်ဟုန်က....

'မင်းနေရာမှာ တခြားလူတစ်ယောက် အခုလိုလာပြောရင် ငါက ရူးလို့ပြောနေတာလို့ ထင်မှာပဲ၊ လုံးဝ ယုံမှာမဟုတ်ဘူး ကွ၊ ဒါပေမယ့် မင်းအကြောင်းကို ငါက သိနေလေတော့....'

လုံးဝေက ကြားဖြတ်ပြောလိုက်သည်။

'မင်းက ယုံတယ်ပေါ့'

ထိန်ဟုန်က ခေါင်းကို ဖြေးလေးစွာ ခါယမ်းလိုက်၏။

'အမှန်အတိုင်းပြောရရင် ငါက သိပ်ပြီး ယုံချင်ပါတယ် ကွာ၊ ဒါပေမယ့်....'

လုံးဝေက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ထိန်ဟုန်က....

'ယုံရမှာ ခက်နေလွန်းတယ်ကွာ'

လုံးဝေက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

'ဟူး....ငါကတော့ အမှန်အတိုင်း ပြောတာပါ၊ မင်းက မယုံဘူးဆိုတော့လဲ ငါက ဘယ်တတ်နိုင်မှာလဲ၊ ဒါနဲ့ မင်း မေးမယ်ဆိုတာ ဘာလဲ'

ထိန်ဟုန်က အတန်ကြာ စဉ်းစားနေပြီးမှ မေးလိုက်သည်။



'မင်းပြောတာက မိကျောင်းနဲ့ တူတဲ့ လူထူးလူဆန်းက မြို့ထဲကို ဝင်လာတယ်ဟုတ်လား'

လုံးဝေက...

'ဟုတ်တယ်'

ထိန်ဟုန်က....

'ဒါပေမယ့် မင်းဒီမြို့ဝင်းထဲရောက်တော့ မတွေ့ရတော့ဘူး ဟုတ်လား'

လုံးဝေက ခေါင်းညိတ်ပြလိုက်သည်။

ထိန်ဟုန်က....

'နောက်တော့ မယ်တော်လို ဝတ်ထားတဲ့ အမျိုးသမီး တစ်ယောက် တွေ့ရတယ် ဟုတ်လား'

လုံးဝေက....

'အင်း'

ထိန်ဟုန်က....

'အဲဒီ အမျိုးသမီးက အိမ်ထဲဝင်သွားတယ် ဟုတ်လား'

လုံးဝေက....

'ဟုတ်တယ်လေ'

ထိန်ဟုန်က....

'သူ့ကို ပြတင်းပေါက်ကနေ ချောင်းကြည့်တော့ အဲ့ဒီ အမျိုးသမီးက ကြိုးတပ်တူရိယာကို တီးတယ်၊ သီချင်းတစ်ပုဒ် ဆုံးတော့ လူတစ်ယောက်ရောက်လာတယ် ဟုတ်လား'

လုံးဝေက....

'ဟုတ်တယ်၊ အဲဒီလူဟာ အပြာရောင်နဲ့ အစိမ်းရောင်ပန်း ပွင့် ထိုးထားတဲ့ အင်္ကျီကို ဝတ်ထားတယ်'

ထိန်ဟုန်က ခေါင်းညိတ်၍....

'ထားပါတော့လေ၊ အဲ ဒီနောက် မီး ငြိမ်းသွားတယ်၊ တစ်ဆက်တည်း အမျိုးသမီးရဲ့ အော်သံကြားတယ် ဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

ထိန်ဟုန်က ဆက်ပြောလိုက်သည်။

'ဒီတော့ မင်းက ပြတင်းပေါက်ကနေ အထဲဝင်မယ် လုပ် တုန်း မီးခိုးလုံးတွေ ထွက်လာတယ်၊ ဒါနဲ့ မင်းက ရှော င် လိုက်တယ်'

လုံးဝေက....



'အေး ဒီအတိုင်းပဲ'

ထိန်ဟုန်က လုံးဝေအား စိုက်ကြည့်လိုက်သည်။

သူ့အကြည့်မှာ လုံးဝေအား စူးစမ်း ဝေဖန်နေသော အကြည့်မျိုး ဖြစ်နေ၏။ လုံးဝေကလည်း သူ့ကို ပြန်လည်စိုက် ကြည့်လိုက်သည်။

'ဘာလဲ မင်းက ငါ့ကို ရှုးနေပြီထင်လို့လား'

ထိန်ဟုန်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'အမှန်ပဲ'

လုံးဝေက....

'ငါမရူးဘူးကွ'

ထိန်ဟုန်က....

'မရူးဘူးဆိုရင် မျက်စိမှုန်လို့ ဖြစ်မှာပေါ့'

လုံးဝေက မိမိမျက်စိအား ထိုးပြရင်း ထိန်ဟုန်အနီးသို့ ချဉ်းကပ်၍ ဒေါသသံဖြင့် ပြောလိုက်သည်။

'ဟေ့ကောင် ထိန်ဟုန်၊ ငါ့မျက်စိကို သေချာကြည့်စမ်း၊ နောက်တပ် အနှစ်သုံးဆယ်လောက်အထိ ကောင်းလိမ့်မယ်လို့ ငါပြောရဲတယ်၊ ဘာလဲ မင်းက ငါ့ကို သံသယရှိနေလို့လား'

ထိန်ဟုန်က ဘာမှပြန်မပြောပါချေ။

အတန်ကြာအောင် သူက စဉ်းစားနေရာမှ....

‘ဒီမှာ လုံးဝေ ငါတို့ အထဲဝင်ကြည့်ကြရအောင်’

လုံးဝေက ခေါင်းကို ဆတ်ခနဲညိတ်ရင်းမှ....

‘ဟေ့ အကောင်းဆုံးပဲ’

ဟု ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်မှာ အိမ်ကလေးဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းဝင်သွားလေတော့သည်။

## မဟူရာအကြောင်း

လုံးဝေနှင့် ထိန်ဟုန်တို့နှစ်ဦးက အိမ်ကလေးရှေ့ ရောက်သောအခါ ပြိုင်တူ ရပ်တန့်သွား၏။

သူတို့က သတိကြီးစွာဖြင့် အိမ်ထဲသို့ နားစွင့်လိုက်၏။ သို့ရာတွင် တစ်စုံတစ်ရာ လှုပ်ရှားသံကိုမျှ မကြားရပါချေ။

ထိန်ဟုန်က တံခါးရွက်ပေါ်မှ သံကွင်းအား ဆွဲလှုပ်ရင်း....

‘အိမ်ရှင်တို့....ဗျို့ အိမ်ရှင်တို့’

ဟု အော်ခေါ်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ခန်းထဲမှ တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိပါချေ။ ထိန်ဟုန်က ထပ်မံ အော်ခေါ်လိုက်သည်။

'ဟော့ အထဲမှာ ဘယ်သူရှိသလဲ၊ မေးနေတာ မကြားဘူးလား'

ဤတစ်ကြိမ်လည်း လုံးဝ ပြန်မှု မရှိပါချေ။ ထိန်ဟုန်နှင့် လုံးဝေတို့က တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူ ကြည့်လိုက်ကြသည်။

လုံးဝေက တံခါးရွက်အား တွန်းဖွင့်လိုက်သည်။

'ကျွီ....'

သော့ခတ်ထားခြင်းမရှိသော တံခါးက ရှည်လျားသော အသံနှင့်အတူ ပွင့်သွားလေသည်။

အခန်းထဲ၌ မီးရောင်မရှိပါချေ။ထို့ကြောင့် အခန်းမှာအပြင်ဘက်ထက် မှောင်မည်းနေ၏။

သူတို့နှစ်ယောက်က သတိကြီးစွာထား၍ အိမ်ခန်းထဲသို့ ဝင်လိုက်သည်။ ထိန်ဟုန်က လုံးဝေနားကပ်၍ လေသံဖြင့်...

'မီးခြစ် ခြစ်လိုက်လေကွာ'

လုံးဝေက အိတ်ထဲမှ မီးခြစ်ကို ထုတ်၍ခြစ်လိုက်၏။

'ခြစ်....'

ဟူသောအသံနှင့်အတူ မီးတောက်ကလေး ထွက်ပေါ်လာသည်။



မှောင်မည်းနေသော အခန်းအား မှေးမှိန်သော အလင်းရောင်က လွှမ်းမိုးသွားသည်။

ယင်းအလင်းရောင်အောက်၌ အခန်း၏ အနေအထားကို သူတို့ တွေ့မြင်လိုက်ရ၏။

အခန်းထဲ၌ တစ်စုံတစ်ယောက်မှ မရှိပါချေ။ မီးအိမ် တစ်လုံးအား အခန်း၏ အလယ်တည့်တည့်၌ ချိတ်ဆွဲထားသည်ကို တွေ့မြင်လိုက်ရသည်။

လုံးဝေက ယင်းမီးအိမ်ကလေးအား လက်ထဲမှ မီးခြစ်နှင့် ထွန်းညှိလိုက်သည်။

ထိုအခါ မီးရောင်အောက်၌ အခန်းကို ပီပြင်စွာဖြင့် တွေ့လိုက်ရလေသည်။ လုံးဝေက မယ်တော်အဝတ်အစား ဝတ်ဆင်ထားသော အမျိုးသမီး ထိုင်ခဲ့သည့်နေရာအား လှမ်းကြည့်လိုက်လေသည်။

သူမ မရှိတော့ပါချေ။

အမျိုးသမီး မရှိနေရုံမက သူမတီးခတ်ခဲ့သော ကြူးတပ်ဂူရိယာကိုလည်း မတွေ့ရှိတော့ပါ။

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

သူက တစ်စုံတစ်ခုကိုသတိရလိုက်သည်။ ကျိယန်း၏ပုံတူ သစ်သားရုပ် ဖြစ်သည်။

သူက ကြိုးတပ်ဘူရိယာ၏ ဝဲဘက်နံရံတွင် ထောင်ထားခဲ့သော ကျိယန်းပုံတူ ပန်းပုရုပ်အား လှမ်းကြည့်လိုက်သည်။

ထို ကျိယန်းပုံတူ ပန်းပုရုပ်ကလည်း ရှိမနေတော့ပါချေ။ လုံးဝေက မကျေမနပ် ဖြစ်လာသည်။

သူသည် မိကျောင်းတစ်ပိုင်း လူတစ်ပိုင်း ပန်းချီကားအား သတိရလာသည်။

သူက ယင်းပန်းချီကားနေရာသို့ ကြည့်လိုက်သောအခါ လိုက်ကာ တစ်ခုအား တွေ့ရှိလိုက်ရသည်။

သို့သော်...လိုက်ကာပေါ်မှ ပန်းချီကားမှာမူ မရှိတော့ပါ၊ ပန်းချီကားအစား အပြာရောင် လိုက်ကာကိုသာ တွေ့မြင်နေရလေသည်။

လုံးဝေက ယင်းလိုက်ကာအား လက်ညှိုးထိုးပြရင်းမှ....

'ဟေ့ ထိန်ဟုန် ဒီလိုက်ကာပေါ်က ပန်းချီကား ဘယ်ရောက်သွားပြီလဲကွ'

ထိန်ဟုန်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'အာ...ဘာကွ...၊ မင်းငါ့ကို ဘာပြောလိုက်တာလဲ'

လုံးဝေက....



'ဒီလိုက်ကာပေါ်မှာ မိကျောင်းတစ်ပိုင်းလူတစ်ပိုင်းသတ္တဝါ အမျိုးသမီးတစ်ယောက်ကို ပွေ့ချီထားတဲ့ ပန်းချီကားရေးထားတာ တွေ့တယ်ကွ၊ အခု မရှိတော့ဘူး'

ထိန်ဟုန်က မျက်လုံးပြူး၍ လုံးဝေအား စိုက်ကြည့်လိုက်သည်။

'မင်းက ငါ့ကို ဘာတွေ လာမေးနေတာလဲ၊ ရော...မင်းကြည့်ရတာ ဒီနေ့ နေမကောင်းဘူးနဲ့တူတယ် သူငယ်ချင်း...'

လုံးဝေက ပါးစပ်ပိတ်ထားလိုက်ရလေသည်။

သူက လိုက်ကာ အပြာရောင်ဆီသို့ မကျေမနပ်ဖြင့် ထပ်မံကြည့်လိုက်လေသည်။ သူ၏ မျက်လုံးအစုံက ပြူးကျယ်သွားသည်။

အကြောင်းမှာ အပြာရောင် လိုက်ကာပေါ်၌ အနီရောင် အစက်ကလေးများကို မြင်တွေ့လိုက်၍ဖြစ်၏။

လုံးဝေက ထိန်ဟုန်အား ညွှန်ပြလိုက်သည်။

'ဟေ့ ထိန်ဟုန်....ဟိုမှာကြည့်စမ်း'

ထိန်ဟုန်က လုံးဝေညွှန်ပြရာသို့ သေချာစွာကြည့်လိုက်၏။

'ဟင်...ဒါ....ဒါ....သွေးစက်တွေပဲကွ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါသွေးစက်ပဲ၊ ဒီပုံစံဆိုရင် ဘာစုံတစ်ယောက်က တစ်ခုခု ဖြစ်ပြီထင်တယ်'

ထိုအချိန်....

'ခွီး'

ဟူသော မာန်ဖီသံနှင့်အတူ မဟူရာရောင်တောက်နေသော ကြောင်နက်ကြီးတစ်ကောင်အား ထုပ်တန်းပေါ်၌ မြင်တွေ့လိုက်ရလေသည်။

လုံးဝေနှင့်ထိန်ဟုန်တို့က သွေးစက်များအား စိတ်ဝင်စားစွာကြည့်နေစဉ် ရုတ်တရက် ထွက်ပေါ်လာသော မာန်ဖီသံကြောင့် ထိတ်လန့် တုန်လှုပ် သွားကြ၏။

ထိုအချိန် ကြောင်နက်ကြီးက ထုပ်တန်းပေါ်မှ ခုန်ဆင်းလာသည်။ ကြောင်နက်ကြီး၏ ပါးစပ်၌ တစ်စုံတစ်ရာကို ကိုက်ချီလာသည်ကို တွေ့ရှိလိုက်ရသည်။

လုံးဝေက....

'သူဘာကို ချီလာတာလဲ မသိဘူးကွ'

ထိန်ဟုန်သည် ကြောင်အား ခြေထောက်ဖြင့်ကန်ထုတ်လိုက်လေသည်။



ကြောင်နက်ကြီးက....

'ခွီး'

ခနဲ တစ်ချက် အော်မြည်လိုက်ပြီးနောက်....

ပါးစပ်ထဲ၌ ကိုက်ချီလာသော အရာဝတ္ထုအား ချ၍ ထွက်ပြေးသွားလေတော့သည်။

လုံးဝေနှင့် ထိန်ဟုန်တို့က ယင်းအရာဝတ္ထုအား သေချာစွာ စိုက်ကြည့်လိုက်သည်။ သွေးများဖြင့် လူးနေသော ကြွက်တစ်ကောင် ဖြစ်၏။

ထိန်ဟုန်က တဟားဟား အော်ရယ်လိုက်သည်။

'ဟား....ဟား....ဟား၊ ကြွက်သေကြီးကွ၊ ဒီလိုက်ကာပေါ်က သွေးစက်တွေကလဲ သူ့သွေးတွေပဲ ဖြစ်လိမ့်မယ်ကွ၊ ဟား... ဟား....ဟား....'

သူက သဘောကျစွာ ရယ်မောနေစဉ် ရုတ်တရက် မိုးငြိမ်းသွားလေသည်။ အခန်းတစ်ခုလုံး ရုတ်ခြည်း မည်းမှောင်သွားလေပြီ။

ထိန်ဟုန်က အော်ဟစ်လိုက်သည်။

'ဟေ့....ဘာဖြစ်တာလဲကွ'

လုံးဝေက ပြုံးလိုက်သည်။

'မင်းကလဲ အသံပြုကြီးနဲ့အော်လိုက်တာကွာ၊ မီးငြိမ်းတာပဲ၊ မီးအိမ်ထဲမှာ ဆီကုန်သွားလို့ ဖြစ်မှာပေါ့'

ထိန်ဟုန်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကဲ...တို့သွားကြပါစို့ကွာ၊ ဒီခြံထဲမှာ လူမနေတာနဲ့ တူပါတယ်'

လုံးဝေက မကျေနပ်သလို ခံစားလိုက်ရသော်လည်း မတတ်နိုင်တော့ပါ။

'မင်းသဘောပဲလေ'

သူတို့နှစ်ယောက်က အိမ်ထဲမှပြန်ထွက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ရုတ်တရက် အိမ်၏အပြင်မှ ထူးဆန်းသော အရာတစ်ခုအား မြင်တွေ့လိုက်ရလေတော့သည်။

သူတို့နှစ်ယောက်စလုံး ခြေလှမ်းရပ်တန့်သွား၏။

## မီးအိမ်ကလေး

မီးအိမ်ကလေးတစ်လုံး သစ်ပင်များကြား၌ တရွေ့ရွေ့ဖြင့် ရွေ့လျားလာနေသည်။

ယင်းမီးအိမ်ကလေးမှာ အိမ်ကလေးဆီသို့ ဦးတည်၍လာနေခြင်းဖြစ်၏။ လုံးဝေနှင့်ထိန်ဟုန်တို့နှစ်ဦးက ယင်းမီးအိမ်ကလေးအား ငေးမော ကြည့်ရှုနေမိလေသည်။

ထို့နောက် သူတို့က သတိကြီးစွာထားရင်း အိမ်ထဲမှ လှမ်းထွက်လိုက်လေသည်။ သူတို့၏စိတ်ထဲ၌ မီးအိမ်ကလေးမှာ လေထဲ၌ ပျံဝဲ၍ လာနေသည်လောဟု ထင်မှတ်မိလိုက်သည်။

ရုတ်တရက် မီးအိမ်ကလေးက သူတို့နှင့်မလှမ်းမကမ်း၌ ရပ်တန့်သွား၏။ ယခုမှ သူတို့က မီးအိမ်ရွေ့လျားလာခြင်းမဟုတ်မှန်း သိလိုက်ရလေသည်။

မီးအိမ်ပိုင်ရှင်မှာ အဘွားအိုတစ်ယောက် ဖြစ်သည်။ လုံးဝေနှင့် ထိန်ဟုန်တို့မှာ ထိုအဘွားအိုအား မီးအိမ်၏ အလင်းရောင်အောက်မှာ မြင်တွေ့လိုက်ရသည်။

အဘွားအို၏အသက်မှာ ခြောက်ဆယ်ကျော်ခန့် ရှိသည်။ သူမက အဖြူရောင် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

သူမ၏ အဝတ်အစားများကဲ့သို့ သူမ၏ မျက်နှာမှာလည်း ဖြူဖွေး၍ နေလေသည်။ ထို့ပြင် ဖြူဖွေးသောဆံပင်များကို ဖားလျားချထားသဖြင့် လေထဲ၌ ဝဲပျံ၍နေလေသည်။

လူလောကထဲ၌ နှစ်ပေါင်းခြောက်ဆယ်ကျော်ခန့် ဖြတ်သန်းခဲ့ရသောဘဝ၏ အတွေ့အကြုံများက သူမ၏ မျက်နှာပေါ်၌ အရေးအစင်းကြောင်းများအဖြစ် ထင်ရှားစွာ တွေ့မြင်နေရလေသည်။

လုံးဝေသည် သတ္တိကောင်းသူတစ်ဦး ဖြစ်၏။ ထို့အတူ ထိန်ဟုန်မှာလည်း ကြောက်စိတ်ကင်းမဲ့သူတစ်ဦး ဖြစ်ပေသည်။

သို့တိုင်အောင် သူတို့နှစ်ယောက်က ယင်းအဘွားအိုအား မြင်တွေ့လိုက်မိသောအခါ ရင်ထဲ၌ အနည်းငယ် ထိတ်လန့်တုန်လှုပ်သွားမိကြလေသည်။



လုံးဝေ၏စိတ်ထဲ၌ ယင်းအဘွားအိုအား ယခုလို ညအမှောင်ထုထဲ၌ မြင်တွေ့လိုက်သောအခါ ဒဏ္ဍာရီစာအုပ်ထဲမှ သူငယ်စဉ်အခါက ဖတ်ခဲ့ဖူးသော စုန်းမကြီးကို တွေ့မြင်လိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

သူက ရင်ထိတ်သွားသည်။

ထိုစဉ် အဘွားအိုက မီးအိမ်အား အနည်းငယ် မြှောက်လိုက်ကာ တုန်ရင်သော လေသံဖြင့်....

'ဟေ့ မင်းတို့ ဘယ်သူတွေလဲ'

ဟု မေးလာသည်။

ထိန်ဟုန်က အဘွားအိုအား ပြုံးပြရင်းမှ....

'ကျွန်တော်တို့က လူဆိုးထိန်းတွေပါ၊ သူကတော့ ကျွန်တော့်သူငယ်ချင်း လုံးဝေပါ'

အဘွားအိုက မျက်မှောင်ကြုတ်သွားသည်။

'လူဆိုးထိန်းကြီးလား၊ ဒီကို အချိန်မတော် ဘာလာလုပ်တာလဲကွယ့်'

ထိန်ဟုန်က ပါးစပ်ဟ၍ အဖြေပေးမည်အပြုတွင် လုံးဝေက ဝင်ရောက်ပြောဆိုလိုက်သည်။

'အဘွားက ဒီမှာနေတာလား'

အဘွားအိုက...

'ဟုတ်တယ်'

ထိန်ဟုန်က...

'ဒီခြံဝင်းက လူမနေသလိုဘဲ'

အဘွားအို မျက်နှာ အနည်းငယ်တင်းမာသွား၏။

'ဘာဖြစ်လို့လဲ၊ လူနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ မင်းနဲ့ ဘာဆိုင်လို့လဲ'

လုံးဝေက ပြုံးလိုက်သည်။

'ဒီခြံဝင်းရဲ့ အခြေအနေကို သိချင်လို့ပါ'

အဘွားအိုက မျက်မှောင်ကြုတ်၍....

'ဒီခြံက ဘာဖြစ်နေလို့လဲ'

လုံးဝေက ပြုံးလိုက်သည်။

'ဘာမှမဖြစ်ပါဘူး၊ ဒီခြံထဲမှာ မိကျောင်းနဲ့တူတဲ့လူ ရှိနေသလားလို့ပါ'

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။



'ဘာတွေ လာမေးနေတာလဲ'

လုံးဝေက...

'ဒီခြံထဲမှာ မိကျောင်းနဲ့တူတဲ့ လူထူးလူဆန်း တစ်ယောက် ရှိသလားလို့ မေးနေတာပါ'

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'မရှိဘူး'

လုံးဝေက ပြုံး၍....

'ရှိတယ်'

အဘွားအိုက မျက်မှောင်ကြုတ်သွားပြန်သည်။

'ဒီမှာ ငါက ဒီခြံထဲမှာ နေတာကွ၊ မင်းက ဘာဖြစ်လို့ ရှိတယ်လို့ ပြောနေရတာလဲ'

လုံးဝေက....

'ကျွန်တော် မျက်စိနဲ့ တပ်အပ် တွေ့ခဲ့လို့ပါ'

အဘွားအိုက အံ့သြသွားဟန်ဖြင့်....

'ဒီခြံထဲမှာလား'

လုံးဝေက…

'ဟုတ်ပါတယ်၊ ခြံရဲ့ နောက်ဘက်တံခါးကနေ အဲဒီလူ ဝင်သွားတာ တွေ့လိုက်ရပါတယ်'

အဘွားအိုက အတန်ကြာအောင် စဉ်းစားနေ၏။

'အင်း.... နောက်ဘက်ခြံဝင်းကို သော့မခတ်ထားမိဘူးနဲ့ တူတယ်'

လုံးဝေက....

'ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်လဲ အဲဒီနောက်ဘက်တံခါးကပဲ ဝင်ရောက်ခဲ့တာပါ'

အဘွားအိုက....

'ဒါဆိုရင် သူခိုးဖြစ်ရမယ်၊ သူ့ကို မဖမ်းထားဘူးလား'

လုံးဝေက....

'မဖမ်းမိဘူးခင်ဗျ၊ ကျွန်တော်တို့ ရောက်တော့လဲ သူမရှိတော့ဘူး၊ ဒီအိမ်ထဲက မီးရောင်ပဲ တွေ့ရတော့တယ်'

အဘွားအို၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'မီးရောင် ဟုတ်လား'



လုံးဝေက....

'ဟုတ်ကဲ့'

အဘွားအိုက....

'ဘယ်သူ ထွန်းထားတာလဲ'

လုံးဝေက....

'မသိဘူးခင်ဗျ'

အဘွားအိုက အတန်ကြာအောင် စဉ်းစားနေသည်။ လုံးဝေနှင့် ထိန်ဟုန်တို့ကလည်း သူ့အား စိုက်ကြည့်နေ၏။

သူတို့အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ လေတဟူးဟူး တိုက်ခတ်နေဆဲပင်....

'အဘွားအို၏ မီးအိမ်ထဲမှ မီးစာက အနည်းငယ် ယိမ်းနွဲ့နေသည်။ မိုးစက်မိုးပေါက်ကလေးများကလည်း တဖွဲဖွဲ ကျနေဆဲပင်....

မီးပုံးအိမ်၏ ခေါင်မိုးကလေးမှာ မိုးစက်နှင့် ထိတွေ့သံက တထောက်ထောက် မြည်နေသံမှအပ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။

ယင်းတိတ်ဆိတ်မှုကို အဘွားအိုက စတင်ဖြို ခွင်းလိုက်၏။

'မင်းတို့ရောက်တော့ ဘယ်သူမှ မတွေ့ရဘူးလား'

လုံးဝေက....

'အမျိုးသမီးတစ်ယောက်တော့ တွေ့တယ်'

အဘွားအိုက ထအော်လိုက်သည်။

'ဘာ အမျိုးသမီးတစ်ယောက် ဟုတ်လား'

လုံးဝေက ခေါင်းညိတ်၍....

'ဟုတ်ကဲ့၊ မယ်တော်လို ဝတ်ထားတဲ့ အမျိုးသမီး တစ်ယောက်ပါ'

အဘွားအိုမှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူမ၏နှုတ်မှ....

'ဘုရား....ဘုရား'

ဟု လွှတ်ခနဲ တလိုက်လေသည်။

'အခု....သူ....သူ ဘယ်မှာလဲ'

လုံးဝေက သက်ပြင်းတစ်ချက် ချလိုက်သည်။

အိပ်ခန်းထဲဝင်ပြီး တူရိယာတီးနေတာ....



အဘွားအို၏မျက်နှာမှာ သရဲတစ္ဆေ မြင်တော့လိုက်သည့်အလား ထိတ်လန့်တုန်လှုပ်၍သွားလေသည်။

'ဒါ....ဒါဖြင့် စောစောက ကြားလိုက်ရတဲ့အသံဟာ သူ....သူတီးလို့ ထွက်ပေါ်လာတဲ့ အသံပေါ့ ဟုတ်လား'

လုံးဝေက အဘွားအိုအား စိုက်ကြည့်လိုက်သည်။

'အဘွား သူ့ကိုသိတယ် ဟုတ်လား'

အဘွားအိုထံမှ အသံမထွက်လာပါ။

လုံးဝေက ထပ်မံ မေးလိုက်သည်။

'အဘွား....သူဘယ်သူလဲဟင်'

အဘွားအိုက လုံးဝေ မေးခွန်းကို မဖြေပါ။

သူမက ထပ်ဆင့်၍ မေးလိုက်သည်။

'သူ....သူ....တူရိယာကို တီးပြီးတော့ မီးခိုးလုံးဖြစ်သွားတယ် မဟုတ်လား'

လုံးဝေက ခေါင်းကမျာကယာ ညိတ်လိုက်သည်။

'ဟုတ်ကဲ့ မြင်လိုက်ပါတယ်'

အဘွားအိုက မည်သည့်စကားကိုမျှ ပြန်လည်မပြောတော့ပါချေ။ သူမ၏ ပါးစပ်မှ....

'ဘုရား....ဘုရား'

ဟူ၍ တတွတ်တွတ် ရေရွတ်ရင်းမှ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။ လုံးဝေက ဟန့်တားချိန်ပင် မရတော့ပါချေ။

ညဦးနက်သန်းခေါင် မိုးထဲလေထဲ၌ တစ်ယောက်တည်း လျှောက်သွားနေသော အဘွားအိုမှာ....

ဤမယ်တော် အဝတ်အစား ဝတ်ဆင်ထားသော အမျိုးသမီးအား တွေ့လိုက်သည်ဟု ပြောလိုက်မိသဖြင့် ယခုကဲ့သို့ ထိတ်လန့်တုန်လှုပ်စွာဖြင့် ထွက်ပြေးသွားစေရန် မည်သို့သော လွှမ်းမိုးမှုများ ရှိနေပါသနည်း။

ထိုသို့ဆိုလျှင်ဤခြံဝင်း၌ စိတ်ဝင်စားဖွယ်ရာများ ပြည့်နှက်၍ နေသည်မှာ အမှန်ပင်ဖြစ်သည်ဟု လုံးဝေက မှတ်ချက်ချလိုက်မိလေတော့သည်။

*        *        *

လုံးဝေက စဉ်းစားတွေဝေစွာ ရပ်နေရာမှ ရုတ်တရက် သတိပြန်လည် ဝင်လာလေသည်။



လုံးဝေက....

'ဘွားဘွား....ဘွားဘွား'

ဟု လှမ်းခေါ်ရင်း အဘွားအိုနောက်သို့ လိုက်မည်အပြုတွင် ထိန်ဟုန်က သူ၏လက်အား ဖမ်းဆွဲလိုက်လေသည်။

'လိုက်မနေပါနဲ့တော့ကွာ၊ သူ့ကိုကြည့်ရတာ တော်တော်လေး ကြောက်နေပုံရတယ်၊ အခုမေးလဲ သူဘာမှ ပြောဖို့မှာ မဟုတ်တော့ပါဘူး'

လုံးဝေက စိတ်လျှော့လိုက်ရလေသည်။

သူက သက်ပြင်းတစ်ချက် ချရင်းမှ....

'အခု ကျုပ်တို့ဘာလုပ်ကြမလဲ'

ထိန်ဟုန်က သူ့အား ပြုံးပြလိုက်သည်။

သူ့အပြုံးမှာ နှစ်သိမ့်အားပေးသော အပြုံးမျိုး ပါဝင်နေ၏။ သူက ပြုံးပြရင်းမှ....

'ပြန်ကြပါစို့ကွာ၊ မနက်ဖြန်မှလာပြီး မေးကြပါစို့'

လုံးဝေက....

'ဖြစ်ပါ့မလား'

ထိန်ဟုန်က....

'ဖြစ်ပါတယ်ကွာ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ဒါဖြင့် ပြန်ကြတာပေါ့'

ထိန်ဟုန်က တစ်စုံတစ်ခုကို သတိရလာ၏။

'ဩော်....လုံးဝေ၊ မင်းက ဒါနဲ့ ဘယ်ပြန်မှာလဲ'

လုံးဝေက ပြုံးလိုက်၏။

'ကျုပ်က ညှော်သည်ပဲဗျာ၊ ကျိယန်းအိမ်မှာ သွားတည်းရမှာပေါ့ဗျာ'

ထိန်ဟုန်က မျက်မှောင်ကြုတ်သွားသည်။

'ကျိယန်း ဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

ထိန်ဟုန်က....

'ကျိယန်းဆိုတာ ဘယ်သူလဲကွ'

'လုံးဝေက....



'ထင်းရှောင်ရဲ့ သမီးလေ'

ထိန်ဟုန်က အတန်ကြာအောင် စဉ်းစားနေ၏။

'မင်းပြောတာ ဓားသမား ထင်းရှောင်မဟုတ်လား'

လုံးဝေက....

'ဟုတ်တယ်၊ သူ့ကို ဓားသမားထင်းရှောင်လို့ ခေါ်ကြပါတယ်'

ထိန်ဟုန်က တစ်စုံတစ်ရာကို စဉ်းစားနေသည်။

'ဒါနဲ့ နေပါဦးကွ၊ ကျိယန်းနဲ့မင်း ဘယ်လိုပတ်သက် နေသလဲ'

လုံးဝေက ပြုံးပြလိုက်သည်။

'ကျုပ်ရဲ့ ဇနီးလောင်းလေ'

ထိန်ဟုန်က ပြုံးလိုက်ရင်းမှ....

'ဘာလဲ၊ မင်းဘက်က သေချာနေတာလား'

လုံးဝေ၏မျက်နှာ နီရဲသွားသည်။

'ဟာ....မင်းကလဲ ကျုပ်နဲ့ကျိယန်းက စေ့စပ်ပြီးပြီကွ'

ထိန်ဟုန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ....

'အင်း....ဒါကြောင့် မင်းကအမြစ်သည်းနေတာကိုးကွ၊ကဲ....ကဲ....သွားပါတော့ကွာ၊ ထင်းရှောင်က ဟိုဘက်ခြံမှာ နေတယ်နဲ့တူတယ်'

လုံးဝေက....

'ဟုတ်တယ်ကွ၊ ဒီကနေကြည့်ရင်တောင် တွေ့ရပါတယ်ကွာ'

ထိန်ဟုန်က....

'ကဲ....ကဲ....သွားပေတော့ သူငယ်ချင်းရေ'

သူ၏စကားဆုံးသည်နှင့် လုံးဝေက တစ်ဖက်ခြံရှိရာသို့ မြင်းကိုဆွဲလျက် ထွက်ခွာသွား၏။

ထိန့်ဟုန်ကလည်း လုံးဝေနှင့် ဆန့်ကျင်ဘက်နေရာသို့ လမ်းခွဲထွက်ခွာသွားလေတော့သည်။

## ချစ်သူ့ဂေဟာ

မိုးဖွဲကလေးများ တဖွဲဖွဲ ကျဆင်းနေဆဲပင်။

လုံးဝေမှာ သူ၏မြင်းကိုဆွဲလျက် ထင်းခြံဝပ်းဘက်သို့ ထွက်လာခဲ့လေသည်။

သူက အနည်းငယ်လျှောက်ပြီးသောအခါ လမ်းတစ်ဆစ်ချိုးကလေး နှစ်ခုအား ချိုးကွေ့လိုက်သောအခါ....

သူသည် ထင်းခြံ ဝင်းထဲသို့ ရောက်ရှိသွားလေပြီ ဖြစ်၏။ လုံးဝေက ထင်းခြံဝင်းရှေ့၌ ခြေစုံရပ်တန့်ကာ အတန်ကြာအောင် တွေဝေစွာ ကြည့်လိုက်သည်။

သူက သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ ချလိုက်သည်။ ထို့နောက် သုံးထပ်မျှသာရှိသော ကျောက်လှေကားပေါ်သို့ လှမ်းတက်လိုက်သည်။

အိမ်မှာ တံခါးပိတ်ထားလေသည်။ လုံးဝေက တံခါးခေါက်လိုက်သည်။ သို့သော် တံခါးမှာ ပွင့်မလာပါချေ။

လုံးဝေက ဒုတိယအကြိမ် ထပ်မံ တံခါးခေါက်လိုက်ပြန်သည်။ ဤတစ်ကြိမ်လည်း မထူးခြားပါချေ။

လုံးဝေက တတိယအကြိမ်အဖြစ် တံခါးအား ခပ်ပြင်းပြင်း ခေါက်လိုက်၏။ တတိယမြောက် တံခါးခေါက်လိုက်ချိန် တံခါးရွက်က ပွင့်ဟသွားသည်။

ယင်းတံခါးဝ၌ အဘိုးအိုတစ်ဦးရပ်နေသည်ကို မြင်တွေ့လိုက်ရ၏။ အဘိုးအို၏လက်ထဲ၌ မီးအိမ်တစ်လုံး ကိုင်ဆောင်ထားလေသည်။

သူက လုံးဝေရှေ့၌ လက်ထဲမှမီးအိမ်ကို မြှောက်လိုက်လေသည်။

'ဘယ်သူလဲဟေ့'

လုံးဝေက....

'ကျွန်တော်ပါ ဘဘဝူး'



အဘိုးအိုက....

'ကျွန်တော်ဆိုတာ ဘယ်သူလဲကွ'

လုံးဝေက....

'လုံးဝေပါ ဘဘ'

'လုံးဝေ ဟုတ်လား'

အဘိုးအို၏နှုတ်မှ ရေရွတ်သံနှင့်အတူ မီးအိမ်အား ပိုမိုမြှောက်လိုက်လေသည်။

သူက လုံးဝေမျက်နှာအား ပီပြင်စွာမြင်တွေ့နိုင်စေရန် မီးအိမ်အား လုံးဝေ၏ရှေ့သို့ တိုးကပ်လိုက်၏။

မီးအိမ်မှ မီးရောင်ကြောင့် ပြုံးနေသော လုံးဝေ၏မျက်နှာအား ပီပြင်စွာ မြင်တွေ့လိုက်ရလေသည်။

အဘိုးအိုက လုံးဝေ၏ မျက်နှာအား ပီပြင်စွာမြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းသာအားရဖြင့်....

'ဟာ....သခင်လေးလုံးဝေပါလား၊ လာ....လာ'

ဟု ပျာပျာသလဲ ခရီးဦးကြိုဆို နှုတ်ဆက်လိုက်လေသည်။

ယင်းအဘိုးအိုမှာ ထင်းခြံဝင်း၏ အိမ်တော်ထိန်း ဖြစ်သည်။ ထို့ပြင် လုံးဝေနှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်၏။

လုံးဝေက အဘိုးအိုအား ပြုံးပြလိုက်သည်။

'ဘဘကို အချိန်မတော်နှောင့်ယှက်မိတာကို ခွင့်လွှတ်ပါဦး'

အဘိုးအိုက လက်တစ်ဖက်မြှောက်ပြရင်းမှ ကြားဖြတ်ပြောလိုက်သည်။

'အို....သခင်လေးကလဲ ဒီလောက်ကလေးနဲ့ ဘဘအတွက် ဘာမှမဖြစ်သွားပါဘူး'

အဘိုးအိုက စကားဆုံးသောအခါ လုံးဝေလက်ထဲမှ မြင်းစက်ကြိုးအား ဆွဲယူလိုက်လေသည်။

'အင်း....သုံးနှစ်လောက် မတွေ့တာနဲ့ လူလေးဟာ ပိုပြီးယောကျ်ားပီသလာသလိုပါပဲ'

လုံးဝေက စကားတစ်ခွန်းမှ ပြန်မပြောပါချေ။ သို့ရာတွင် သူ၏မျက်နှာ၌ ကျေနပ်စွာ ပြုံးနေသည်။

အဘိုးအိုက စကားဆက်၍ပြောလိုက်သည်။

'သခင်လေး ထွက်သွားတာ သုံးနှစ်လောက် အချိန်အတွင်းမှာ ဘာဖြစ်လို့ ဒီကိုတစ်ခေါက်မှ မလာရတာလဲကွယ့်၊ ကျုပ်တို့သခင်မလေးကဖြင့် မျှော်လိုက်တာ ပြောမနေပါနဲ့တော့'

လုံးဝေရင်ထဲ၌ ကျေနပ်စွာ ပြုံးလိုက်ပြန်သည်။

'သခင်မလေးကော နေကောင်းရဲ့လား'



အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ်ကွယ်၊ သခင်လေးကိုပဲ တမ်းတနေတာ'

လုံးဝေက....

'အခုကော သူအိပ်နေပြီလား'

အဘိုးအိုက....

'အခု သူမရှိဘူးကွယ့်'

လုံးဝေ၏ မျက်ခုံးအစုံ ပင့်တက်သွား၏။

'ဟင်....သူဘယ်သွားလို့လဲ'

အဘိုးအိုက....

'ကနေ့မနက်စောစောကမှ သူ့ဘွားဘွားဆီကို သွားတယ်၊ ကနေ့ည ဟိုမှာပဲအိပ်မယ်လို့ ပြောသွားပါတယ်'

လုံးဝေက....

'ဪ....ဟုတ်လား၊ ဟိုမှာလဲ အေးအေးချမ်းချမ်းပဲ မဟုတ်လား'

အဘိုးအိုက....

'အေးချမ်းပါတယ်'

လုံးဝေရင်ထဲ၌ ဘဝင်မကျဖြစ်သွားသည်။

အဘယ့်ကြောင့်မှန်းမသိ ရင်ထဲ၌ လေးလံသွားမိ၏။

'ကျီယန်း အိမ်မှာမရှိဘူးတဲ့'

'သူက ဘာဖြစ်လို့ ကနေ့မှ အိမ်က ထွက်သွားရတာပါလိမ့်'

သူက ကျိတ်၍ စဉ်းစားနေမိသည်။

လွန်ခဲ့သောရက်သတ္တပတ်ဆီကပင် သူက လူကြုံနှင့် ကျီယန်းထံသို့ စာတစ်စောင် ပေးပို့ခဲ့သည် မဟုတ်ပါလော။

ယင်းစာထဲ၌ ကနေ့သူရောက်ရှိလာမည့်အကြောင်း ကြိုတင်အကြောင်းကြားခဲ့သေးသည်။

အမှန်တွင် သူမက သုံးနှစ်တာ ခွဲခွာခဲ့ရသော ချစ်သူအား အိမ်ပေါက်ဝမှ ဆီးကြိုဧည့်ခံရမည်ဖြစ်သည်။

ယခုတွင်မူ ကျီယန်းတစ်ယောက် အိမ်၌ရှိမနေခြင်းမှာ အံ့ဩစရာ ကောင်းလှပေသည်။

သူ၏အတွေးများက ရှုပ်ယှက်ခတ်နေမိသည်။ ထိုစဉ် အဘိုးအို၏ အသံက ထပ်မံထွက်ပေါ်လာသည်။



'သခင်မလေးမရှိပေမယ့် သခင်လေးကတော့ ရှိနေပါတယ်၊ သူ့ကို သွားတွေ့ဦးမလား'

လုံးဝေက အိပ်မက်မှ လန့်နိုးလာသူပမာ ခေါင်းကို ဆတ်ခနဲ ညိတ်ရင်းမှ....

'ကောင်းသားပဲ၊ သူအိပ်နေမလားမသိဘူး'

ဟု အလိုက်သင့် ဖြေလိုက်ရလေသည်။

အဘိုးအိုက....

'သူမအိပ်သေးပါဘူး၊ စောစောလေးကတင်ပဲ သူ့အခန်းထဲမှာ မီးရောင်တွေ့ပါသေးတယ်'

လုံးဝေက....

'ဒါဖြင့် ကျွန်တော်သွားတွေ့လိုက်ဦးမယ်'

အဘိုးအိုက ..

'ကောင်းပြီ၊ သခင်လေး စာဖတ်ခန်းကို သွားတတ်တယ် မဟုတ်လား'

လုံးဝေက....

'ဟုတ်ကဲ့၊ သုံးနှစ်ဆိုတဲ့ အချိန်လေးမှာ ကျွန်တော် မမေ့သေးပါဘူး'

သူက လွန်ခဲ့သော သုံးနှစ်ကျော်ဆီက ထိုစာဖတ်ခန်းထဲသို့ မကြာခဏ ရောက်ခဲ့ဖူးသည် မဟုတ်ပါလော။

အဘိုးအိုက....

'ကောင်းပြီ၊ ဒါဖြင့် ကျုပ်က မြင်းကို နေရာချပေးလိုက်ဦးမယ်၊ နောက်မှ သခင်လေးအတွက် အိပ်ခန်းရှင်းပေးမယ်'

လုံးဝေက....

'ကောင်းပါပြီဗျာ'

အဘိုးအိုက....

'အရင်နေထိုင်တဲ့အခန်းကို သဘောကျတယ် မဟုတ်လား'

လုံးဝေက....

'ကောင်းပါတယ်'

လုံးဝေက ပြောရင်း အနောက်ဆောင်ဆီသို့ ခြေလှမ်းပြင်လိုက်စဉ် အဘိုးအို၏အသံက ထွက်ပေါ်လာသည်။

'ဩော်....သခင်လေး အဝတ်အစားလဲဖို့အတွက် အဝတ်တစ်စုံ ထုတ်ထားပေးလိုက်မယ်နော်'

လုံးဝေက ခေါင်းညိတ်ရင်းမှ အနောက်ဘက် အဆောင်ဆီသို့ ထွက်ခွာလာခဲ့လေသည်။



စာဖတ်ခန်းမှာ အနောက်ဘက်အဆောင်၌ တည်ရှိနေသည် မဟုတ်ပါလော။

* * *

အပြင်ဘက်၌ မိုးတဖွဲဖွဲ ကျနေဆဲပင်။

လေပြည်တစ်ချက် တိုက်လိုက်စဉ်ပင် ထိပ်ကအရွက်များမှ အောက်သို့ ကြွေကျသွား၏။

လုံးဝေက အနောက်ဘက်အဆောင်ဆီသို့ လျှောက်သွား၏။ ယင်းအဆောင်၏ အလယ်၌ စာဖတ်ခန်းက ရှိနေသည်မဟုတ်ပါလော။

လုံးဝေက အဆောင်ထဲသို့ ခြေလှမ်းပြင်လိုက်စဉ် သူတွေ့ဆုံရသမျှအားလုံး သိကျွမ်းနေသည်ဟု ခံစားလိုက်မိလေသည်။

အကြောင်းမှာ ဤနေရာသို့ သူက ပထမဆုံးအကြိမ် ရောက်နေခြင်း မဟုတ်ပါချေ။

ဤနေရာမှ သုံးနှစ်ခန့် ခွဲခွာခဲ့ရသော်လည်း ဟိုတစ်ချိန်တုန်းက ဤနေရာသို့ အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည် မဟုတ်ပါလော။

သို့ရာတွင် ယခုအကြိမ် ရောက်ရှိလာသောအခါ သူ၏စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ ခံစားနေရပြီလေသည်။

အဘယ့်ကြောင့်ဆိုသော် ဤအဆောက်အအုံ၏ ဆောက်လုပ်ထားပုံမှာ တစ်ဖက်ခြံသို့ သူရောက်ရှိခဲ့သော အဆောင်နှင့် ခပ်ဆင်ဆင် တူနေ၍ဖြစ်၏။

အဝင်ဝ၌ လဝန်းသဏ္ဌာန်ရှိသော တံခါးပေါက် ရှိသည်။ ယင်းတံခါးပေါက်ထဲ ဝင်လိုက်သည်နှင့်ပန်းပင်များ၊ ကံ့ကော်ပင်များ ရှိနေ၏။

တစ်ဖက်ခြံမှာလည်း ဤအတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ပန်းပင်များအစား ဝါးပင်များက နေရာယူထားကြလေသည်။

နေရာအနေအထား ပြောင်းပြန် ဖြစ်နေရုံမှလွဲ၍ အားလုံး အတူတူချည်းပင် ဖြစ်သည်။

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

ဤခြံဝင်းနှစ်ခုမှာ တစ်ခုက အရှေ့ဘက်၊ တစ်ခုကအနောက်ဘက်သာ ကွာဝေးသည်။



ထိုသို့ဆိုလျှင် ခြံဝင်းနှစ်ခုကြား၌ ဝါးပင်နှင့် အုတ်နံရံတာ သာ ခြားနားထားသည် မဟုတ်ပါလော။

လုံးဝေက ပို၍သေချာစေရန် အုတ်နံရံအား ကျော်သွား၍ သွားလိုသောဆန္ဒက ပို၍ပြင်းပြလာသည်။

သို့သော် သူက စိတ်ကိုထိန်းချုပ်ထားလိုက်ရလေသည်။

* * *

စာဖတ်ခန်း....

စာဖတ်ခန်းမှ အလင်းရောင်က ဖြာထွက်နေသည်။

အခန်းတံခါးမှာလည်း အနည်းငယ် ဟနေ၏။

လုံးဝေက အခန်းရှေ့၌ ရပ်တန့်နေသည်မှာ အနည်းငယ်ကြာသွားပြီ ဖြစ်၏။ သို့သော် မည်သည့် လှုပ်ရှားမှု မကြားရပါချေ။

လုံးဝေ အခန်းတံခါး ခေါက်လိုက်သည်။

'ဒေါက်...ဒေါက်...ဒေါက်'

အခန်းထဲမှ မည်သည့်လှုပ်ရှားမှုမှ မရှိသဖြင့် သူက အခန်းတံခါးအား တွန်းဖွင့်လိုက်သည်။

ထို့နောက် အခန်းထဲသို့ ဝင်လိုက်၏။ စာဖတ်ခန်းထဲ၌ လူမရှိပါချေ။ ထင်းရှောင် တစ်ယောက် မည်သည့် နေရာသို့ ထွက်ခွာသွားပါသနည်း။

အခန်း၏ အနောက်ဘက် နံရံနှင့် ကပ်လျက် သုံးဆစ်ချိုးလိုက်ကာတစ်ခု ရှိနေသည်။

ထိုလိုက်ကာပေါ်၌ ပန်းချီတစ်ခု ဆွဲထားသည်။ ဗျိုင်းဖြူတစ်ကောင်နှင့် ထင်းရှူးပင်တစ်ပင်၏ ပုံဖြစ်သည်။

ယင်းထင်းရှူးပင်၏ ထိပ်ဖျား၌ လဝန်းတစ်ခု ရေးဆွဲထား၏။ ထိုပန်းချီကားအား ခြုံကြည့်လိုက်ပါက လွမ်းဆွတ် ဆွေးမြည့်ဖွယ်ရာ ကောင်းလှပေသည်။

လုံးဝေက လိုက်ကာနောက်သို့ လျှောက်သွားသည်။

လိုက်ကာ၏အတွင်းဘက်မှာလည်း လူသူတစ်စုံတစ်ယောက်မှ မရှိပါချေ။

'ငါက သံသယများ ဖြစ်နေတာလား'



သူက မိမိကိုယ်မိမိ အပြစ်တင်လိုက်သည်။

သူက အခန်းအား ဝေ့ကြည့်လိုက်သည်။ စားပွဲပေါ်၌ စာရွက်တစ်ရွက် ဖြန့်ထားကာ နံဘေး၌ စုတ်တံတစ်ချောင်း ရှိနေ၏။

သူက စားပွဲရှိရာသို့ လျှောက်သွားမိပြန်သည်။ ထို့နောက် စားပွဲပေါ်မှ စာရွက်အား ငုံ့ကြည့်လိုက်သည်။

စာရွက်ပေါ်၌ ကဗျာများ ရေးသားထားသည်ကို တွေ့ရှိလိုက်၏။ မင်များမှာ ခြောက်ပင်မခြောက်သေးပါချေ။

ကဗျာ၏ နောက်ဆုံးပိုဒ်မှာ စာလုံးများပင် မဆုံးသေးပါ လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

ထင်းရှောင် ကဗျာရေးနေရာမှ မည်သည့်အရေးပေါ်ကိစ္စကြောင့် ယခုကဲ့သို့ တစ်ပိုင်းတစ်စထား၍ ထွက်သွားရပါသနည်း။

သူက စဉ်းစားနေစဉ် သူ့နောက်မှ အသံတစ်ခု ကြားလိုက်ရသည်။ လုံးဝေက နောက်သို့လှည့်ကြည့်လိုက်သောအခါ...

လိုက်ကာအနီး၌ လူတစ်ယောက်က အေးစက်သော မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်နေသည်ကို တွေ့ရှိလိုက်ရ၏။

ထိုလူမှာ အသက် ငါးဆယ်ကျော်ခန့် ရှိသည်။ ကိုယ်ခန္ဓာ ပိန်ပိန်ပါးပါးဖြစ်၏။ သူ၏ မျက်လုံးအစုံက ဓားသွားပမာ ထက်မြက်စူးရှနေသည်။

သူ၏ကိုယ်ပေါ်၌ အပြာရောင်နှင့် အစိမ်းရောင် ပန်းထိုးထားသော အင်္ကျီရှည်အား ဝတ်ဆင်ထားသည်။

လုံးဝေက အံ့သြမင်တက်သွားမိ၏။ ဤလူကား ကိုယ်ဖော့ပညာ ထူးချွန်ကာ ဓားပါရဂူဟု တင်စားလောက်သော ထင်းရှောင်ပင် ဖြစ်လေတော့သည်။

* * *

ဤနေရာမှာ ထင်းရှောင်၏ စာဖတ်ခန်းဖြစ်သည်။

ထင်းရှောင်စာဖတ်ခန်း၌ သူ့အားတွေ့ရသည်မှာ မဆန်း ပါချေ။

လုံးဝေ အံ့သြနေခြင်းမှာ ထင်းရှောင် မည်သည့်နေရာမှ ရောက်ရှိလာသည်ကို မစဉ်းစားတတ်၍ဖြစ်၏။



သူက အခန်းတံခါးဘက်သို့ မျက်နှာမူ၍ ရပ်နေခြင်း ဖြစ်လေသည်။ မည်သူမဆို အခန်းတံခါးမှ ဝင်ရောက်လာပါက သူက မြင်တွေ့နိုင်မည်သာ ဖြစ်၏။

ယခုမှာမူ ထင်းရှောင်ထွက်ပေါ်လာသည့်နေရာအား သူက လုံးဝမစဉ်းစားတတ်အောင် ဖြစ်ခဲ့ရလေသည်။

စာဖတ်ခန်း၏ ပြတင်းပေါက်မှာ ပွင့်နေသည်။ သို့ရာတွင် ထင်းရှောင်က ပြတင်းပေါက်မှ ဝင်ရောက်လာခြင်း မဟုတ်ကြောင်း သူက သိရှိနေသည်။

ဤသို့ဆိုလျှင် ထင်းရှောင်က မည်သည့်နေရာမှ ဝင်ရောက်လာပါသနည်း။ ထင်းရှောင်၏ ထွက်ပေါ်လာပုံမှာ လိုက်ကာနောက်မှ လွဲ၍ တခြားမည်သည့်နေရာမှ မဖြစ်နိုင်ပါချေ။

သို့သော် လုံးဝေက လိုက်ကာနောက်သို့ သေချာစွာ ကြည့်ရှုခဲ့သေးသည် မဟုတ်ပါလော...

ထိုသို့ ကြည့်ရှုစဉ်က လိုက်ကာနောက်၌ မည်သူ တစ်စုံတစ်ယောက်ကိုမျှ သူကမတွေ့ခဲ့ပါချေ။

ဤသို့ဆိုလျှင် အလွန်စဉ်းစားရခက်နေလေပြီ။

* * *

လုံးဝေက အံ့ဩနေမိသည်။

ထင်းရှောင်ကလည်း အံ့ဩနေ၏။

လုံးဝေအား သူ၏စာဖတ်ခန်းထဲ၌ တွေ့ရလိမ့်မည်ဟု သူက မမျှော်လင့်ခဲ့ပါချေ။

'ဟေ့ လုံးဝေ'

ထင်းရှောင်က ဝမ်းသာအံ့ဩစွာဖြင့် ခေါ်လိုက်ခြင်းဖြစ်၏။

'ဟုတ်ပါတယ် ဦးလေး'

လုံးဝေက ဂါရဝပြုရင်း ပြန်လည်ဖြေကြားလိုက်၏။ ထင်းရှောင်က....

'မင်း ဘယ်တုန်းက ရောက်သလဲ'

လုံးဝေက....

'မကြာသေးပါဘူး ဦးလေး'

ထင်းရှောင်က....

'မင်းက ဘာဖြစ်လို့ ကျိယန်းကို ကြိုတင် အကြောင်းမကြားရတာလဲကွ'

လုံးဝေက ပြုံး၍....



'ကြားပါတယ် ဦးလေး၊ လွန်ခဲ့တဲ့ ရက်သတ္တပတ်ထဲက လူကြုံနဲ့ ကျွန်တော် စာပို့လိုက်ပါတယ်ဗျာ'

ထင်းရှောင်က ...

'ဟုတ်လား၊ သူက ဘာမှမပြောပါလား'

သူက ယင်းသို့ စကားပြောနေသော်လည်း လွန်ခဲ့သော သုံးနှစ်ခန့်တုန်းကကဲ့သို့ လိုက်လိုက်သွဲ့သွဲ့ မရှိလှသည်ကို လုံးဝေ ခံစားသိရှိနေ၏။

ထင်းရှောင်မှာ လွန်ခဲ့သောသုံးနှစ်တုန်းကထက် အနည်းငယ် အိုမင်းရင့်ရော်လာသည်။

သူ၏ မျက်လုံးအစုံမှာ တစ်စုံတစ်ခုကို စိုးရိမ်သည့် အရိပ်အယောင်များ ဝှက်ထားသည်ကို တွေ့မြင်နေရ၏။

လုံးဝေက အမှတ်မထင်ဘဲ ထင်းရှောင်၏ ခန္ဓာကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အင်္ကျီရှည်ပေါ်သို့ ရောက်ရှိသွား၏။

သူ၏ရင်ထဲ၌ ထိတ်ခနဲခုန်သွားသည်။ တစ်ဖက်ခြံ အဆောင်၌ သူတွေ့ဆုံခဲ့သောသူသည် ယခုကဲ့သို့ အပြာရောင်ပန်းနှင့် အစိမ်းရောင် ပန်းများပါရှိသော အင်္ကျီအား ဝတ်ဆင်ထားသည်ကို သတိရလိုက်၍ ဖြစ်၏။

သူ၏ စူးရှသော မျက်ဝန်းအကြည့်က ထင်းရှောင်၏ ဝဲဘက်လက်ပေါ်မှအဝတ်ပတ်တီးဖြင့် စည်းကျပ်ထားသည်ကို တွေ့မြင်လိုက်သည်။

'ဦးလေးရဲ့လက်က ဘာဖြစ်သွားသလဲ'

သူက လွှတ်ခနဲ မေးလိုက်မိခြင်း ဖြစ်သည်။

ထင်းရှောင်က ကြောင်အမ်းအမ်း ဖြစ်သွား၏။ သူ၏မျက်နှာမှာလည်း ကွက်ခနဲ ပျက်သွားသည်။

'ဟို...ဟို...ဓားသွေးရင်း လက်ထိသွားလို့ပါ'

လုံးဝေရင်ထဲမှ သံသယမှာ ပိုမိုကြီးထွားလာ၏။ ဤကဲ့သို့ ညအချိန်၌ ဓားသွေးသည်မှာ သဘာဝမကျဘဲဖြစ်နေ၏။

သို့သော် လုံးဝေက ရင်ထဲမှသံသယကို ပိရိစွာ သိုဝှက်သိမ်းထားပြီး ဂရုစိုက်သည့်အနေဖြင့်....

'တော်တော် ထိသွားလို့လား ဦးလေး'

ထင်းရှောင်က...

'နည်းနည်းပါးပါးပဲ ထိတာပါ'

လုံးဝေက...

'ဦးလေးက အချိန်မတော် ညကြီးမင်းကြီးမှာ ဓားသွေးတယ်ဆိုတော့ ဘာများ အရေးပေါ်နေလို့လဲ'



ထင်းရှောင်က ရယ်မောလိုက်ရင်းမှ....

'ဟား.... ဟား ... ဟား.... ဘာမှ မဖြစ်ပါဘူးကွာ၊ သိုင်းလောကမှာ အနားယူပြီးတဲ့နောက် ဘယ်သူနဲ့မှ ရန်ငြိုးမရှိပါဘူးကွာ'

ဟု ပြောလိုက်လေသည်။

သို့သော် သူ၏ရယ်သံမှာ ခြောက်ကပ်ကပ် နိုင်နေသည်ဟု လုံးဝေက ထင်လိုက်သည်။

ထင်းရှောင်က စကားဆက်လိုက်ပြန်သည်။

'ဒါပေမယ့် သိုင်းသမား တစ်ယောက်ဟာ သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်ရမယ်မဟုတ်လား'

သူ၏စကားမှာ မှန်ကန်နေသည်။

သို့ရာတွင် လုံးဝေ၏စိတ်ထဲ၌ လိမ်ညာပြောနေသည်ဟု ထင်လိုက်မိသည်။ထင်းရှောင်က မည်သည့်အတွက်ကြောင့် လိမ်ညာပြောနေပါသနည်း။

သူက နှုတ်မှ ဖွင့်ဟမေးရန်မှာလည်း ခက်နေမိသည်။ အကြောင်းမှာ သူသည် လူကြီးများအား ရိုသေတတ်သူ ဖြစ်နေသည် မဟုတ်ပါလော။

ထင်းရှောင်က ကုပ်ပျစ်တစ်ခု ရှိရာသို့ လျှောက်သွား၏။ လုံးဝေအား ကုလားထိုင်တစ်လုံးပေါ်၌ ညွှန်ပြရင်းမှ....

'ထိုင်ပါ'

ဟု ပြောလိုက်လေသည်။

လုံးဝေက အရှိအသေပြုပြီး ကုလားထိုင်၌ ဝင်ထိုင်ချလိုက်သည်။ ထင်းရှောင်က စကားဆက်လိုက်သည်။

'ဒီသုံးနှစ်အတွင်းမှာ မင်းရဲ့နာမည် တော်တော် တိုးတက်လာတယ်လို့ သတင်းကြားပါတယ်'

လုံးဝေက....

'ဟုတ်ကဲ့ဦးလေး၊ ကျွန်တော်က ကျော်ဖို့လုပ်နေတာမဟုတ်ပါဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့တာပါ'

ထင်းရှောင်က လက်မထောင်ပြလိုက်သည်။

'ဟုတ်တယ်၊ ယောကျ်ားကောင်းဆိုတာ မလုပ်သင့်တာကို ဘေးဖယ်ပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတယ်ကွ'

သူက ခေတ္တ စကားရပ်တန့်ပြီးမှ စကားဆက်လိုက်သည်။

'ဒါပေမယ့် မင်းပြန်လာတဲ့အချိန်မှာ ကျိုယန်းနဲ့ လွဲသွားတယ်ကွ'

လုံးဝေက....



'ဟုတ်ကဲ့'

ထင်းရှောင်က...

'ကျိုယန်းက သူ့အဘွားအိမ်ကို သွားတယ်ကွ၊ မနက်ဖြန်ပြန်လာလိမ့်မယ်'

သူက စကားဆက်လိုက်ပြန်သည်။

'မင်း အဘွားဝူနဲ့ တွေ့သလား'

လုံးဝေက....

'ဟုတ်ကဲ့၊ သူ အခန်းရှင်းပေးနေပါတယ်'

ထင်းရှောင်က....

'မင်းနေဖို့ အခန်းရှင်းပြီးလောက်ပြီနဲ့ တူတယ်'

သူ၏စကားရိပ်မှာ လုံးဝေအား စာဖတ်ခန်းထဲမှ ထွက်သွားစေလိုသော သဘောရှိနေ၏။

လုံးဝေက သူမေးလိုသော စကားကိုမေးရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ကျွန်တော်....ကျွန်တော်'

ထင်းရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

'မင်း ပြောစရာရှိသလား'

လုံးဝေက....

'ဟုတ်ကဲ့'

ထင်းရှောင်က....

'ဘာပြောမလို့လဲ'

လုံးဝေက....

'တစ်ဖက်ခြံနဲ့ ပတ်သက်တဲ့အကြောင်း'

ထင်းရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

'ဟိုဘက်ခြံက ဘာဖြစ်လို့လဲ'

လုံးဝေက....

'ဘယ်သူ့ခြံလဲဆိုတာ သိချင်လို့'

ထင်းရှောင်က....

'အြော်....ဒါလား ရှောင်ရိရဲ့ ခြံပါ'

လုံးဝေက....

'ရှောင်ရိ၊ လှံတံရှောင်ရိ မဟုတ်လား'



ထင်းရှောင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လုံးဝေက...

'သူနဲ့ ဦးလေး အလွန်ရင်းနှီးနေတယ်လို့ ကြားတယ်'

ထင်းရှောင်က စကားမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ …ားသမားထင်းရှောင်နှင့် လှံသမားရှောင်ရိတို့နှစ်ယောက်မှာ …စ်ချိန်တုန်းက သိုင်းလောကတွင် လက်တွဲ၍ ကျင်လည်ကျက် …ားခဲ့သော သိုင်းသမားနှစ်ယောက် ဖြစ်သည်။

ဤအကြောင်းများအား အသက်ကြီးရင့်သော သိုင်းသမား …ိုင်း သိရှိကြလေသည်။

သူတို့နှစ်ယောက်မှာ အလွန်ရင်းနှီးပြီး သေအတူရှင်မကွာ …ူငယ်ချင်းများ ဖြစ်ကြ၏။

သို့သော် ယခုအခါ၌ ရှောင်ရိအကြောင်း မေးသောအခါ …င်းရှောင်က စိတ်ဝင်စားပုံမပေါ်ချေ။

လုံးဝေသည် ဤနေရာသို့ ရောက်ခဲ့ဖူးသော်လည်း တစ်ဖက် …ြံမှာ ရှောင်ရိ၏ခြံဖြစ်ကြောင်း လုံးဝ မသိရှိခဲ့ပါ။

လုံးဝေက စဉ်းစား၍မရဘဲ ဖြစ်သွား၏။ ထင်းရှောင်နှင့် …ှောင်ရိတို့မှာ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြ …ါလျက်....

ထင်းရှောင်က အဘယ့်ကြောင့် ရှောင်ရှိအကြောင်း လုံးဝ မပြောရပါသနည်း....

လုံးဝေက စကားဖြင့် အကဲစမ်းလိုက်သည်။

'ရှောင်ရှိရဲ့အခြေအနေ ၊ ကောင်းရဲ့လား'

ထင်းရှောင်က...

'ကောင်းသားပဲ'

သူက မျက်မှောင်ကြုတ်၍ လုံးဝေအား ကြည့်လိုက်၏။

'မင်းက ဘာဖြစ်လို့ ဟိုဘက်ခြံအကြောင်းကို မေးနေရတာလဲကွ'

လုံးဝေက....

'ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် ဟိုဘက်ခြံထဲ ရောက်သွားလို့ပါ'

ထင်းရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

'ဘာတွေတွေ့ခဲ့သလဲ'

လုံးဝေက အတန်ကြာအောင် စဉ်းစားနေရင်းမှ....



'ဟာင်း....ဟိုဘက်ခြံဟာ မပြုပြင်ဘဲထားတာ နှစ်အတော်ကြာသွားပြီထင်ပါတယ်'

ထင်းရှောင်က သူ့အား စူးစမ်းသော မျက်လုံးများဖြင့် ကြည့်လိုက်ရင်းမှ....

'မင်းဘယ်လိုသိသလဲ'

လုံးဝေက....

'ခြံဝင်းတံခါး ပိတ်မထားဘူး၊ အထဲမှာလဲ မြက်ပင်နွယ်ပင်တွေ ပေါက်နေတယ်'

ထင်းရှောင်က ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်လိမ့်မယ်၊ အခုနှစ်များထဲမှာ ရှောင်ရှိက ဘာတွေလုပ်နေသလဲမသိဘူး၊ ခြံဝင်းတစ်ခုလုံး မပြုပြင်ဘဲထားတာ အံ့ပါရဲ့ကွာ'

လုံးဝေက စကားအကဲခတ်၍ ထပ်မံစမ်းလိုက်ပြန်သည်။

'ဦးလေးက သူနဲ့ ရင်းနှီးနေတာပဲ မေးမကြည့်ဘူးလား'

လုံးဝေ၏ စကားကြောင့် ထင်းရှောင်က စိတ်ရှုပ်စွာဖြင့် ပြောလိုက်သည်။

'သူက ဘယ်သူနဲ့မှမတွေ့တာ သုံးနှစ်လောက်ရှိပြီကွ'

လုံးဝေက သူ၏အမူအရာကို နားလည်သိရှိလိုက်သော်လည်း မသိဟန်ဆောင်၍ စကားဆက်လိုက်ပြန်သည်။

'ဦးလေး'

ထင်းရှောင်က စိုက်ကြည့်လိုက်သည်။

'ပြော'

လုံးဝေက....

'ဦးလေးတို့ ဒီအနီးအနားတစ်ဝိုက်မှာ ပန်းပုပညာ ကျွမ်းကျင်တဲ့လူ ရှိနေသလား ဦးလေး'

ထင်းရှောင်က....

'ရှိတာပေါ့'

လုံးဝေက စိတ်ဝင်စားသွားသည်။

'ဘယ်သူများပါလိမ့်'

ထင်းရှောင်က....

'ရှောင်ရိရှဲသားကြီးလေ'

လုံးဝေက....



'သူ့နာမည်က ဘယ်လိုခေါ်သလဲဦးလေး'

ထင်းရှောင်က....

'သူ့နာမည်က ဖို့လန်တဲ့၊ ပန်းပုပညာ တစ်ဖက်ကမ်းခတ်အောင် တော်တယ်ကွ၊ သူထွင်းထားတဲ့ ငှက်ရုပ်တွေ၊ အကောင်တွေဟာ အသက်ရှိနေသလိုပဲ၊ ဒါကြောင့် သူ့ကို ပန်းပုလက်လို့တောင် တင်စားပြီးခေါ်ကြတယ်လေ'

'ပန်းပုလက်'

ဤ ပန်းပုလက်ဟု ကြားလိုက်ရသောအခါ လုံးဝေ၏ မျက်စိထဲ၌ အလွန်အသက်ဝင်လှသော ကျီးယာန်း၏ ရုပ်တုအား မြင်ယောင်မိလိုက်သည်။

ဤသို့ဆိုလျှင် ယင်းကျီးယာန်း၏ရုပ်တုမှာ ဖို့လန်း၏လက်ရာ ဖြစ်ရမည်ဟု ယုံကြည်လိုက်လေသည်။

ထင်းရှောင်က စကားဆက်လိုက်သည်။

'အနီးအနားမှာရှိတဲ့ ဘုရားကျောင်းတွေ ရုပ်တုတွေကိုလဲ သူ့ရဲ့ပန်းပုလက်နဲ့ တုလုပ်တာလို့ ပြောကြတယ်လေ၊ ကျုပ်ကတော့ မမြင်ဖူးပါဘူး'

လုံးဝေက အနည်းငယ်စဉ်းစားလိုက်သည်။

'ကျိယန်းနဲ့ ယို့လန်းတို့ သိကြသလားဦးလေး'

ထင်းရှောင်က လုံးဝေအား စိုက်ကြည့်လိုက်သည်။

'သိတာပေါ့၊ အရင်တုန်းက ဒီကို မကြာခဏ လာတယ်၊ သူတို့က ငယ်ငယ်တုန်းက ကစားဖော်တွေလေ'

လုံးဝေက...

'ဟုတ်လား'

ဟု အလိုက်သင့် ပြောလိုက်သော်လည်း သူ၏ရင်ထဲ၌ အမည်မသိအောင် ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

ထင်းရှောင်က သူ့အား စိုက်ကြည့်နေရာမှ မျက်မှောင်ကြုတ်သွားလေသည်။

'မင်းက သူတို့အကြောင်းကြားလို့ လိုက်လာတာလား'

လုံးဝေက ကပျာကယာ လက်ကာပြလိုက်ရင်းမှ....

'မဟုတ်ရပါဘူးဗျာ'

ထင်းရှောင်က....

'စိတ်မပူပါနဲ့၊ သူတို့က ငယ်သူငယ်ချင်းတွေ ဖြစ်ပေမယ့် ကျိယန်းက သူ့ကို စိတ်မဝင်စားပါဘူး'



လုံးဝေက....

'ဟုတ်ကဲ့၊ ကျွန်တော်ဘယ်လိုမှ အထင်မလွဲခဲ့ပါဘူးဗျာ'

ထင်းရှောင်က....

'သူက ဒီကိုမလာတာ သုံးနှစ်တောင် ရှိသွားပြီကွယ့်၊ ဘာတွေ ဖြစ်နေကြသလဲဆိုတာတော့ ကျုပ်လဲမသိပါဘူး'

လုံးဝေက....

'အကြောင်းတစ်ခုခုတော့ သူတို့မှာ ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်'

ထင်းရှောင်၏ မျက်လုံးအစုံ၌ ကြေကွဲရိပ်တစ်ခု ရုတ်ခြည်း ဖြတ်သန်းသွား၏။ သူက စိတ်မကောင်းစွာဖြင့် ပြတင်းပေါက် အပြင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ....ညဥ့်နက်လှပြီ၊ မင်းလဲ ခရီးပမ်းလာတယ် မဟုတ်လား၊ သွားအိပ်တော့'

လုံးဝေက မတတ်နိုင်တော့ပါချေ။

သူက ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်၏။ ထို့နောက် လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီးနောက် စာကြည့်ခန်းထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

* * *

စာဖတ်ခန်းထဲမှ ထွက်ခွာလာသောအခါ လုံးဝေ၏ ရင်ထဲ၌ ပို၍ပို၍လေးလံလာလေသည်။

သူက ခရီးစတင် ထွက်လာရာ၌ မိမိချစ်သူ ကျိုယန်းအား တွေ့မြင်လိုစိတ် ပြင်းပြသဖြင့် စိတ်လှုပ်ရှားခဲ့သည်။

ဗျတ်တရက် မိကျောင်းကဲ့သို့ လူထူးလူဆန်းနှင့် ခေါင်းတစ်ထားသော မြင်းရထားလုံးတို့ကို တွေ့မြင်ရသောအခါ စိတ်ချောက်ချားခဲ့ရသည်။

ထိုမှတစ်ဖန် တစ်ဖက်ခြံဝင်းမှ တွေ့ကြုံခံစားရသမျှမှာ အလွန်ထူးဆန်းအံ့ဩ တုန်လှုပ်ဖွယ်ရာများနှင့် ကြုံတွေ့ခဲ့ရ၏။

ယခုတစ်ခါ ထင်းရှောင်နှင့် တွေ့လိုက်ရသောအခါ ပြဿနာ ပိုမို၍ရှုပ်ထွေးလာသည်ဟု ထင်လိုက်မိသည်။

ထင်းရှောင်၏ အပြာရောင် အင်္ကျီရှည်ကို မြင်တွေ့လိုက်သောအခါ တစ်ဖက်ခြံမှ လူပင် ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

သို့သော်....မဟုတ်နိုင်ပါချေ။

အဘယ့်ကြောင့်ဆိုသော် ခြံတစ်ခုနှင့်တစ်ခု အလှမ်းဝေးကွာနေသည် မဟုတ်ပါလော....

သူက ရှုပ်ထွေးနေသောအတွေးများစွာဖြင့် အဘိုးအိုပြင်ပေးထားသော သူ့အတွက် အခန်းရှိရာသို့ လှမ်းဝင်လိုက်သည်။

သုဘရာဇာ ဂေဟာ

မိုးဖွဲကလေးများ ရပ်တန့်သွားပြီ ဖြစ်သည်။

ညဥ့်ပို၍နက်လာသည်။

မြင်းလှည်းတင်စီးမှာ မြို့ကလေး၏ အနောက် လမ်းကလေးတစ်ခုပေါ်၌ ဖြည်းညင်းစွာ မောင်းနှင်လာနေသည်။

ယင်းမြင်းလှည်းမှာ လူစီးမြင်းလှည်း မဟုတ်ပါချေ။ ကုန်တင်သည့် မြင်းလှည်းပင် ဖြစ်သည်။

သို့ရာတွင် ကုန်တင်ထားခြင်း မရှိပါချေ။ မြင်းလှည်း ကုန်တင်ရမည့်နေရာ၌ ခေါင်းတစ်လုံး တင်ဆောင်လာသည်ကို တွေ့ရှိလိုက်ရ၏။

ရင်းမြင်းလှည်းမှာ လုံးဝ တွေ့ဆုံခဲ့ရသော မြင်းလှည်းပင် ဖြစ်သည်။

မြင်းလှည်းပေါ်၌ ထိုခေါင်းမှာ တင်ထားမြဲ ဖြစ်သည်။ မြင်းလှည်းမောင်းသည့် ထိုင်ခုံပေါ်၌ မိကျောင်းနှင့်တူသော လူထူးလူဆန်းကပင် ထိုင်၍ မြင်းလှည်းမောင်းနေ၏။

ယင်းမြင်းလှည်းမှာ ချောင်ရိ၏ခြံဝင်းအနီး၌ ပျောက်ကွယ်သွားသော မြင်းလှည်းပင် ဖြစ်သည်။

ယခုမူ ဤမြင်းလှည်းက မည်သည့်နေရာမှ ထွက်ပေါ်လာပြန်သနည်း၊ ထိုမြင်းလှည်း မည်သည့်နေရာသို့ သွားမည်နည်း။

မြင်းလှည်းပေါ်ရှိ ခေါင်းထဲတွင် ကျီယန်းနှင့်တူသော ပန်းပုသူဇာရုပ်က ရှိနေပါပေသေးသည်။

* * *

မြင်းလှည်းသံများက တိတ်ဆိတ်သော ညဉ့်အား ဖြိုခွဲလိုက်သည်။



သို့သော် ထိုမြင်းလှည်းသံက မည်သူတစ်ဦးတစ်ယောက်ကိုမျှ အနှောင့်အယှက် မပေးပါချေ။

ဤနေရာတစ်ဝိုက်၌ အိမ်ခြေ လုံးဝမရှိ၍ ဖြစ်သည်။ ယင်းနေရာနှင့် ဝါးနှစ်ရိုက်ခန့် အကွာအဝေး၌ သေးငယ်သော အိမ်တစ်လုံးကို တွေ့လိုက်ရ၏။

ထိုအိမ်လေးထဲမှ အားနည်းသော မီးရောင်က ဖြာထွက်နေသည်ကို တွေ့ရှိနေရ၏။

ထိုမျှ လူသူမရှိလှသော နေရာ၌ အိမ်ကလေးတစ်လုံးတည်း တွေ့ရှိနေရသည်မှာ အံ့သြစရာ ကောင်းလှပေသည်။

ထိုအိမ်ကလေး၌ မည်သူနေထိုင်ပါသနည်း။

ဒေါင်းဖိုဒေါင်းမ ရွာသားအားလုံးမှာ ဤနေရာ၌ မည်သူမျှ နေဝံ့ကြမည် မဟုတ်ပါချေ။

သို့ရာတွင် ထိုအိမ်ကလေး၌ လူတစ်ယောက်ကတော့ ရှိနေသည်။ ထိုလူ၏အမည်မှာ 'အာဝှီး' ဖြစ်သည်။

သူ့တွင် သားသမီး ညီအစ်ကိုမောင်နှမ မရှိပါချေ။ သို့အတွက်ကြောင့်ပင် ဤအလုပ်အား လက်ခံလိုက်ရခြင်း ဖြစ်သည်။

ထိုအိမ်ကလေး၌ အသက်ရှိသူမှာအာဝှီးတစ်ယောက်တည်းသာရှိ၏။ ကျန်ရှိသော လူများမှာ အသက်ကင်းမဲ့သော အလောင်းများပင် ဖြစ်သည်။

ယင်းအလောင်းများက ခေါင်းထဲ၌ အစီအရီရှိနေကြ၏။ အလောင်းများ၏ ပိုင်ရှင်တို့က လာရောက်သယ်ယူခြင်း မရှိသေးပါချေ။

ထို့ကြောင့်လည်း ယင်းကဲ့သို့ အိမ်ကလေး၌ ခေတ္တထားရခြင်း ဖြစ်သည်။ သို့အတွက်ကြောင့် ဤအိမ်ကလေးမှာ သူ့အလောင်းများထားရာ ခေတ္တတည်းခိုရာ ဂေဟာဖြစ်သကဲ့သို့ သုဘရာဇာ 'အာဝုံး' ၏ ဂေဟာလည်း ဖြစ်လေသည်။

* * *

မြင်းလှည်းကလေးက တရွေ့ရွေ့ မောင်းနှင်လာသည်။

ရုတ်တရက် မြင်းလှည်း ရပ်တန့်သွားသည်။ မိကျောင်းနှင့်တူသော လူထူးလူဆန်းသည် မြင်းလှည်းအား ထိုအိမ်ကလေးရှေ့၌ ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

သူက ကျာပွတ်အား စိုက်ထူလိုက်ပြီးနောက် မြင်းလှည်းပေါ်မှခေါင်းအား ပခုံးပေါ်သို့ တင်လိုက်၏။



ထို့နောက် မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။ သူက အိမ်ကလေးရှိရာသို့ လျှောက်သွား၏။

အိမ်ကလေး၏တံခါးမှာ အခန်းအမြဲပွင့်နေလေသည်။ ဤနေရာ၌ လူသေအလောင်းနှင့် ခေါင်းများသာ ရှိနေသည်မဟုတ်ပါလော....။

တခြား တန်ဖိုးရှိသော ပစ္စည်းဟူ၍ စိုးစဉ်းမျှမရှိပါ။ ဤနေရာအား ဦးနှောက်ပျက်၍ ရူးသွပ်နေသော လူမှအပ တခြားမည်သူမျှ မလာပါချေ။

လူထူးလူဆန်းကြီးက ခေါင်းကိုထမ်းကာ အခန်းထဲသို့လှမ်းဝင်လာပြန်သည်။ ခန်းမကြီးတွင် ခုံရှည်များရှိနေ၏။

ယင်းခုံရှည်များပေါ်၌ 'ခေါင်း' မှာ အစီအရီချထားသည်ကို တွေ့မြင်ရ၏။

အချို့ခေါင်းများမှာ အသစ်ချပ်ချွတ်ရှိနေသေး၏။ အချို့ခေါင်းများမှာမူ ဆေးများကွာကျနေပြီ ဖြစ်သည်။

တံခါးနှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံးပေါ်၌ မီးအိမ်ကလေးတစ်လုံး ထွန်းညှိထားသည်။

မီးရောင်မှာ မှေးမှိန်သဖြင့်ခေါင်းများဖြင့်ပြည့်နှက်နေသော အခန်းအား ချောက်ချားဖွယ်ရာကောင်းသော အသွင်ဆောင်စေလေသည်။

* * *

လေတဟူးဟူးတိုက်ခတ်နေ၏။

တိုက်ခတ်လာသော လေ၏အရှိန်ကြောင့် ဟောင်းနွမ်းသော တံခါးရွက်နှစ်ခုမှာ လှုပ်ရှားနေသည်။

ထို့ပြင် မီးအိမ်မှမီးရောင်များက ယိမ်းနွဲ့ လှုပ်ရှားနေသဖြင့် ခေါင်းများ၌ ဖုံးထားသော အဖုံးများ ပွင့်ထွက်သွားတော့မည့် အတိုင်း ထင်မှတ်ရလေသည်။

မည်မျှသတ္တိကောင်းသူတစ်ဦး ဖြစ်ပါစေ ဤနေရာ၌ ဤ အချိန် ဤပုံစံမျိုး၌ ရောက်ရှိလာပါက ကြက်သီးမွေးညင်းများ ထသွားမည်မှာ သေချာ၏။

မည်သူကမျှ ကြာကြာနေရဲမည် မဟုတ်ပါချေ။ လူထူး လူဆန်းကြီးက ခေါင်းကိုထမ်းကာ အေးဆေးစွာ တစ်လှမ်း ချင်း လျှောက်လာနေသည်။

သူ၏ခန္ဓာကိုယ်အား တစ်ချက်လှည့်လိုက်စဉ်....

မီးရောင်အောက်မှ သူ၏လက်နှစ်ဖက်မှ အကွက်များက ထိတ်လန့်ဖွယ်ရာ ကောင်းလှ၏။

ရုတ်တရက် သူက အနီးရှိခေါင်းတစ်လုံးအား ဒူးခေါင်း ဖြင့် တိုက်ချလိုက်သည်။

'ဝုန်း....'



ထိုခေါင်းက မြေပေါ်သို့ လိမ့်ကျသွားသည်။

ယင်းအရှိန်ကြောင့် အိမ်တစ်ခုလုံးပင် တုန်ခါသွား၏။ လူထူးလူဆန်းက ပခုံးပေါ်မှခေါင်းအား လစ်ဟာနေသော နေရာ၌ ချထားလိုက်လေသည်။

ထို့နောက် သူက မြေပေါ်၌ကျနေသော ခေါင်းပေါ်၌ ထိုင်ချလိုက်၏။ သူ့ဏာ အမောဖြေနေခြင်းလော....

သို့မဟုတ် တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်း လော....

* * *

အခန်းကြီး၏ဝဲဘက်တွင် အခန်းငယ်တစ်ခု ရှိနေသည်။ ဤ အခန်းထဲ၌ အာဝုဓ်းဆိုသည့် သုဘရာဇာ နေထိုင်သည့် အခန်း ဖြစ်၏။

အခန်းမှာ ကျဉ်းမြောင်းသော်လည်း နေ့စဉ်သုံးပစ္စည်းများ က စုံစုံလင်လင် ရှိနေသည်။

စားပွဲပေါ်၌ ဆီမီးအိမ်တစ်လုံး ထွန်းထား၏။ မီးအိမ်၏ အနီး၌ လှုပ်နေသော အရက်ပုလင်းတစ်လုံး ရှိနေသည်။

အလောင်းနှင့်အလုပ်လုပ်နေရသူများမှာများသောအားဖြင့် အရက်များကို ကြိုက်နှစ်သက်ကြသည် မဟုတ်ပါလော။

ယနေ့ညလည်း 'အာဝိုး'က အရက်ပန်းကန်လုံး ဆယ်လုံးခန့် သောက်ပြီးဖြစ်ရာ....

သူက နှစ်ခြိုက်စွာ အိပ်မောကျနေလေပြီ ဖြစ်၏။ အရက်မှာ ရဲရင့်ခစေသည်၊ လျင်မြန်စွာ အိပ်ပျော်စေသည် မဟုတ်ပါလော။

အာဝိုးက နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ အခန်းအပြင်မှ ထွက်ပေါ်လာသော အသံကြောင့် အိပ်ပျော်ရာမှ လန့်နိုးသွားလေသည်။

သူက ဆတ်ခနဲ ထထိုင်လိုက်သည်။ သူကအိပ်မှုန်စုံမွှားဖြင့်....

'ဘယ်သူလဲဟေ့'

ဟု လှမ်းအော်ရင်း မျက်လုံးပွတ်ကာ ဘေးဆီသို့ ကြည့်လိုက်၏။ အခန်းထဲ၌ မည်သည့်ထူးခြားမှုမှ မရှိပါချေ။

မိုးခြိမ်းသံလော....။

မဖြစ်နိုင်ပါ။



ထိုအသံမှာ ဧည့်ခန်းကြီးဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သူက ကောင်းစွာသိရှိနေ၏။

ဤသို့ဆိုလျှင် သူခိုးကပ်ခြင်းလော။

မဟုတ်နိုင်ပါချေ။

မည်သည့်သူခိုးမှ ခေါင်းနှင့်အလောင်းအား ခိုးမည်မဟုတ်ပါချေ။ ဤသို့ဆိုလျှင် ခေါင်းထဲမှအလောင်းများက ထလာ၍လော။

သူက ယင်းသို့ တွေးမိသောအခါ ကျောချမ်းသွားသည်။

သို့သော် ယင်းအသံ၏ အကြောင်းအရာကိုလည်း သူက သိချင်နေမိသည်။ ထို့ကြောင့် သူက တိတ်ဆိတ်စွာ ခုတင်ပေါ်က ဆင်းလိုက်၏။

ဖိနပ်စီး၍ ခြေသံမကြားစေရန် အခန်းတံခါးဘက်သို့ ခြေဖော့နင်း၍ ဝင်ရောက်သွားလေသည်။

လူသားတို့သည် စူးစမ်းလိုသောစိတ်က ရှိနေသည် မဟုတ်ပါလော။

* * *

အာဝုဳးက အခန်းထဲမှ ခြေဖော့နင်း၍ တစ်လှမ်းချင်းလှမ်း၍ တံခါးဆီသို့ လာနေ၏။

တံခါးဆီသို့ရောက်သောအခါ အခန်းတံခါးကြားမှအပြင်သို့ ချောင်းကြည့်လိုက်၏။

မည်သည့်အရာမှ မတွေ့ရပါချေ။ သူက အရဲစွန့်၍ တံခါးမင်းတုပ်အား ဆွဲဖွင့်လိုက်သောအခါ....

'ကျွီ'

တံခါးမြည်သံနှင့်အတူ အခန်းတံခါး အနည်းငယ် ဟသွားလေသည်။ ဤအသံကိုပင် အာဝုဳးမှာ ထခုန်မတတ် ထိတ်လန့်သွား၏။

သူသည် တံခါး ယင်းသို့မြည်သည်ကို ကြည့်ရင်းမှ ဆံဆိုကြိမ်းမောင်းနေသည်။

* * *

အာဝုဳးက တီးတိုးဆဲဆိုကြိမ်းမောင်းရင်း တံခါးကို ဆွဲဖွင့်လိုက်သည်။



ယခုမှ သူက မြေပြင်ပေါ်၌ ကျနေသော ခေါင်းပေါ်၌ ထိုင်နေသော လူတစ်ယောက်က သူ့အားကျောပေး၍ ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

အာဝုဳး၏ ဒေါသမီးက တစ်မုဟုတ်ချင်း တောက်လောင်လာ၏။ သူက တံခါးကို ဆောင့်၍ဖွင့်လိုက်သည်။

ထို့နောက် ယင်းလူ၏ အနီးသို့ လျှောက်သွားလေသည်။ ယင်းလူက လုံးဝမသိလိုက်သည့်အလား တစ်ဖက်သို့ မျက်နှာမူနေဆဲပင်။

အာဝုဳးက ထိုလူ၏ နောက်ကျောအား လက်ညှိုးဖြင့် ထိုးလိုက်ကာ....

'အလောင်းတွေ ထလာတယ်မှတ်တယ်၊ မင်းရဲ့လက်ချက်ကိုး'

ထိုလူက လှည့်၍မကြည့်ပါ။

တစ်စုံတစ်ရာ ပြောဆိုခြင်းလည်း မပြုပါချေ။ အာဝုဳးက ပိုမို ဒေါသဖြစ်လာလေသည်။

'ဟေ့လူ မင်းရူးနေသလား၊ ညဉ့်နက်သန်းခေါင် ခေါင်းကို သယ်ဆောင်ရသလားကွ'

ထိုလူက တုတ်တုတ်မျှ မလှုပ်ပါချေ။ အာဝုဓ်း၏ မျက်လုံးအစုံက မြေပေါ်တွင် ကျနေသော ခေါင်းအား တစ်ချက်ကြည့်လိုက်ပြီး ဒေါသထွက်လာ၏။

'ဩော်....မင်းက သူများခေါင်းကို နေရာဖယ်ပစ်လိုက်တာကိုး၊ မင်းက ဘာကောင်မို့လဲကွ'

လူထူးလူဆန်းက တိတ်ဆိတ်နေမြဲပင်....

အာဝုဓ်းမှာ အလွန်ခံပြင်းလာမိသည်။ သူက မဲ့ပြုံး ပြုံးလိုက်၏။

'မင်းက ဒီလိုစကားမပြောဘဲနေရင် ပြီးမယ်ထင်လို့လား၊ မင်းခေါင်းကို ပြန်ယူသွားပါ၊ ဒီခေါင်းကို သူ့နေရာသူ ထားလိုက်၊ နို့မဟုတ်ရင် မင်း သေဖို့သာ ပြင်ပေတော့'

ထိုလူက ဖြည်းညင်းစွာလှည့်လိုက်သည်။ သို့သော် ခေါင်းကို ငုံ့ထားဆဲပါ။

အာဝုဓ်းမှာ အဘယ့်ကြောင့်မှန်းမသိ ထိုလူအား မြင်တွေ့လိုက်ရသောအခါ ဒေါသများ လွင့်စဉ်ပျောက်ကွယ်သွားသည်။ သူက ထိုလူအား စိုက်ကြည့်လိုက်သည်။

အတန်ကြာ စိုက်ကြည့်သော်လည်း မီးရောင်မှာ မှေးမှိန်လွန်းသဖြင့် ထိုလူအား သဲကွဲစွာမမြင်ရပါချေ။



သို့သော် သူက ထိုလူမှာ လူထူးလူဆန်းတစ်ဦး ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်သည်။ သူက လူထူးလူဆန်းအား စိုက်ကြည့်ရင်းမှ....

'မင်းက ဘယ်ကလာတာလဲ'

လူထူးလူဆန်းက စကားတစ်ခွန်းမှ မပြောပါချေ။ လူထူးလူဆန်းက ခေါင်းငုံ့၍ လိုင်ရာမှ ထလိုက်သည်။

'အင်း....အင်း'

ရုတ်တရက် ညည်းညူသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ အမျိုးသမီးတစ်ယောက်၏ ညည်းညူသံ ဖြစ်ပေသည်။

အာဝုဓ်းက ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ဝဲကြည့်လိုက်သည်။

'အား....ကျွတ်....ကျွတ်'

ညည်းညူသံ ထပ်မံထွက်ပေါ်လာပြန်၏။

ဤတစ်ကြိမ် အသံထွက်ပေါ်လာသော နေရာကို အာဝုဓ်းက ကောင်းစွာ သိရှိနားလည်လိုက်သည်။

ယင်းညည်းညူသံမှာ လူထူးလူဆန်း သယ်ဆောင်လာရာ ခေါင်းထဲမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။

အာဝိုး၏ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူက ထအော်လိုက်၏။

'ဟေ့....ခေါင်းထဲမှာ လူသေလား လူရှင်လား'

လူထူးလူဆန်း၏ လက်နှစ်ဖက်က ခေါင်းပေါ်သို့ ရောက်ရှိသွားလေသည်။ အာဝိုးမှာ လူထူးလူဆန်း၏ လက်နှစ်ဖက်အား မြင်တွေ့လိုက်သောအခါ အလွန် အံ့ဩထိတ်လန့်သွားမိလေသည်။

အကြောင်းမှာ လူထူးလူဆန်း၏ လက်နှစ်ဖက်မှာ လူတစ်ယောက်၏ လက်မဟုတ်ဘဲ မိကျောင်းတစ်ကောင်၏ လက်ကဲ့သို့ ဖြစ်နေ၍ဖြစ်သည်။

ထိုစဉ်မှာပင် လူထူးလူဆန်းက ခေါင်းကိုဖွင့်လိုက်လေသည်။

* * *



အာဝိုးမှာ ကြက်သေသေ၍ လူထူးလူဆန်း၏ မျက်နှာအား ကြည့်နေ၏။ လူထူးလူဆန်း၏ ဦးခေါင်း၌ အလွန်ကြီးမားသော စမောက်တစ်ခုက နေရာယူထားသဖြင့် မမြင်တွေ့ရပါချေ။

သို့ရာတွင် အာဝိုး၏ ရင်ထဲ၌ လူထူးလူဆန်းအား အလွန်ကြောက်ရွံ့တုန်လှုပ်နေမိသည်။

'အား....အင်း'

ညည်းညူသံတစ်ချက် ထွက်ပေါ်လာပြန်သည်။

ဤတစ်ကြိမ် အသံက ပိုမိုပီပြင်လာသည်။ လူထူးလူဆန်း သယ်ဆောင်လာသော ခေါင်းထဲမှ ဖြစ်သည်မှာ သေချာနေ၏။

'အင်း ...ဒါ အမျိုးသမီးတစ်ယောက်ရဲ့ အသံပဲ'

'သူ....သူ မသေသေးဘူးထင်တယ်'

အာဝိုးက ထိတ်လန့်တုန်လှုပ်နေသော်လည်း ဂူးစမ်းလိုစိတ်အား လွှမ်းမိုးမသွားနိုင်ပါချေ။

သူက စိတ်ကို တင်းလိုက်သည်။

ထို့နောက် ခေါင်းထဲသို့ ခေါင်းပြူ၍ကြည့်လိုက်သည်။

'ဟာင်'

သူ၏နှုတ်မှ အာမေဍိတ်သံ တိုးတိုးကလေး ထွက်ပေါ်လာ၏။

*  *  *

ခေါင်းထဲ၌ အာဝုဓ်း တွေ့လိုက်ရသော အရာမှာ လူသေအလောင်း မဟုတ်ပါချေ။

သို့သော် သက်ရှိလူလည်း မဟုတ်ပါချေ။ ခေါင်းထဲ၌ ပန်းပုရုပ် တစ်ခုကို တွေ့မြင်လိုက်ရ၏။

အလွန်ချောမောသော ပန်းပုသူဇာပင် ဖြစ်သည်။ အာဝုဓ်းက အလွန်အံ့အားသင့်သွားသည်။

ပန်းပုရုပ်တု ဆိုသည်မှာ သက်မဲ့မဟုတ်ပါလော။ ယခုအခါတွင် ယင်းပန်းပုရုပ်မှာ စကားပြောသံ ကြားနေရလေသည်။

အာဝုဓ်း၏ သောက်ထားသော အရက်တန်ခိုးများက လွင့်ပျံသွားလေပြီ။ သူက မမူးနိုင်တော့ပါချေ။



သူက ပန်းပုရုပ်အား ငေးကြောင်ကြောင်ဖြင့် ကြည့်နေစဉ် ပန်းပုရုပ်ဆီမှ အသံက ပီပြင်စွာ ထွက်ပေါ်လာသည်။

'ဒီနေရာက ဘယ်နေရာပါလဲရှင်'

'အလောင်းထားတဲ့ နေရာဗျ'

အာဝုဓ်း၏နှုတ်မှ လွှတ်ခနဲ ထွက်သွားခြင်းဖြစ်သည်။ သူက လွှတ်ခနဲ ပြောလိုက်ပြီးမှ ထိတ်လန့် တုန်လှုပ်သွားမိသည်။

သူ၏ တစ်သက်နှင့်တစ်ကိုယ်တွင် ခေါင်းထဲမှ ပန်းပုရုပ် ထည့်ထားခြင်းကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်၏။

ထို့အပြင် ပန်းပုရုပ်မှ စကားပြောသံကိုလည်း ယခုအကြိမ် ပထမဆုံး ကြားဖူးခဲ့ခြင်း ဖြစ်သည်။

သူက ပန်းပုရုပ်အား စိုက်ကြည့်နေမိစဉ်....

'ဝုန်း'

ခေါင်း၏အဖုံးက ပြန်လည်ပိတ်သွား၏။

အာဝုဓ်း၏ မျက်နှာတစ်ခုလုံး သွေးရောင်ပင် မရှိတော့ပါချေ။ လူထူးလူဆန်းက ခေါင်းကို ဆောင့်၍ ပိတ်ချလိုက်ပြီးနောက် အာဝုဓ်းဘက်သို့ ဖြည်းလေးစွာ လှည့်လိုက်လေသည်။

အာဝုဓ်း၏ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ လူထူးလူဆန်းက သူ့ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။

အာဝုိးက နောက်သို့ ကပျာကယာ တစ်လှမ်းဆုတ်လိုက်သည်။ လူထူးလူဆန်းက ဒုတိယအကြိမ် ခြေလှမ်းကို တိုးလိုက်၏။

အာဝုိးက နောက်သို့ဆုတ်ရင်းမှ....

'မင်း....မင်း ဘယ်သူလဲ'

ဟု အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်လေသည်။

သူ၏အသံမှာ မူလအသံ မဟုတ်တော့ပါချေ။ သူ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ရင်ထဲ၌လည်း ထိတ်လန့်တုန်လှုပ်နေ၏။

'အား'

ရုတ်တရက် လူထူးလူဆန်း၏ အသံ ထွက်ပေါ်လာသည်။ သူ၏အသံမှာ ကျီးကန်းများ အော်လိုက်သည်ဟု ထင်ရ၏။

သို့သော် ကျီးကန်းအသံထက် ဆယ်ဆမက နားခံရခက်နေသည်။ အာဝုိးမှာ ပို၍ချောက်ချားသွား၏။

သူက နောက်သို့ ထပ်မံဆုတ်လိုက်သည်။ ရုတ်တရက် ခြေတစ်ဖက် ချော်၍ မြေပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။

သူက လူထူးလူဆန်းအား ကြောက်လန့်တကြား မော့ကြည့်လိုက်သည်။ ယခုမူ သူက လူထူးလူဆန်း မျက်နှာအား အနီးကပ်မြင်တွေ့မိလိုက်လေသည်။



ခမောက်အောက်မှ လူထူးလူဆန်း၏ မျက်နှာမှာ လူသားတစ်ယောက်၏ မျက်နှာနှင့် လုံးဝမတူပါချေ။

မိကျောင်းမျက်နှာနှင့် တူနေ၏။

လူထူးလူဆန်းက ပါးစပ်ဖြဲ၍ ပြုံးလိုက်သည်။

ထိုအပြုံးမှာ ကြောက်မက်ဖွယ်ရာ ကောင်းသော အပြုံးပင်ဖြစ်သည်။

'အောင်မယ်လေးဗျ'

အာဝုိးက ထိတ်လန့်စွာ အော်ဟစ်လိုက်ရင်းမှ ကပျာကယာထလိုက်လေသည်။ နောက်သို့ ချာခနဲလှည့်၍ ပြေးလိုက်သည်။

သို့ရာတွင် သူ၏ ခြေထောက်များက ထိတ်လန့်လွန်းသဖြင့် ခွန်အားပင် မရှိပါချေ။ ထိုအချိန် လူထူးလူဆန်းက သူ့ဆီသို့ လျှောက်လှမ်းလာနေ၏။

သူက အားစိုက်၍ ပြေးရန် ကြိုးစားကြည့်သည်။ သို့ရာတွင် ခြေတစ်လှမ်းစာမျှ မရွေ့နိုင်သေးပါချေ။

ထိုစဉ် လူထူးလူဆန်းက သူ့နောက်သို့ ရောက်ရှိလာ၏။ သူ၏ ကြမ်းတမ်းကာ အကွက်ထနေသော လက်တစ်ဖက်က အာဝုိး၏လည်ကုပ်သို့ ရောက်ရှိလာသည်။

အာဝုဓ်း၏ လည်ကုပ် တစ်ခုလုံး စိုထိုင်း အေးစိမ့်သော အရသာ ခံစားလိုက်ရ၏။

သူ၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားသည်။

'အောင်မယ်လေးဗျ'

သူက အသံကုန် အော်ဟစ်လိုက်သည်။

ထို့နောက် သတိလစ်ကာ လဲကျသွားလေတော့သည်။ လူထူးလူဆန်းက ထအော်လိုက်သည်။

'အား'

သူက ခေါင်းပေါ်မှခမောက်အား အနည်းငယ်ပြင်ဆောင်းလိုက်သည်။ ထို့နောက် အပြင်သို့ ခြေလှမ်းလှမ်း၍ ထွက်လိုက်၏။

စားပွဲပေါ်မှ မီးအိမ်က ရုတ်တရက် ငြိမ်းသွားလေသည်။ အခန်းတစ်ခုလုံး မှောင်ပိန်းသွားချေပြီ။

## အုတ်ဂူထဲမှလူ

ညဉ့်သည် ပို၍နက်ရှိုင်းလာသည်။

လေက ပို၍ပြင်းထန်စွာ တိုက်ခတ်လာ၏။

ကောင်းကင်၌ လဝန်းပေါ်ထွက်လာသည်။

လမင်း၏ အလင်းရောင်အောက်၌ လူထူးလူဆန်း တစ်ဦး အိမ်ကလေးထဲမှ ထွက်လာသည်။

မြင်းလှည်းမှာ ခြံတံခါးဝ၌ ရပ်လျက်ရှိနေဆဲပင်။

လူထူးလူဆန်းက မြင်းလှည်းဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။ သူသည် မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် ကျာပွတ်အားယူ၍ တစ်ချက် ဝေ့ယမ်းလိုက်စဉ် မြင်းလှည်းမှာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

လမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်၌ သစ်ပင်အစီအရီ ရှိနေကြသည်။

လရောင်အောက်၌ သစ်ပင်ရိပ်များ ယိမ်း ထိုး နေ ကြ ၏။ မြင်းလှည်းမှာ လမ်းကလေးအတိုင်း မောင်းနှင်သွားသည်။

မြင်းလှည်း ဦးတည်မောင်းနှင်နေသော နေရာမှာ....

အခေါင်းများထားသော အိမ်ကလေး၏ အနောက်ဘက် စူးစူး၌ရှိသော သုသာန်တစ်ခုဆီသို့ ဖြစ်သည်။

ထိုနေရာမှာ ညဥ့်အခါ၌ အာဝါ့ဂိုးပင် မသွားရဲပါချေ။

* * *



မြင်းလှည်းက ဆက်မောင်းနှင်လာသည်။

တစ်ခဏကြာသောအခါ....

အုတ်ဂူများကြားသို့ ဝင်ရောက် ရပ်တန့်သွား၏။ ဝန်းကျင်တစ်ခုလုံး ပိုးစုန်းကြူး၏ အလင်းရောင်များ ပျံဝဲနေ၏။

လူထူးလူဆန်းက မြင်းလှည်းအား ရပ်တန့်ပြီးနောက် လက်ထဲမှ ကျာပွတ်ဖြင့် အုတ်ဂူတစ်ခု၏ ကျောက်ပြားထဲသို့ ရိုက်ချလိုက်လေသည်။

ရုတ်တရက် လူရိပ်တစ်ခု အုတ်ဂူ၏ ကျောက်ပြားထဲမှ ခုန်ထွက်လာပြီးနောက် အုတ်ဂူပေါ်၌ ရပ်တန့်လိုက်သည်။

'ခွမ်း'

ထိုအသံနှင့်အတူ ဓားရောင်များ ဖွေးလက်သွားသည်။

လူရိပ်၏လက်ထဲ၌ ဓားတစ်လက်ပါရှိလာသည်ကို တွေ့လိုက်ရလေသည်။ လူထူးလူဆန်းက ကျာပွတ်အား မြှောက်ထားလိုက်သည်။

သူက ဆက်လက်တိုက်ခိုက်ခြင်း မပြုပါချေ။ လူရိပ်၏အခြေအနေအား အကဲခတ်ကြည့်နေခြင်း ဖြစ်၏။

ထိုလူရိပ်ကလည်း တိုက်ခိုက်ခြင်းမပြုဘဲ ဓားကိုကန့်လန့်ဖြတ်ကိုင်၍ အုတ်ဂူပေါ်၌ ရပ်နေ၏။

သူတို့က တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြသည်။

* * *

ထိုလူရိပ်လက်ထဲရှိ ဓားမှာ သုံးပေခန့်ရှည်သည်။

ဓား၏ပုံသဏ္ဍာန်မှာ တခြားဓားနှင့် မတူဘဲ တမူထူးခြားနေ၏။ ထိုလူရိပ်မှာ စုမာလုပင်ဖြစ်သည်။

စုမာလုမှာ အသည်းကွဲတောင်ကုန်းပေါ်မှ ဆင်း၍ လုံးဝေနောက်သို့ လိုက်လာစဉ်....

လုံးဝေက မြင်းလှည်းတစ်စင်းနောက်သို့ လိုက်နေကြောင်း တွေ့မြင်လိုက်ရ၏။ ထို့ကြောင့် စုမာလုရင်ထဲ၌ သံသယဖြစ်လာကာ နောက်မှ တိတ်တဆိတ် လိုက်လာသည်။

လုံးဝေ ဒြဝင်းထဲ ဝင်ရောက်သွားသည့် အခါမှာလည်း သူက တိတ်ဆိတ်စွာ လိုက်သွား၏။

သူက ပန်းပင်နောက်ကွယ်မှ ပုန်း၍ လုံးဝေ၏ လှုပ်ရှားမှုအားလုံးအား စောင့်ကြည့်နေသည်။

လုံးဝေနှင့် ထိန်ဟုန်တို့ ထွက်လာသည်အထိ သူက ပန်းပင်နောက်မှ ကြည့်ရှုနေဆဲပင်....



ထိုစဉ် လူထူးလူဆန်းက ပန်းပုရုပ်တုတစ်ခုကိုပွေ့၍ထွက်လာသည်ကို တွေ့လိုက်ရ၏။ သူက အလွန် စိတ်ဝင်စားသွားသည်။

ထို့ကြောင့် သူက လုံးဝေတို့နောက်သို့ ဆက်မလိုက်တော့ဘဲ လူထူးလူဆန်းနောက်သို့ တိတ်တဆိတ် လိုက်ခဲ့၏။

လူထူးလူဆန်း၏ မြင်းလှည်းအား သစ်ပင်များကြား၌ ဖွက်ထားသည်ကို တွေ့ရှိလိုက်ရ၏။

ထိုလူထူးလူဆန်းက မြင်းလှည်းရှိရာသို့ လျှောက်သွားကာ လက်ထဲ၌ ပွေ့ယူလာသော ပန်းပုရုပ်အား ခေါင်းထဲသို့ ထည့်လိုက်သည်။

သူက မြင်းလှည်းမောင်း၍ထွက်ခွာသွားစဉ် စုမာလု နောက်မှကို ဖော့ပညာအား အသုံးပြု၍ တိတ်တဆိတ် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

မြင်းလှည်းမှာ အလေဝင်းများ ထားရှိရာအိမ်သို့ ရောက်ရှိသွားသောအခါ စုမာလုက အိမ်ခေါင်မိုးပေါ်မှ ချောင်း၍ကြည့်နေ၏။

ထို့နောက် သူက ဆက်၍ လိုက်လာခဲ့ရာ နောက်ဆုံး လူထူးလူဆန်းက တွေ့ရှိသွားသဖြင့် ယခုကဲ့သို့ ရင်ဆိုင်ပြိုက်ခိုက်ကြခြင်းဖြစ်လေသည်။

* * *

လေတဟူးဟူး တိုက်ခတ်နေ၏။

စုမာလုက မလှုပ်မယှက် ရပ်နေသည်။

လူထူးလူဆန်းကလည်း မလှုပ်မယှက် ရပ်နေ၏။

မြင်းလှည်းဆွဲသော မြင်းနှစ်ကောင်ကလည်း မလှုပ်မယှက် ရပ်နေသည်။ ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ တိတ်ဆိတ်ငြိမ်သက်နေ၏။

စုမာလုက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

'ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ'

လူထူးလူဆန်းက....

'အား'

သူက စူးရှစွာ-အော်ဟစ်လိုက်သည်။

ယင်းအသံအား ကြားလိုက်ရသောအခါ စုမာလုက အလွန်ရင်ထိတ်သွားရှာသည်။ သူက မဲ့ပြုံးပြုံးလိုက်သည်။

'မိတ်ဆွေက သရဲပာန် ဆောင်နေတာကိုး'

လူထူးလူဆန်းက သူ့ခေါင်းပေါ်မှ ခမောက်အား ချွတ်ချလိုက်သည်။ စုမာလု၏ မျက်လုံးအစုံက ပြူးကျယ်သွားသည်။



သူ၏ကျောပြင် တစ်ခုလုံးမှာလည်း ချမ်းစိမ့်သွားသည်ဟု ခံစားလိုက်ရသည်။ စုမာလုက ရင်ထိတ်တုန်လှုပ်စွာဖြင့် လူထူးလူဆန်းအား ငေး၍ကြည့်နေ၏။

လူထူးလူဆန်းက သူ၏ခမောက်အား ယပ်တောင်အဖြစ် အသုံးပြုကာ ယပ်ခတ်နေ၏။

ထိုအချိန် မြင်းလှည်း၏ ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင် မီးခိုးများက ထွက်ပေါ်လာ၏။

စုမာလုက မျက်မှောင်ကြုတ်သွားသည်။ သူက မည်သို့ ပြုလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုအချိန် မြင်းလှည်းတစ်ခုလုံး မီးခိုးလုံးများက လွှမ်းမိုးသွားချေပြီ။ စုမာလုက ဆုံးဖြတ်ချက်တစ်ခုအား ပိုင်နိုင်စွာ ချလိုက်သည်။

သူက အံကို တင်းတင်းကြိတ်လိုက်ရင်းမှ....

'ယား'

ဟု မာန်သွင်း အော်ဟစ်ကာ လူထူးလူဆန်းထံသို့ ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။ သို့သော် စုမာလု၏ မြင်ကွင်းထဲ၌ လူထူးလူဆန်းက ပျောက်ကွယ်သွားချေပြီ။

စုမာလုက ရင်ထိတ်သွားသည်။ သူက ခေါးကို ဝေ့ယမ်းက။ မိမိ၏ ခန္ဓာကိုယ်တစ်ခုလုံးအား ကာကွယ်ထားလိုက်လေသည်။

သူသည် မီးခိုးကြားထဲသို့ တိုးဝင်လိုက်၏။ အဖြူရောင် မီးခိုးများ မြင်းလှည်းနှင့် သူ့အား လွှမ်းသွားလေသည်။

'အား'

ရုတ်တရက် စူးရှသော အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီးလျှင် ပြန်လည် တိတ်ဆိတ်သွားသည်။

စုမာလု၏ အော်ဟစ်သံပင် ဖြစ်သည်။ သူက မည်သည့် အန္တရာယ်နှင့် ရင်ဆိုင် တွေ့ကြုံလိုက်ရပါသနည်း။

ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွား၏။ မြင်းလှည်းမှာ မီးခိုးများကြားမှ တိုးထွက်လာကာ မောင်းနှင် ထွက်ခွာသွားလေပြီ ဖြစ်သည်။

မည်သည့်နေရာသို့ ဦးတည်သွားနေပါသနည်း။

မီးကျောင်း

ကောင်းကင်တစ်ခုလုံး တိမ်များကင်းစင်နေ၏။
နေရောင်ခြည်က ခြံဝင်း၏တံခါးပေါ်သို့ ထိုးကျနေသည်။
သူက နှစ်ကြိမ်တိတိ တံခါးခေါက်ခဲ့ပြီဖြစ်သည်။
သို့သော် မည်သည့်လှုပ်ရှားမှုမှ မတွေ့ရပါချေ။ လုံးဝေကအနည်းငယ် အံ့သြသွားသည်။
တတိယအကြိမ် တံခါးခေါက်ရန် ဟန်ပြင်လိုက်လေသည်။
ရုတ်တရက် တံခါးပွင့်သွားသည်။
လူတစ်ယောက်က ခေါင်းပြူ၍ ထွက်လာသည်။ ထိုလူ၏ ဦးခေါင်းတစ်ခုလုံး ဖြူဖွေးဆွတ်နေ၏။

ယင်းလူမှာ မနေ့ညက တွေ့ခဲ့ရသောအဘွားအိုပင်ဖြစ်သည်။ လုံးဝေက ပြုံးပြလိုက်သည်။

အဘွားအိုက လုံးဝေအား မြင်တွေ့လိုက်သောအခါ အနည်းငယ် အံ့အားသင့်သွားလေသည်။

လုံးဝေက အဘွားအိုအား ဦးညွှတ်လိုက်သည်။ အဘွားအို ထံမှ အသံ ထွက်ပေါ်လာ၏။

'ဪ....မင်းကိုး'

လုံးဝေက ပြုံး၍....

'ဟုတ်ပါတယ်ခင်ဗျာ'

အဘွားအိုက....

'မင်းက ဘာလာလုပ်တာလဲ'

လုံးဝေက....

'ဒီကို ခဏလာတာပါ'

အဘွားအို၏ ဖြူဖွေးသောမျက်နှာက မျက်မှောင်ကြုတ် သွားသည်။

'ဘာကိစ္စ'



လုံးဝေက....

'ဦးလေးရှောင်ရှိ အိမ်မှာ ရှိပါသလားခင်ဗျာ'

အဘွားအိုက အံ့အားသင့်သွားလေသည်။

'မင်းက သူ့ကို တွေ့ချင်လို့လား'

လုံးဝေက....

'ဟုတ်ကဲ့'

အဘွားအိုက....

'မင်းက သူ့ကိုသိလို့လား'

လုံးဝေက ပြုံးလိုက်ပြန်သည်။

'မသိပါဘူးခင်ဗျာ'

အဘွားအို၏ အသံ အနည်းငယ် တင်းမာသွားသည်။

'ဒါဖြင့် မင်းကဘာလာလုပ်တာလဲ'

လုံးဝေက ပြုံးလျက်....

'ဒေါ်ဒေါ်ကကော သူနဲ့ ဘာတော်ပါသလဲ ခင်ဗျာ'

အဘွားအိုက....

'ဒေါ်ဒေါ်က ဒီအိမ်က အိမ်ဖော်လေ'

သူမက လုံးဝေအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေလေသည်။ ရုတ်တရက် သူမနောက်မှ အသံထွက်ပေါ်လာ၏။

'ဘယ်သူလဲဟေ့'

အဘွားအို၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။ သူမက ကပျာကယာ လမ်းဖယ်ပေးလိုက်သည်။

လုံးဝေက အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်စဉ် အဘွားအိုနောက်၌ အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

အဘိုးအို၏ ဆံပင်များ ဖြူဖွေးနေ၏။ သူ၏အသက်မှာ အနည်းဆုံး ခြောက်ဆယ်ခန့်ရှိပြီဟု ထင်ရသည်။

သို့သော် အိုမင်းရင့်ရော်မှု လက္ခဏာ လုံးဝ မတွေ့ရပါချေ။

သူ၏ ခန္ဓာကိုယ်မှာ အလွန်ထွားကျိုင်းသည်။ လက်ဝါးနှစ်ဖက်မှာလည်း ကြီးမားသည်။ ရင်အုပ်ကျယ်၍ ခါးတုတ်သည်။



နှာခေါင်းမှာ သိမ်းငှက်ခေါင်းကဲ့သို့ ဖြစ်နေ၏။ ပါးစပ်ကျယ်၍ မျက်လုံးအစုံမှာ မြူးကျယ်သည်။

မျက်ခုံးမွေး ထူပျစ်၍ ကြမ်းတမ်းသည်။ သူ၏တစ်ကိုယ်လုံး ခြုံ၍ကြည့်ပါက သာမန်လူထက် အနည်းငယ် ကြီးနေသည်ကို တွေ့ရှိလိုက်ရသည်။

လုံးဝေက ထိုလူမှာ ရှောင်ရီ ဖြစ်ရမည်ဟု အတပ်သိလိုက်လေသည်။ သူက လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်၏။

'ဦးလေး....ရှောင်ရီဟုတ်လား'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

သူ၏အသံက ဟိန်းထွက်လာ၏။

လုံးဝေက ပြုံးပြလိုက်သည်။

'ကျွန်တော်က လုံးဝေပါ'

အဘိုးအို၏ မျက်တောင်နှစ်ခု ကော့တက်သွား၏။

'လုံးဝေ...သံကွင်းကိုးခု လုံးဝေလား'

လုံးဝေက….

'ဟုတ်ပါတယ်ခင်ဗျာ'

ရှောင်ရိက လုံးဝေအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'အင်း….မင်းနာမည်နဲ့လူက လိုက်ပါတယ်ကွာ'

လုံးဝေက….

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ရှောင်ရိက ရယ်မောလိုက်သည်။

'ဟား….ဟား….ဟား မင်းက သိုင်းလောကမှာ နာမည်အလွန်ကြီးနေတယ်ကွ၊ နာမည်ကြီးသလောက် မင်းက ယဉ်ကျေးသိမ်မွေ့နေတာကိုး'

သူက လုံးဝေအား စိုက်ကြည့်လိုက်သည်။

'ကဲ…ဝင်ပါဦး၊ မင်းကို ငါက အရက်တိုက်ချင်လို့ပါ'

လုံးဝေက အနည်းငယ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ပြီးမှ ကပျာကယာ ဦးညွှတ်၍….



'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟု ပြောပြီး အခန်းထဲသို့လှမ်းဝင်လိုက်လေသည်။ ရှောင်ရိက အခန်းထဲသို့ လှည့်ဝင်သွား၏။

လုံးဝေက သူ့နောက်မှ လိုက်ပါသွားသည်။

* * *

စားပွဲပေါ်၌ ဟင်းလျာများ ပြည့်နှက်နေ၏။

အရက်ကရားတစ်အိုး တင်ထားပြီး ခွက်နှစ်လုံး အဆင်သင့်ရှိနေလေသည်။ အရက်မှာ ကျော်ကြားသော ဝါးစိမ်းရွက်အရက်ဖြစ်၏။

အဘွားအိုက စီမံစရာရှိသည်များကို အားလုံးပြည့်စုံအောင်ဆောင်ရွက်ပြီးနောက် အခန်းထဲမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ရိက ဟန့်တားလိုက်သည်။

'ခဏနေဦး'

အဘွားအိုက ခြေလှမ်းရပ်တန့်သွား၏။

သူမက ရိုကျိုးစွာဖြင့်....

'ဘာများ ခိုင်းစရာ ရှိပါသေးသလဲ သခင်ကြီး'

ဟု မေးလိုက်လေသည်။

'မင်း ယို့ လန်းအခန်းကိုသွားပြီး ငါခေါ်တယ်လို့ ပြောလိုက်စမ်း'

အဘွားအိုက....

'သခင်လေး အိမ်ထဲမှာ မရှိပါဘူး'

ရှောင်ရိက မျက်မှောင်ကြုတ်သွား၏။

'သူ ဘယ်သွားနေသလဲ'

အဘွားအိုက....

'ကျွန်မ မသိပါဘူး၊ မနေ့ကတည်းက ထွက်သွားတာပါ'

ရှောင်ရိ မျက်နှာ တင်းမာသွားသည်။



'နေ့းတိရစ္ဆာန်လိုကောင်ပဲ၊ ဘယ်သွားမယ် ဆိုတာတောင် မပြောခဲ့ဘူးလား'

အဘွားအိုက....

'သခင်ကြီး ဘာကိစ္စရှိလို့ သူ့ကို တွေ့ချင်တာပါလဲ'

ရှောင်ရိက လုံးဝေအား လက်ညှိုးထိုးပြလိုက်သည်။

'ဟောဒီမှာကြည့်စမ်း၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်လောက် ကျော်ကြားသလဲ၊ သူ အသုံးမကျတာကို ပြချင်လို့ပေါ့'

အဘွားအိုက ခေါင်းငုံ့တားလိုက်လေတော့သည်။

* * *

လုံးဝေနှင့် ရှောင်ရိတို့က စားသောက်ရင်း စကားပြောဆို နေကြသည်။

လုံးဝေ၏ အကြည့်မှာ လိုက်ကာတစ်ခုဆီသို့ အမှတ်မထင် ရောက်ရှိသွားလေသည်။

ထိုလိုက်ကာမှာ မည်သည့် ပန်းချီကားချပ်မှ မရှိဘဲ အရောင်သာ ခြယ်သထားသည်ကို တွေ့ရ၏။

လုံးဝေက ထိုလိုက်ကာ၏ နောက်ဘက်သို့ သွားရောက်ကြည့်ရှုလိုသော ဆန္ဒ ပြင်းပြလာလေသည်။

သို့သော် သူကဟန်ဆောင် ချုပ်တည်းနေလိုက်သည်။

ရှောင်ရိက....

'မင်းက ထင်းရှောင်ဆီကို လာတာမဟုတ်လား'

လုံးဝေက....

'ဟုတ်ပါတယ်ခင်ဗျာ'

ရှောင်ရိက....

'ထင်းရှောင် နေကောင်းရဲ့လား'

လုံးဝေက....

'ဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျာ'

ရှောင်ရိက....

'ကျိယန်းကော'



လုံးဝေက....

'သူ့ကို မတွေ့သေးပါဘူး ခင်ဗျာ'

ရှောင်ရိက....

'သူ အိမ်မှာမရှိဘူးလား'

လုံးဝေက....

'ဟုတ်ကဲ့၊ ကနေ့ညနေမှ ပြန်လာမယ် ပြောသွားပါတယ်'

ရှောင်ရိက....

'မင်းတို့ ဘယ်တော့ လက်ထပ်မှာလဲ'

လုံးဝေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူက ရှောင်ရိယင်းသို့ မေးလာမည်ဟု လုံးဝ မထင်မှတ်ခဲ့၍ ဖြစ်သည်။

ရှောင်ရိက ပြုံးလိုက်သည်။

'ကျုပ်ကို ဖုံးကွယ်မနေပါနဲ့၊ ကျုပ် အားလုံး သိပြီးသားပါ'

လုံးဝေက ခေါင်းညိတ်၍....

'ဟုတ်ကဲ့၊ ရက်မသတ်မှတ်ရသေးပါဘူးခင်ဗျာ'

ရှောင်ရီက....

'မင်းတို့ လက်ထပ်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး တိရစ္ဆာန် ယို့လန်းဟာ အတော်လေး စိတ်ထိခိုက်ခဲ့သေးတယ်ကွ'

လုံးဝေက....

'ဩော်...ကြားရတာ စိတ်မကောင်းပါဘူးခင်ဗျာ'

ရှောင်ရီက လက်ကာပြလိုက်သည်။

'စိတ်မကောင်းမရှိနဲ့၊ သူ့ဒုက္ခ သူရှာတာ'

လုံးဝေက တစ်စုံတစ်ခုကို သတိရလာ၏။

'ဩော်...ဒါနဲ့ ယို့လန်းဟာ ပန်းပုပညာ အတော်ထူးချွန်တယ်လို့ ကြားပါတယ်'

ရှောင်ရီက ခေါင်းညိတ်လိုက်သည်။

'မှန်တယ်'

လုံးဝေက ပြုံး၍....

'ကျွန်တော်ကတော့ ပန်းပုနဲ့ ပတ်သက်ပြီး ဘာမှ နားမလည်ပါဘူး'



ရှောင်ရီက....

'ဒီပညာက မဆန်းပါဘူးကွာ'

လုံးဝေက....

'ဘာပဲဖြစ်ဖြစ်လေ၊ ယို့လန်းက ဒီပညာတတ်ထားတဲ့အတွက် တစ်မျိုး ကျော်ကြားတာပေါ့'

ရှောင်ရီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒီနားက ဘုရားကျောင်းတွေဟာ သူ့ကိုငွေအများကြီးပေးပြီး ထုခိုင်းတာလေ'

သူက သက်ပြင်းတစ်ချက်ချရင်း စကားဆက်လိုက်၏။

'အင်း....ဒါပေမယ့်၊ သူက ကျုပ်တတ်တဲ့ သိုင်းပညာကို ဘာမှ မတတ်ဘူးကွယ့်'

လုံးဝေက အံ့သြသွားသည်။

'သူ့ပန်းပုလက်ရာ ထူးချွန်ပါလျက်နဲ့ သိုင်းပညာ ဘာကြောင့် မတတ်တာလဲ'

ရှောင်ရီက ခေါင်းကိုဖြေးလေးစွာ ခါယမ်းလိုက်သည်။

'သူက ငယ်ငယ်ကတည်းက သိုင်းပညာ မသင်ချင်ဘူးလေ၊ စိတ်ကလဲ ပျော့ညံ့တယ်ကွ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဩော်...သူက ဝါသနာမှ မပါတာကိုး'

ရှောင်ရီက....

'ဒါနဲ့ မင်းနဲ့ကျွဲယန်းတို့ ဒီလောက်ရင်းနှီးနေပြီး သူ့အကြောင်း ပြောမပြဘူးလား'

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း....တစ်ခါမှ မပြောပြပါဘူးဦးလေး'

ရှောင်ရီက ခေါင်းညိတ်၍ ပြုံးလိုက်သည်။

'အင်း.. ဒါကိုကြည့်ရင်ပဲ ကျွဲယန်းက သူ့ကို လုံးဝသတိမရဘူးဆိုတာ ထင်ရှားနေပြီ'

လုံးဝေက ပြုံးရုံသာပြုံးလိုက်သည်။ ရှောင်ရီ၏စကားသံက ဆက်လက် ထွက်ပေါ်လာ၏။

သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက အတူတူ ကြီးပြင်းလာတာလေ၊ ငယ်သူငယ်ချင်းတွေပေါ့ကွာ'

လုံးဝေက အလိုက်သင့် ပြောလိုက်သည်။

'ဟုတ်ကဲ့'



ရှောင်ရီက....

'ဒါပေမယ့် ချစ်ခြင်းမေတ္တာဆိုတာ အင်မတန် ဆန်းကြယ်တာကိုး၊ ဘယ်လိုမှ ပုံပြင်ပြောင်းလွှဲလို့ မရတဲ့ အရာပဲကွ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

ရှောင်ရီက....

'ကျုပ်ဟာ အနုပညာသမား တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွဲယန်းကို အကဲခတ်ကြည့်သလောက် စိတ်ဓာတ်ပျော့တဲ့ ယောကျ်ားကို မကြိုက်နှစ်သက်ဘာကို တွေ့ရတယ်'

သူက စကားဆက်လိုက်သည်။

'ဒါကြောင့် ယို့လန်းက ကျွဲယန်းအပေါ် မေတ္တာရှိနေတဲ့ အကြောင်း ပြောလာတဲ့အခါမှာ ကျုပ် ဦးနှောက်အတော် ခြောက်ခဲ့ရတယ်ကွယ့်'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ ဦးလေး'

ရှောင်ရီက....

'မင်းသိတဲ့အတိုင်းပါပဲ၊ ငါနဲ့ ထင်းရှောင်တို့ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပါပဲ၊ သူ့သမီးနဲ့ ငါ့သား သွားပြီး စေ့စပ်ကြောင်းလမ်းရင် ဖြစ်နိုင်စရာအကြောင်းတော့ ရှိတယ်၊ ဒါပေမယ့်....'

သူက စကားဆက်လိုက်၏။

'ဒါပေမယ့် လူငယ်နှစ်ယောက်ရဲ့စိတ်ဓာတ်က မတိုက်ဆိုင်ဘူးဆိုတာ သိနေလေတော့ ကျုပ်က လုံးဝ သဘောမတူခဲ့ဘူးလေ'

သူက သက်ပြင်းတစ်ချက်ချရင်း စကားဆက်လိုက်၏။

'ဒါပေမယ့် ယို့လန်းဟာ မအိပ်နိုင် မစားနိုင်ဖြစ်နေတာ တွေ့လာရတော့လဲ မိဘဖြစ်တဲ့ ကျုပ်က မနေနိုင်တော့ဘူးလေ'

လုံးဝေက နားစိုက်ထောင်နေ၏။

ရှောင်ရိက စကားဆက်လိုက်သည်။

'နောက်ဆုံး ကျုပ်က မနေနိုင်လွန်းလို့ မိန်းမကိုတိုင်ပင်ပြီး ကျိယန်းကို သွားတောင်းပေးဖို့ လုပ်ပါသေးတယ်၊ ဒါပေမယ့် ကျုပ်မိန်းမက ဒီကိစ္စကို လုံးဝ သဘောမတူပြန်ဘူးလေ'



လုံးဝေ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

'ဒေါ်ဒေါ်က ဘာဖြစ်လို့ သဘောမတူတာလဲခင်ဗျာ'

ရှောင်ရိက....

'အင်း....သူက ကျိယန်းဟာ ယို့လန်ကို သဘောကျနှစ်သက်ခြင်း မရှိဘူးဆိုတာ သိလို့နေမှာပေါ့'

လုံးဝေက....

'နောက်တော့ကော ဦးလေး'

ရှောင်ရိက....

'နောက်တော့ ကျုပ်လဲ ဒီကိစ္စကို လုံးဝ ထပ်ပြီးမမေးတော့ပါဘူး'

သူက မချိပြုံး ပြုံးလိုက်သည်။

'မင်း မသိသေးဘူးထင်တယ်၊ ငါ့ရဲ့သိုင်းပညာက အဆင့်မနိမ့်ပေမယ့်၊ ငါ့ရဲ့ရုပ်ရည် ကြမ်းတမ်းပေမယ့် မိန်းမကျတော့ ကြောက်ရတယ်ကွ'

လုံးဝေမှာ ရှောင်ရိ၏ ပွင့်လင်းစွာ ပြောလာသော စကားကြောင့် ရယ်မောလိုက်မိလေသည်။

ရှောင်ရိက....

'တစ်ခုတော့ရှိတယ်၊ ကျုပ်မိန်းမကို သိပ်ပြီး ကြမ်းတမ်းလိမ့်မယ်လို့ မယူဆနဲ့နော်၊ မင်း ဒီလိုယူဆရင် မှားသွားလိမ့်မယ်'

လုံးဝေ၏မျက်နှာ အံ့သြလွန်း၍ မျက်ခုံးနှစ်ဖက် ကက်သွားသည်။ ရှောင်ရိက ပြုံးလိုက်၏။

'အမှန်အတိုင်း ပြောရရင် သူမက ငယ်ငယ်တုန်းက အလွန်လှတဲ့ မိန်းကလေးတစ်ယောက်ပေါ့၊ လှတော့လဲ နာမည်ကြီးလာတယ်လေ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဪ....ဒီလိုကိုး'

ရှောင်ရိက...

'ဦးလေးဟာ မိန်းမကြောက်တယ်ဆိုပြီး အထင်မသေးလိုက်ပါနဲ့၊ မိန်းမကို ချစ်လို့ အရှုံးပေးထားတာပါ၊ မချစ်ရင် ဘာဖြစ်လို့ ကြောက်စရာလိုမှာလဲ'



လုံးဝေက ပြုံးလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် ယုံကြည်ပါတယ်ဦး'

ရှောင်ရိက သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းက ယုံကြည်တယ်လို့သာ ပြောတာ၊ မင်းရဲ့ မျက်လုံးအိမ်ထဲမှာ သံသယရှိနေတယ်ကွ၊ အေးလေ....မင်းမိန်းမရလာတဲ့အခါမှ ကိုယ်တွေ့ကြုံလာရမယ့် အဖြစ်ပါ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

ရှောင်ရိက မူလစကားကို ဆက်လိုက်ပြန်သည်။

'ဪ.... စကားဆက်ရဦးမယ်၊ ယို့လန်းကိစ္စမှာ ဦးနဲ့သူ့အမေက အားလုံး ကန့်ကွက်နေတော့ သူလဲ ဘာမှ မတတ်နိုင်တော့ဘူးလေ'

သူက သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ....

ယို့လန်းဟာ သူ့ရဲ့ဆန္ဒ မပြည့်ဝတော့ ကျိယန်းရဲ့ ပုံတူပန်းပုရုပ်ကို မအိပ်မနေ ထုတော့တာပါပဲ'

လုံးဝေ၏ရင်ထဲ တစ်ချက် လှုပ်ရှားသွား၏။

'အင်း....ဒါမြင်းလှည်းပေါ်မှာတွေ့ခဲ့ရတဲ့ အရုပ်ပဲ ဖြစ်မယ်'

သူက ကျိတ်၍ တွေးလိုက်လေသည်။

ရှောင်ရီက....

'မင်းက သူတို့သတင်းကြားလို့ အခုလို လာမေးတာ မဟုတ်လား'

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ရပါဘူးဗျာ'

ရှောင်ရီက မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့် မင်းက ဒီကိုဘာလာလုပ်တာလဲ'

ထိုအချိန် အဘွားအိုက အရက်တစ်အိုး ထပ်မံယူ၍ လာချလိုက်သည်။ ရှောင်ရီက သူမအား လက်ဝှေ့ယမ်းပြလိုက်ပြီး....

'မင်းသွားနိုင်ပြီ'

အဘွားအိုက လုံးဝေအား တစ်ချက်ကြည့်လိုက်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



ရှောင်က လုံးဝေအား စိုက်ကြည့်လိုက်သည်။

လုံးဝေက အရက်အား တစ်ငုံသောက်မော့လိုက်ပြီး ချထားလိုက်လေသည်။ လုံးဝေသည် မနေ့ညတုန်းဆီက သူကြုံတွေ့နေရသော အဖြစ်အပျက်များကို အသေးစိတ် ရှင်းပြလိုက်၏။

* * *

လုံးဝေသည် စကားများများ မပြောတတ်သော လူငယ်တစ်ယောက် မဟုတ်ပါလား။

အဖြစ်မှန်ကို ရိုးရိုးစင်းစင်း ပြောပြလိုက်သည်။

ဤသို့ ပြောလိုက်သောအခါ ရှောင်ရီက စိတ်ဝင်စားစွာ နားထောင်နေ၏။ သူက စိတ်ဝင်စားစွာ နားထောင်နေရုံမက သူ၏မျက်နှာမှာလည်း ညှိုမည်းသွားသည်။

လုံးဝေ၏ မျက်လုံးအစုံမှာ ရှောင်ရီ၏မျက်နှာအား သေချာစွာ အကဲခတ်ရင်း ပြောနေခြင်းဖြစ်လေသည်။

သူ၏စကား ဆုံးသွားသည်နှင့် ရှောင်ရိ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

* * *

လေသည် အပြင်၌ တိုက်ခိုက်နေ၏။

ကြွေကျသွားသော သစ်ရွက်ခြောက်များက လေထဲ၌ လွင့်မြန်နေ၏။ လေတစ်ချက်အဝှေ့တွင် အခန်းထဲသို့ ဝေ့ဝဲရောက်ရှိလာသည်။

လေမှာ အေးစိမ့်ခြင်း မရှိပါချေ။ သို့သော် ရှောင်ရိ၏ ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်ဟု ထင်လိုက်ရသည်။

'မင်းပြောတာ အမှန်တွေပဲလား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

ရှောင်ရိက....



'အမျိုးသမီးဟာ မယ်တော်ရဲ့ပုံသဏ္ဌာန် ဝတ်ထားတယ်နော်'

လုံးဝေက....

'ဟုတ်ပါတယ်'

ရှောင်ရိက ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

ထို့နောက် လိုက်ကာရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွား၏။ ယင်းလိုက်ကာအား လျင်မြန်စွာ ဆွဲဖေါက်လိုက်လေသည်။

လုံးဝေ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် လိုက်ကာနောက်ကွယ်တွင် မယ်တော်ပုံ ထုထားသော ရုပ်တုတစ်ခုအား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

* * *

ရုပ်တု၏အမြင့်မှာ လူတစ်ရပ်ခန့်ရှိသည်။

ရုပ်တုမှာ အသက်ရှိနေသည့်အလား လှန်စွာလက်ရာမြောက်လှပေသည်။

လုံးဝေ၏ မျက်လုံးအစုံက ယင်းရုပ်တုအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

ရွှောင်ရိက ထိုရုပ်တုအား ညွှန်ပြလိုက်သည်။

'မင်း မနေ့ညကတွေ့ခဲ့တဲ့ မယ်တော်ဆိုတာ ဒီပုံအတိုင်းပဲလား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဝတ်စားဆင်ယင်ပုံမှာရော မျက်နှာပုံရော အားလုံး အတူတူပါပဲ'

ရွှောင်ရိ၏အသံက တုန်ယင်လာသည်။

'ဟုတ်ပါပြီ'

သူက စကားဆုံးသောအခါ သူ၏လက်များ တဆတ်ဆတ်တုန်ခါလာသည်ကို တွေ့လိုက်ရ၏။



လုံးဝေက....

'ဒါနဲ့ ဒီလက်ရာဟာ ဦးရဲ့သား ယို့လန်းရဲ့လက်ရာ မဟုတ်လား'

ရွှောင်ရိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တခြားလူက ဒီလိုထုနိုင်မှာမဟုတ်ဘူး'

လုံးဝေက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ....

'ဟုတ်ပါတယ်ဗျာ၊ ယို့လန်းရဲ့ပန်းပုပညာကတော့ တစ်ဖက်ကမ်းခတ်အောင် ဘတ်ကျွမ်းတာပဲ'

ရွှောင်ရိက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ပန်းပုပညာကို ပြောနေတာမဟုတ်ဘူး'

လုံးဝေက နားမလည်နိုင်ဘဲ ဖြစ်သွား၏။

'ဦးက ပန်းပုပညာကို ပြောတာမဟုတ်ရင် ဘာကို ပြောနေတာလဲခင်ဗျာ'

ရွှောင်ရိက ရုပ်တုကို ကြည့်လိုက်သည်။

'ဒီရုပ်တုရဲ့မျက်နှာကို ပြောနေတာပါ'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဘာလဲ၊ ဒီရုပ်တုရဲ့မျက်နှာဟာ တစ်ယောက်ယောက်နဲ့ သွားပြီးတူနေလို့လား'

ရှောင်ရီက....

'ဒီရုပ်တုရဲ့ မျက်နှာဟာ တစ်ယောက်ယောက်နဲ့ သွားဆင်တူနေတာ မဟုတ်ဘူး၊ ချွတ်စွပ်တူနေတာ'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူနဲ့ တူနေလို့လဲ'

ရှောင်ရီက....

'ရှမ်းကျင်းလေ'

လုံးဝေက....

'သူက ဘယ်သူလဲခင်ဗျာ'

ရှောင်ရီက....



'ကျုပ်ဇနီးလေ'

လုံးဝေက...

'ဦးဇနီးကရော မမြင်မိပါလား'

ရှောင်ရီ၏ မျက်လုံးအစုံ၌ ပူဆွေးရိပ်များ ဖြတ်သန်းသွားလေသည်။

'သူသေဆုံးတာ သုံးနှစ်လောက် ရှိသွားပါပြီ'

'ဗျာ....'

လုံးဝေ၏ပါးစပ် ဟောင်းလောင်း ဖြစ်သွားသည်။

ရှောင်ရီ၏အသံက တုန်တုန်ယင်ယင်ဖြင့် ထွက်ပေါ်လာလေသည်။

'သူက ရောဂါရပြီးသေသွားတယ်ကွယ့်၊ သူ့ရဲ့အလောင်းကို ကျုပ်ကိုယ်တိုင် ခေါင်းထဲထည့်ပြီး ကျုပ်ကိုယ်တိုင်ပဲ မြေမြှုပ်ခဲ့ပါတယ်'

လုံးဝေက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်ရီက...

'မင်းမယုံဘူးလား၊ အဘွားကြီးကို မေးကြည့်ပေါ့၊ သူက မင်းကို အုတ်ဂူလိုက်ပြပါလိမ့်မယ်'

လုံးဝေက....

'ဒါဖြင့် မနေ့ညက ကျွန်တော်....'

ရှောင်ရိက သူ့အား စိုက်ကြည့်လိုက်သည်။

'ဟုတ်တယ်၊ မင်းမနေ့က သရဲကိုတွေ့ခဲ့တာပဲ'

ရှောင်ရိက လုံးဝေအား စိုက်ကြည့်နေဆဲပင် ရှိသေး၏။ လုံးဝေက မချိပြုံးပြုံးလိုက်သည်။

ရှောင်ရိမျက်နှာ ကွက်ခနဲပျက်သွား၏။

'မင်းက သရဲရှိတယ်ဆိုတာ မယုံဘူးလား'

လုံးဝေက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်၏။

'မယုံပါဘူးခင်ဗျာ'

ရှောင်ရိက ...

'ဒါပေမယ့် နည်းနည်းတော့ ယုံတယ်မဟုတ်လား'



လုံးဝေက ခေါင်းညိတ်လိုက်သည်။

ရှောင်ရိက ပြုံးလိုက်သည်။

'ကျုပ်လဲ ဒီအတိုင်းပါပဲ'

သူက သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ ....

'အင်း ...ဒီအတိုင်းဆိုရင် ကျုပ်က သရဲတစ္ဆေဆိုတာကို ယုံရမလို ဖြစ်နေပြီ'

သူက ပြောရင်းမှ ရုပ်တုအား ထပ်မံကြည့်လိုက်၏။

'အင်....'

သူ၏နှုတ်မှ လွှတ်ခနဲ အော်လိုက်မိသည်။

ရှောင်ရိက လုံးဝေကြည့်သော နေရာသို့ ကြည့်လိုက်သော အခါ သူက ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

'ဟင်....သေ့း....သေ့းတွေပါလား'

* * *

သွေးများက မယ်တော်ရုပ်တု၏ နှုတ်ခမ်းထောင့်မှ စီးကျလာနေခြင်း ဖြစ်သည်။

ရုပ်တု၏ ပါးစပ်ထဲမှ အဘယ့်ကြောင့် သွေးများစီးသင်းကျလာနေပါသနည်း။ လုံးဝေက အလွန်အံ့သြနေ၏။

ထိုအချိန် ရုပ်တု၏ပါးစပ် အနည်းငယ် လှုပ်ရှားလာသည်ကို တွေ့ရသည်။ သူသည် မိမိမျက်လုံးများ အမြင်မှားနေပြီလောဟု စဉ်းစားလိုက်မိသည်။

ထို့နောက် သေချာစွာ ဂရုစိုက်၍ကြည့်လိုက်၏။ မှန်ပေသည်။ ရုပ်တုပါးစပ်မှာ လှုပ်ရှားနေခြင်း ဖြစ်သည်။

ထိုအချိန်....

'ဖောက်'

ဟူသော အသံနှင့်အတူ ရုပ်တု၏ပါးစပ်ပေါက်မှ သစ်သားများ ကွာကျသွားလေသည်။ ရုတ်တရက် အညိုကောင်သတ္တဝါတစ်ကောင်မှာ ပါးစပ်ပေါက်ထဲမှ လျှောခနဲ ထိုးထွက်လာသည်။

ယင်း သတ္တဝါအား သေချာစွာ ကြည့်လိုက်သောအခါ မိကျောင်းပေါက်ကလေးတစ်ကောင် ဖြစ်နေ၏။



လုံးဝေ၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။ သူက ထိတ်လန့်တုန်လှုပ်သွားမိ၏။

ထို့အတူ ရှောင်ရိ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ သူ၏တစ်ကိုယ်လုံး တောင့်တင်းသွား၏။

ယင်းမိကျောင်း၏ ခြေထောက်မှာ သွေးများ ဒပေကျံနေသည်။ ထိုအခါ သူရောက်ရှိသွားရာ နေရာတိုင်း၌ သွေးများ စွန်းထင်းပေကျံနေ၏။

သို့သော် သူ၏လှုပ်ရှားပုံမှာ လျင်မြန် ဖျတ်လတ်လွန်းလှပေသည်။ ထိုမိကျောင်းမှာ ဒဏ်ရာရရှိထားသည့်လက္ခဏာ မရှိပါချေ။

ဤသို့ဆိုလျှင် မိကျောင်းခြေထောက်မှ သွေးများက မည်သည့်နေရာမှ ပေကျံခဲ့ပါသနည်း။

အညိုရောင်မိကျောင်းကလေးမှာ မယ်တော်ရုပ်တု၏ မျက်နှာပေါ်သို့ ပြန်တက်သွား၏။

တစ်ဖန် လည်ကုပ်ပေါ်သို့ ပြန်လည် ဆင်းလာပြန်သည်။ ထို့မှတစ်ဖန် လက်မောင်းနေရာသို့ ဆက်သွားနေပြန်၏။

ရုတ်တရက်....

'ယား'

ဟူသော အသံနှင့်အတူ သူ၏ အင်္ကျီလက်မောင်းစဖြင့် ထို မိကျောင်းကလေးအား ပုတ်ချလိုက်သည်။

ထိုအခါ မိကျောင်းမှာ မြေပေါ်သို့ လွင့်စဉ်ကျသွားလေသည်။ တစ်ဆက်တည်းမှာပင် ရှောင်ရိက ကုလားထိုင်တစ်လုံးဖြင့် မိကျောင်းအား ဆောင့်ချလိုက်လေသည်။

မိကျောင်းပေါက်ကလေး၏ ခန္ဓာကိုယ် ပြားချပ်သွား၏။ အတန်ကြာတော့မှ လုံးဝေက စိတ်သက်သာရာရရှိသွားသည်။

သူ၏ဦးနှောက်ထဲ၌ ကျိတ်၍ စဉ်းစားလိုက်မိသည်။

'ဘယ်သူကများ မိကျောင်းကို ဒီရုပ်တုထဲ လာထည့်ထားတာပါလိမ့်'

ထိုအချိန် ရှောင်ရိ၏ တုန်ယင်သောအသံထွက်ပေါ်လာ၏။

'လူလုပ်တာမဟုတ်ဘူးကွ၊ မိကျောင်းက အနှောင့်အယှက်ဖြစ်အောင် လုပ်တာ'

လုံးဝေက အံ့အားသင့်သွား၏။

'ဘယ်လို....မိကျောင်းကအနှောင့်အယှက်ဖြစ်အောင်လုပ်တာ ဟုတ်လား'



လုံးဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။ ရှောင်ရိစကားအား သူက နားလည်ရခက်နေသည် မဟုတ်ပါလော။

အကြောင်းမှာ မိကျောင်းဆိုသော သတ္တဝါဆိုသည်မှာ မြစ်ချောင်းအင်းအိုင်ထဲ၌သာ ရှိတက်သော ရေသတ္တဝါမဟုတ်ပါလော။

ယခုမူ ဤမိကျောင်းကမည်သို့ကုန်းပေါ်တက်ခဲ့ပါသနည်း။ ထို့ပြင် ဤမယ်တော်ရုပ်တုထဲသို့မည်သို့ရောက်ရှိလာပါသနည်း။

သူက အတွေးများဖြင့် ရှုပ်ယှက်ခတ်နေစဉ်မှာပင် ရှောင်ရိ၏ စကားသံ ထွက်ပေါ်လာပြန်၏။

'အင်း...ဒီကိစ္စဟာ အလွန်ထူးဆန်းတဲ့အတွက် ယုံရမှာ ခပ်ခက်ခက်ပဲ'

လုံးဝေ စိတ်ဝင်စားလာ၏။

'ပြောပြနိုင်ရင် ပြောပြပါလားခင်ဗျာ'

ရှောင်ရိက ခေါင်းခါယမ်းလိုက်သည်။

'အစတုန်းကတော့ ကျုပ်လဲမယုံဘူးဗျ၊ ဒါပေမယ့် အခုဟာက မယုံလို့မဖြစ်တဲ့အခြေအနေကို ရောက်နေပြီလေ'

ရှောင်ရိက စကားဆက်လိုက်ပြန်သည်။

'ရှမ်းကျင်းရဲ့ရုပ်တုထဲက သွေးထွက်တာရယ်၊ အညိုရောင် မိကျောင်းကိုတွေ့တာရယ်၊ ဒါတွေဟာ အန္တရာယ်တစ်ခု ရောက်လာမယ့် လက္ခဏာပါပဲ'

သူက မယ်တော်ရုပ်တုအား စိုက်ကြည့်လိုက်ပြန်သည်။ ထို့နောက် သူ၏မျက်နှာက တင်းမာလာသည်။

'လာစမ်းပါစေ၊ ကျုပ်က သိုင်းလောကတစ်ခုလုံးကိုတောင် မွှေနှောက်ခဲ့တာပဲ၊ မင်းကို ငါကြောက်နေရမှာလားကွ'

လုံးဝေက သူ့အား အံ့သြစွာဖြင့် ကြည့်လိုက်သည်။ ရှောင်ရိက လုံးဝေအားကြည့်၍ ပြောလိုက်သည်။

'မင်းကို ငါမိတ်ဆွေဖွဲ့လိုက်တာ မှားတယ်ကွာ'

လုံးဝေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ရှောင်ရိက စကားဆက်လိုက်ပြန်သည်။

'ကျုပ်အသက်ကို နှမြောလို့ မဟုတ်ဘူးကွ၊ ဒါပေမယ့် ဒီခြံဝင်း တစ်ခုလုံးမှာ ဘေးအန္တရာယ် ဝိုင်းနေတယ်ကွ၊ တော်ကြာ မင်းပါ မဆီမဆိုင် ဒုက္ခရောက်မှာစိုးလို့ပါ'



လုံးဝေက ပြုံးလိုက်သည်။

'ကျွန်တော်က ယောကျ်ားပါဗျာ၊ သေချင်ရင် ရှောင်လို့ မရပါဘူး၊ သေတစ်နေ့ မွေးတစ်နေ့ပါပဲ'

ရှောင်ရိ၏မျက်နှာ ဝင်းလက်တောက်ပသွား၏။

'အင်း....ဒါမှ တကယ့်ယောကျ်ားကွ'

လုံးဝေက....

'ဒါနဲ့ ဒီခြံထဲမှာ ဘာအန္တရာယ်တွေ များနေသလဲဆိုတာ သိခွင့်ရှိရင် သိပါရစေ'

ရှောင်ရိက အနည်းငယ်စဉ်းစားလိုက်၏။

'အင်း....ဒီအကြောင်းပြောရရင် အတော့်ကို ရှည်လိမ့်မယ်ကွ'

လုံးဝေက....

'ပြောပါ....ကျွန်တော် နားထောင်ပါ့မယ်'

ရှောင်ရိက လက်နှစ်ဖက် နောက်ပစ်၍ လမ်းလျှောက်လိုက်သည်။ ထို့နောက် လုံးဝေအနီး၌ ထိုင်ချလိုက်သည်။

သူက ပြောရန် ပါးစပ်ဟလိုက်စဉ်....

အဘွားအိုက ထိတ်ထိတ်ပျာပျာဖြင့် အခန်းထဲသို့ ဝင်လာနေသည်ကို တွေ့လိုက်ရ၏။

'ဘာကိစ္စလဲဟေ့'

ရှောင်ရိက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

အဘွားအို၏ ခြေလှမ်း တို့ခနဲ ရပ်တန့်သွား၏။ သူမက စကား ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'အပြင်မှာ လူတစ်ယောက် ခေါင်းလာပို့နေလို့ပါ'

'ဘာကွ'

ရှောင်ရိက ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

အဘွားအို၏မျက်နှာ ညှိုးငယ်သွားသည်။

'လူတစ်ယောက် ခေါင်းလာပို့နေပါတယ်၊ သူက သခင်ကြီးကို ပေးပါလို့ ပြောနေတယ်'

ရှောင်ရိ မျက်မှောင်ကြုတ်သွား၏။

'သူက ဘယ်သူလဲ'



ရှောင်ရိ၏ အမေးအား အဘွားအိုက ညှိုးငယ်စွာဖြင့်....

'မြို့တောင်ဘက်မှာနေတဲ့ ခွေးညိုပါ'

ရှောင်ရိ မျက်မှောင်ကြုတ်သွားသည်။

'ဟို ကြောင်ကောင်တောင်နဲ့ ကြမ်းပိုးလေးလား'

အဘွားအိုက....

'ဟုတ်ကဲ့'

ရှောင်ရိက....

'သူက ဘာအရူးထနေတာလဲ'

အဘွားအိုက....

'လူတစ်ယောက်က ငွေပေးပြီး သူ့ကိုခိုင်းတယ်လို့ ပြောပါတယ်'

ရှောင်ရိ၏ မျက်နှာတစ်ခုလုံး ညိုမည်းသွားသည်။ အဘွားအိုက စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး ခေါင်းထဲမှာလဲ သွေးတွေ စိမ့်ထွက်နေတာ တွေ့ရပါတယ် သခင်ကြီး'

'ဘာ....သွေး....ဟုတ်လား'

ရှောင်ရိ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

လုံးဝေက ထိုင်ရာမှထ၍....

'သွားကြည့်ရင် ကောင်းမယ်ထင်တယ်ဦး'

သူတို့နှစ်ယောက်က ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

ရှောင်ရိ၏ အိမ်ရှေ့၌ ခေါင်းတစ်လုံး ချထားသည်။

ပုပုဝဝလူတစ်ယောက်က ခေါင်းမှစီးကျနေသော သွေးများကို သုတ်နေ၏။

ရှောင်ရိက....

'ဟော့ ခွေးညို'

ခွေးညိုက ထိတ်လန့်စွာဖြင့် လှည့်ကြည့်လိုက်သည်။



'ဟုတ်ကဲ့ ခွေးညိုပါ'

ရှောင်ရိက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'မင်းကို ဘယ်သူက ဒီခေါင်းလာပို့ခိုင်းတာလဲ'

ခွေးညို၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွား၏။

'ခင်ဗျားက ရှောင်ရိလား'

ရှောင်ရိက....

'ဟုတ်တယ်၊ မင်းကို ဘယ်သူက ပို့ခိုင်းတာလဲ'

ခွေးညိုက....

'သူ့ကို ကျွန်တော်မသိပါဘူး'

ရှောင်ရိက ...

'သူ့ကို ဘယ်မှာတွေ့သလဲ'

ခွေးညိုက....

'ကျွန်တော့်အိမ်မှာပါ'

ရွှောင်ရိက....

'ဒါဖြင့် ဒီခေါင်းကို ဘယ်ကနေပွိုခိုင်းတာလဲ'

ခွေးညို့က....

'ကျွန်တော့် အိမ်ကပါ'

ရွှောင်ရိက....

'ဘယ်အချိန်လဲ'

ခွေးညို့က....

'ကျွန်တော် အိပ်ပျော်နေတဲ့ အချိန်မှာပါ'

ရွှောင်ရိက....

'ဒါဖြင့် မနေ့ညကပေါ့ ဟုတ်လား'

ခွေးညို့က....

'ဟုတ်မယ်လို့ ထင်ပါတယ်၊ ကျွန်တော် အိပ်ရာကနိုးလာတဲ့ အခါ မိုးမလင်းသေးပါဘူး'

ရွှောင်ရိက....



'မင်းကို ခေါင်းလာပွိုခိုင်းတဲ့လူက ဘာမှာလိုက်သေးသလဲ'

ခွေးညို့က....

'ဘာမှမမှာပါဘူး'

ရွှောင်ရိက....

'သူက ဘယ်လိုပုံသဏ္ဍာန်ရှိသလဲ'

ခွေးညိုက....

'ကျွန်တော်က ဘယ်သိမလဲ'

ရွှောင်ရိက မျက်မှောင်ကြုတ်သွားလေသည်။

'မင်းက ဘာဖြစ်လို့မသိတာလဲ'

ခွေးညို့က....

'သူ့ခေါင်းပေါ်မှာ ခမောက်တစ်လုံးဆောင်းထားတယ်၊ အခန်းထဲမှာလဲ မီးထွန်းမထားတော့ သူ့မျက်နှာကို မတွေ့ရဘူးလေ'

ရွှောင်ရိက....

'သူ့ခေါင်းပေါ်မှာ ခမောက်ရှိတာကို မင်း ဘယ်လိုသိသလဲ'

ခွေးညိုက....

'လရောင်ရှိနေလို့ပါ'

ရှောင်ရိက....

'သူက ဘယ်သူမှန်းမသိဘဲနဲ့ ဘာလို့ သူခိုးတာလုပ်တာလဲ'

ခွေးညိုက....

'သူက ကျွန်တော့်ကို ငွေပေးလို့ပါ'

ရှောင်ရိက....

'ငွေဘယ်လောက်ပေးလို့လဲ'

ခွေးညိုက....

'ငွေသုံးတုံးပါ'

ရှောင်ရိက....

'ငါ့ကိုပြစမ်း'

ခွေးညိုက သူ့အိတ်ထဲသို့ လက်နှိုက်ကြည့်လိုက်သည်။ သို့သော် မည်သည့်အရာကိုမှ မတွေ့ရပါချေ။



သူ၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

ရှောင်ရိက ငွေသုံးတုံး နှိုက်ယူ၍ ပြလိုက်၏။

'ဒီငွေလား'

ခွေးညို၏မျက်လုံးအစုံ ဝင်းလက်တောက်ပသွား၏။

'ဟုတ်တယ်၊ ခင်ဗျားဆီ ဘယ်လိုလုပ်ရောက်လာသလဲ'

ရှောင်ရိက ပြုံးလိုက်သည်။

'အဲဒီငွေကိုယူပြီး ပြန်ပေတော့'

ခွေးညိုက လက်ထဲမှ ငွေတုံးကလေးများအား ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း ပြေးလွှားထွက်ခွာသွားလေသည်။

ရှောင်ရိက လုံးဝေဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကျုပ်က ဘာဖြစ်လို့ သူ့ကို ငွေပေးလိုက်တယ်ဆိုတာ သိသလား'

လုံးဝေက ခေါင်းခါယမ်းပြလိုက်သည်။

ရှောင်ရိက သက်ပြင်းတစ်ချက်ချလိုက်၏။

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ချစ်တဲ့ ဒုတိယသားကလဲ သူ့လို ကြောင်တောင် တောင် ဖြစ်နေလို့'

သူက ဝမ်းနည်းစွာဖြင့် စကားဆက်လိုက်သည်။

'ကျုပ်မှာ သားနှစ်ယောက်ပဲ ရှိပါတယ်၊ တစ်ယောက်က သိုင်းပညာမသင်ကြားဘူး၊ ကျန်တစ်ယောက်ကတော့ စိတ် ကောင်းကောင်းမန့်ဘူးဗျ'

လုံးဝေက စိတ်မကောင်းစွာဖြင့် စကားဦးလှည့်လိုက်သည်။

'ဒါနဲ့ အခေါင်းကို ဘယ်သူက ပို့ခိုင်းလိုက်တာလဲ၊ ဘာ ဖြစ်လို့ လာပို့ရတာလဲ'

ရှောင်ရိ၏ မျက်လုံးအစုံသည် ခေါင်းပေါ်သို့ ရောက်ရှိ သွား၏။

'ခေါင်းထဲမှာ ဘာတွေရှိတယ်ဆိုတာ ကြည့်ရမှာပဲ'

သုံးနှစ်သေပြီးသော လူ၏အလောင်း

ရှောင်ရိက ခေါင်းအဖုံးအား ဖွင့်လိုက်သည်။
ထို့နောက် ခေါင်းထဲသို့ ငုံ့ကြည့်လိုက်၏။

ရုတ်တရက် ရှောင်ရိ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားရုံမက လုံးဝေ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ခေါင်းထဲ၌ ရှိနေသော အလောင်းမှာ မနေ့ညတုန်းက လုံးဝေ တွေ့ခဲ့ရသော မယ်တော်ဝတ်စုံနှင့် အမျိုးသမီး၏ အလောင်းပင်ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုရသော်....

ယင်းအဖြေလာင်းမှာ ရှောင်ရို၏ သုံးနှစ်ခန့်က သေဆုံးသွားပြီဖြစ်သော ရှမ်းကျင်း၏အလောင်းပင်ဖြစ်သည်။

မနေ့ညက သူမသည် ခြံဝင်းထဲမှ ပေါ်ထွက်လာပြီး အဖြူရောင် မီးခိုးလုံးကြား၌ ပျောက်သွား၏။

ဤခေါင်းထဲ၌ ယခုတွေ့လိုက်ရသောအခါ လုံးဝေက မအံ့သြဘဲ မနေနိုင်ပါ။ သူမ၏မျက်နှာမှာ သွေးရောင်မရှိပါ။

သူမက တိတ်ဆိတ်စွာဖြင့် ခေါင်းထဲ၌ လဲလျောင်းနေလေသည်။ သူမသေဆုံးခဲ့သည်မှာ သုံးနှစ်ခန့် ကြာခဲ့ပြီဟု ရှောင်ရိုက ပြောပြခဲ့သည်။

သုံးနှစ်ခန့် သေဆုံးသွားသောလူမှာ အသားများပုပ်သိုး၍ အရိုးပင် ဆွေးလောက်ချေပြီ။

သို့ရာတွင် ယခု လုံးဝေတို့ တွေ့နေရသော အလောင်းမှာ လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေး၏။

'ဝှန်း'

ရှောင်ရိုလက်ထဲမှ ခေါင်းအဖုံးတ လွတ်ကျသွား၏။အတန်ကြာမှ သူက အဖုံးကို ပြန်ဖွင့်ကြည့်လိုက်ပြန်သည်။

လုံးဝေ၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာ၏။ ထို့အတူ ရှောင်ရိုကလည်း ထိတ်လန့်နေသည်။



သူက စိတ်ကိုတင်း၍ သေချာစွာ စိုက်ကြည့်လိုက်၏။ ထိုအခါ အလောင်းရင်ဘတ်ပေါ်၌ ဒဏ်ရာတစ်ခု တွေ့ရှိလိုက်သည်။

ယင်းဒဏ်ရာမှာ ချွန်ထက်သောဓားတစ်လက်ဖြင့် ထိုးဖောက်ထား၏။ ရှောင်ရိုက ခေါင်းထဲမှ အလောင်းအား ပွေ့ထူလိုက်၏။

'ရှမ်းကျင်း....ရှမ်းကျင်း'

သူက တတွတ်တွတ် ခေါ်ရင်းမှ ရှမ်းကျင်း၏ အလောင်းအား လှုပ်ခါလိုက်သည်။ သူက လှုပ်ရှားလိုက်သောအခါ ရှမ်းကျင်း၏မျက်နှာ ကွဲအက်သွား၏။

မျက်နှာပေါ်၌ အပေါ်ယံ အဖြူလွှာများ အောက်သို့ ကွာကျသွား၏။ ယင်းအလွှာများ ကွာကျသွားပြီးနောက် မျက်နှာတစ်ခု ထပ်မံ ထွက်ပေါ်လာပြန်သည်။

ရှောင်ရိုက ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေစဉ် လုံးဝေက ထိုမျက်နှာပေါ်မှ အလွှာများကို ခွာချပေးလိုက်သည်။

ထိုအခါ အသွန်ချောမောသော ယောကျ်ားတစ်ယောက်၏ မျက်နှာ ပေါ်ထွက်လာလေသည်။

အကယ်၍ နှုတ်ခမ်းမွေးများ မတွေ့ရလျှင် အမျိုးသမီးတစ်ယောက်ဟု ထင်မှားမည်သာ ဖြစ်၏။

ရှောင်ရိက ထိုလူ၏မျက်နှာအား အံ့ဩထိတ်လန့်စွာ ကြည့်လိုက်သည်။

အတန်ကြာသောအခါ....

'ယို့လန်း....'

သူက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်လေသည်။

အဘွားအိုကလည်း ထိတ်ထိတ်ပျာပျာဖြင့်....

'သခင်လေး....သခင်လေး....ဘယ်လိုဖြစ်ရတာလဲကွယ်'

ဟု ကြောက်ရွံ့စွာ အော်ဟစ်ငိုကြွေးလိုက်လေသည်။ လုံးဝေက နားလည်လိုက်ချေပြီ။ ထိုလူမှာ ယို့လန်းပင်ဖြစ်သည်။

ရှောင်ရိက လုံးဝေဘက်သို့ လှည့်လိုက်သည်။

'သူဟာ ဦးလေးရဲ့သားကြီး ယို့လန်းပါပဲကွာ'

လုံးဝေ၏ မျက်ခုံးများ ကုပ်သွားသည်။

'သူက ဘာဖြစ်လို့ ဒီလို အဝတ်အစားမျိုး ဝတ်ရတာလဲ ဟင်'



ရှောင်ရိက....

'ကျုပ်လဲ စဉ်းစားလို့မရတော့ပါဘူးကွာ'

လုံးဝေက....

'ဒါဖြင့် မနေ့ညက ကျွန်တော်တွေ့ခဲ့တဲ့ မယ်တော်ဆိုတာ သူပဲဖြစ်ရမယ်'

ရှောင်ရိက....

'ကျုပ်လဲ မပြောတတ်တော့ပါဘူး'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'သူဘယ်လို ပျောက်သွားသလဲဆိုတာ စဉ်းစားစရာကောင်းနေပြီ'

ရှောင်ရိက....

'အင်းကျုပ်လဲ စိတ်ရှုပ်နေပါပြီ၊ ဦးလဲ ဘယ်လိုပြောရမလဲတောင် မသိတော့ပါဘူး'

လုံးဝေက....

'ဦးကို ကျွန်တော် တစ်ခုမေးခွင့်ပြုပါ'

ရှောင်ရိက ...

'ဦးရဲ့ဇနီးဟာ သူ ဒီလိုပဲ မယ်တော် အဝတ်အစားတွေ ဝတ်ဆင်လေ့ ရှိသလားဆိုတာ မေးမလို့လား'

လုံးဝေက အံ့သြသွားသည်။

သူက ခေါင်းညိတ်လိုက်ရင်းမှ ရှောင်ရိအား စိုက်ကြည့်လိုက်၏။

ရှောင်ရိက....

'ဟုတ်တယ်ကွယ့်၊ ရှမ်းကျင်းဟာ ဒီလိုပဲ တစ်ခါတစ်ခါ မယ်တော်လို ဝတ်ဆင်ထားပါတယ်၊ ဒါပေမယ့် သားကြီး ယို့လန်းဟာ အခုလို မယ်တော်ဝတ်စုံဝတ်တာကိုတော့ မစဉ်းစားထားဘူး'

ထိုစဉ် ယို့လန်း၏နှာခေါင်း အနည်းငယ် လှုပ်ရှားလာသည်ကို တွေ့မြင်လိုက်ရသည်။ အဘွားအိုက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'ဘုရား....ဘုရား'

ယခုစဉ်မှာပင် ယို့လန်း၏ နှုတ်ခမ်းထဲမှ မိကျောင်းပေါက်ကလေးတစ်ကောင် တိုးထွက်လာသည်ကို တွေ့လိုက်ရ၏။



ယင်းမိကျောင်းက ရှောင်ရိ၏လက်ပေါ်သို့ ခုန်တက်လိုက်သည်။

'မိကျောင်း'

ရှောင်ရိက ထိတ်လန့်စွာအော်ဟစ်လိုက်၏။

သူက မြေပေါ်သို့ ခါချလိုက်သည်။

လုံးဝေက သေချာစွာ ကြည့်လိုက်သောအခါ အလွန်သေးငယ်၍ ကစ်ကိုယ်လုံး ညိုညစ်နေသော မိကျောင်းတစ်ကောင်အား တွေ့မြင်လိုက်ရလေသည်။

'ခြွမ်'

သူက ဓားဆွဲထုတ်၍ ခုတ်ချလိုက်သည်။

မိကျောင်းပေါက်ကလေးမှာ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်၍ သေဆုံးသွားလေတော့သည်။

သူ၏အမြီးက ဖျပ်ဖျပ်ခုန်နေ၏။ လုံးဝေက နင်းချလိုက်သည်။ သူသည် မိကျောင်းအား ဓားဖြင့် ခုတ်ပိုင်းလိုက်သော်လည်း စိတ်မှာ မတည်ငြိမ်သဖြင့် ဓားကိုင်ဆောင်သော လက်ချောင်းကလေးများ တုန်တုန်ယင်ယင်ဖြစ်နေ၏။

အဘွားအိုမှာ တုန်လှုပ်ချောက်ချားလွန်းသဖြင့် မြေပေါ်သို့ မေ့မျောလဲကျသွားလေတော့သည်။

ရှောင်ရိုက ကြောင်အမ်းအမ်းဖြင့် ငေးမောကြည့်နေ၏။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

'ဟား....ဟား....ဟား'

ရုတ်တရက် ရှောင်ရိုက အားပါးတရ ရယ်မောလိုက်သည်။

လုံးဝေက အံ့သြတုန်လှုပ်စွာ သူ့အားလှမ်းကြည့်လိုက်၏။ အကြောင်းမှာ ရှောင်ရို၏ရယ်သံမှာ ငိုသံထက်ပင် နားခံရခက်နေ၍ ဖြစ်သည်။

ရှောင်ရိုက ဆက်လက်ရယ်မောနေဆဲပင်....

လုံးဝေက သူ၏လက်မောင်းအား လှုပ်ခါလိုက်၏။



'ဦးလေး....ဦးလေး'

ထိုအခါကျမှ ရှောင်ရို၏ရယ်သံက ရပ်တန့်သွားသည်။

သူက အက်ကွဲနေသောအသံဖြင့်....

'ကျုပ်နားလည်ပြီ..ကျုပ်နားလည်ပြီ'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ဦးလေးက ဘာတွေနားလည်လို့လဲ'

ရှောင်ရိုက....

'ရုပ်တုပါးစပ်ထဲက မိကျောင်းထွက်လာတာဟာ ရှေ့ပြေးနိမိတ်ဖြစ်နေလို့ပေါ့'

လုံးဝေက ရင်ထိတ်သွားသည်။

သူက ရှောင်ရို၏စကားအား နားစိုက်ထောင်လိုက်သည်။ ရှောင်ရိုက ဝမ်းနည်းကြေကွဲစွာဖြင့်....

'ဒါဟာ ဝဋ်လည်တာလား'

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ဝင်လာညတယ်ဆိုရင်လဲ ကျုပ်က ကျေကျေနပ်နပ်ကြီး ခံယူပါ့မယ်'

သူ၏အသံက ဆို့နင့်ကြေကွဲစွာ ထွက်ပေါ်လာပြန်သည်။

'ဘာဖြစ်လို့များ ကျုပ်သားအပေါ် လာပြီးကျရောက်ရတာလဲ'

လုံးဝေက ရှောင်ရီအား နားမလည်နိုင်စွာကြည့်လိုက်သည်။ သူက မနေနိုင်တော့သဖြင့်

**'ဦးလေး ဘာဖြစ်နေသလဲဆိုတာ ပြောပြပါဦး'**

ရှောင်ရီက ယို့လန်း၏အလောင်းအားမှောက်ချလိုက်သည်။ ထို့နောက် အင်္ကျီအား ဆွဲဖြဲလိုက်သည်။

**'ဟောဒီမှာ ကြည့်စမ်းပါဦး'**

သူသည် ယို့လန်း၏နောက်ကျောမှ မွဲတစ်လုံးအား ညွှန်ပြလိုက်၏။

'မင်းတွေ့တယ်မဟုတ်လား'

ရှောင်ရီက...



'အပေါ်ယံကြည့်ရင်တော့ မွဲတစ်လုံးပါပဲ၊ ဒါပေမယ့် သေချာအောင်ကြည့်စမ်းပါ၊ မိကျောင်းပေါက်ကလေး တစ်ကောင် ပုံသဏ္ဌာန်နဲ့ မတူဘူးလား'

လုံးဝေက သေချာစွာ စိုက်ကြည့်လိုက်၏။ မှန်ပေသည်။ ယင်း အနက်ရောင်မွဲကလေးသည် တစ်လက်မခန့်ရှည်သော မိကျောင်းတစ်ကောင်နှင့် တူလှပေသည်။

ရှောင်ရီက သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် လုံးဝေအား စိုက်ကြည့်လိုက်၏။

'အင်း....ဒီအကြောင်းကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကစပြီး ပြောရမှာပါပဲ'

သူ၏ မျက်လုံးများက မှေးမှိန်ကာ အဝေးတစ်နေရာသို့ ငေးမောနေလေသည်။

အတန်ကြာတော့မှ လှုပ်ရှားတုန်ခါနေသော သူ၏စိတ်ကို ချုပ်ထိန်းလိုက်သည်။ သို့သော် အသံများက အနည်းငယ် တုန်ခါနေသေး၏။

'နွေရာသီရဲ့ ရက်တစ်ရက်ပေါ့၊ ရက်စွဲကိုတော့ ဦးက သေသေချာချာ မမှတ်မိတော့ပါဘူးကွာ'

သူက ဆက်ပြောလိုက်သည်။

'ဦးလေးနဲ့ ထင်းရှောင်တို့ ပင်လယ်ကမ်းစပ်ဘက် လမ်းလျှောက်ထွက်ရင်း အမှတ်မထင် မိကျောင်းတစ်ကောင်ကို တွေ့လိုက်ရတယ်လေ'

လုံးဝေက နားစိုက်ထောင်နေ၏။ ရှောင်ရိက ဆက်ပြောလိုက်သည်။

'တစ်ကိုယ်လုံး ညိုနေတဲ့ မိကျောင်းတစ်ကောင်ပါပဲ၊ အခုတွေ့ခဲ့တဲ့ အကောင်ထက် တစ်ဆလောက်ကြီးတယ်လေ၊ ကျုပ်က သူ့ကို လှံနဲ့ထိုးလိုက်တာပေါ့၊ ထင်းရှောင်ကတော့ ဟန့်တားပါသေးတယ်'

လုံးဝေက....

'သူက ဘာဖြစ်လို့ ဟန့်တားရတာလဲ'

ရှောင်ရိက....

'သူက မိကျောင်းဆိုတာ....'

လုံးဝေက....

'ဦးလေးက သတ်လိုက်သလား'



ရှောင်ရိက....

'ဦးက လုပ်ချင်တဲ့ အလုပ်တစ်ခုဆိုရင် ဘယ်သူမှ တားလို့ မရဘူးလေ'

လုံးဝေက....

'ဒါဆိုရင် ဦးလေးကို ထင်းရှောင်က သဘောမကျဘူး မဟုတ်လား'

ရှောင်ရိက....

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူက စိတ်ဆိုးတာ မကြာပါဘူး၊ ရယ်စရာ မောစရာတွေတောင် ပြောလိုက်ပါသေးတယ်။

လုံးဝေက စိတ်ဝင်စားလာ၏။

'သူက ဘာပြောတာပါလဲဦး'

ရှောင်ရိက....

'အင်း....မိကျောင်းဟာ အကောင်နည်းနည်းကြီးနေလို့ နတ်မိချောင်းများ ဖြစ်နေမလားမသိဘူး၊ တော်ကြာ ဦးလေးကို လာပြီး နှောင့်ယှက်နေဦးမယ်ဆိုပြီး ပြောပါသေးတယ်'

လုံးဝေက ပြုံးလိုက်သည်။

သူက ဦးကို သက်သက် နောက်ဖြောင်ပြီးပြောတာ ဖြစ်မှာပေါ့’

ရှောင်ရိက....

‘ဟုတ်ပါတယ်၊ ဒါကြောင့်လဲ ကျုပ်က စိတ်ထဲမှာ မှတ်မထားပါဘူး၊ ဒါမေယ့် မကြာမီ ထူးခြားတဲ့ဖြစ်ရပ်တွေ ဖြစ်ပေါ်လာတော့တာပါပဲ’

လုံးဝေက စိတ်ဝင်စားသွားသည်။

‘ဟုတ်လား၊ ဘယ်လို ထူးခြားလာတာပါသဲဦး’

ရှောင်ရိက ယို့လန်း၏အလောင်းအားစိုက်ကြည့်လိုက်သည်။ သည်။

‘ပထမဆုံး ယိုလန်းရွဲကျောပေါ်မှာ မင်းတွေ့ခဲ့တဲ့ မိကျောင်းပုံသဏ္ဍာန်မှဲ့တစ်ခု ထွက်ပေါ်လာတယ်’

လုံးဝေက အံ့သြစွာဖြင့်....

‘ဟင်....’



ဟု လွှတ်ခနဲ့ အသံထွက်သွားသည်။

ရှောင်ရိအသံက ထပ်မံ ထွက်ပေါ်လာသည်။

‘ကျုပ်လဲ သင်းရှောင်ပြောတဲ့စကားကို သတိရလိုက်မိတယ်လေ၊ ဘာတွေဆက်ဖြစ်မလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ ဆက်စောင့်ကြည့်နေခဲ့တယ်’

လုံးဝေက....

‘နောက်ကော ဘာတွေဖြစ်သေးသလဲဟင်’

ရှောင်ရိက သက်ပြင်းတစ်ချက် ချလိုက်သည်။

‘ယို့လန်းဟာ အရွယ်ကြီးပြင်းလာတဲ့ အခါမှာ စိတ်ခတ်ပျော့လာတယ်၊ သိုင်းပညာ လုံးဝမသင်ချင်ဘူး၊ ကျုပ်လဲ ဆူပူကြိမ်းမောင်းပြီး သင်ပေးတာပါပဲ’

သူက စကားဆက်လိုက်သည်။

‘ဒါပေမယ့် သူက လုံးဝ သင်လို့မရဘူးလေ၊ သူအားတဲ့အခါမှာ ရွာထဲက ပန်းပုဆရာတစ်ယောက်ဆီမှာသွားပြီး ပညာသင်တယ်လေ’

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'အင်း....ဒါလဲ လက်မှုပညာတစ်မျိုးပေါ့၊ သူ့ကို အပြစ် မတင်ပါနဲ့ဗျာ'

ရှောင်ရိက ခေါင်းညိတ်၍....

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူက ခြံဝင်း တစ်ခုလုံးမှာ မိကျောင်းပုံတွေကိုပဲ တစ်ခုပြီးတစ်ခု ထုလုပ်တာဟာ အကောင် ကြီးရော အကောင်လေးရော ရာချီပြီးရှိနေတယ်ကွယ့်'

သူက စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး သူထုတဲ့ မိချောင်းရုပ်တုတွေဟာ အစစ်နဲ့ခွဲမရ အောင် တူနေလေတော့ ကျုပ်က ခြံဝင်းထဲ ဝင်ရမှာတောင် ကြောက်လာမိတယ်'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'အင်း....ဦးပြောသလိုဆိုရင် တော်တော့်ကို ထူးခြားနေတာ ပေါ့လေ'

ရှောင်ရိက ယို့လန်း၏ အလောင်းရှိရာသို့ တစ်လှမ်းချင်း လျှောက်သွား၏။ ထို့နောက် ယို့လန်း၏ မျက်နှာလေးအား ပွတ်သပ်၍ကြည့်ရင်းမှ ဆို့နင့်ကြေကွဲသော အသံဖြင့်....



'ကျုပ်မှားရင် ကျုပ်ပဲခံမှာပေါ့ကွာ၊ အခုတော့ ကျုပ် သားလေးကို နှောင့်ယှက်တာဟာ ဘယ်တရားပါ့မလဲကွယ်'

သူက ပြောရင်းမှ ယို့လန်း၏အလောင်းအား ပွေ့ချီလိုက် ၏။ ထို့နောက် အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

လုံးဝေက နောက်မှလိုက်ရန် ခြေလှမ်းပြင်လိုက်စဉ် ရှောင် ရိက ဟန့်တားလိုက်လေသည်။

'ကဲ....မင်းလဲပြန်ပေတော့၊ နောက်ကြုံလာတော့မှပဲ လာ လည်ပေါ့ကွာ ဟုတ်လား'

လုံးဝေက ရင်ထဲ၌ အနည်းငယ် မတင်မကျဖြစ်သွား၏။

သူက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် အခွင့်အရေးတစ်ခုတောင်းပါရစေ'

ရှောင်ရိက သူ့အားလှည့်မကြည့်ဘဲ....

'ဘာများလဲ'

ဟု မေးလိုက်သည်။

လုံးဝေက....

'ကျွန်တော် မနေ့ကရောက်တဲ့နေရာကို သွားကြည့်ခွင့် ပေးပါ ခင်ဗျာ'

ရှောင်ရိက အဘွားအိုဘက်သို့ လှည့်လိုက်သည်။

'ကဲ မင်းပဲ လိုက်ပို့လိုက်ပါဦးကွာ'

သူက စကားဆုံးသည် နှင့်တစ်ပြိုင်နက် အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

လုံးဝေက တွေဝေစွာ ရပ်နေမိသည်။

ရှောင်ရိသည် အလွန်သဘောကောင်းပြီး ပွင့်လင်းပုံရ၏။

ယခုကဲ့သို့ သူက ပူဆွေးသောကရောက်နေချိန်၌ လုံးဝေကအားပေးနှစ်သိမ့်စကား ပြောလိုက်သည်။

သို့သော် ရှောင်ရိက သူ၏သား ယို့လန်းအလောင်းအားသယ်ဆောင်ကာ မိမိအား ဆက်လက် စကားမပြောလိုသည့်ပုံသဏ္ဌာန်ဖြင့် နှင်ခဲ့လေသည်။

ထိုအချိန် အဘွားအို၏အသံက ထွက်ပေါ်လာသည်။

'မင်း မနေ့ကနေရာကို သွားကြည့်မလို့ဆို'

လုံးဝေက ထိုအခါမှ သတိရလိုက်မိသည်။



သူက အိပ်မက်မှ လန့်နိုးလာသူပမာ ခေါင်းတစ်ချက်ညိတ်လိုက်ကာ....

'ဟုတ်ကဲ့ဘွားဘွား'

ဟု ပြောလိုက်လေသည်။

အဘွားအိုက သူ့ရှေ့မှ ထွက်ခွာသွားလေသည်။

လုံးဝေကလည်း သူ့နောက်မှ လိုက်ပါသွားလေတော့သည်။

## သဲလွန်စရှာပုံတော်

အဘွားအိုက ရှေ့မှလျှောက်နေ၏။
လုံးဝေက နောက်မှလိုက်နေသည်။
သူတို့နှစ်ယောက်က ခြေလှမ်းနှစ်ဆယ်ခန့် လျှောက်သွားသောအခါ စကြံလမ်းတစ်ခုအား မြင်တွေ့လိုက်ရ၏။
အတန်ကြာ လျှောက်လာမိသောအခါ....
အဘွားအိုက စင်္ကြံလမ်းအတိုင်း ကွေ့၍ လျှောက်သွားလေသည်။
စက်ဝိုင်းပုံသဏ္ဌာန်ရှိသော တံခါးပေါက်တစ်ခုနှင့် ပန်းရုံများ ကြားမှ လမ်းကလေးတစ်ခုသို့ ရောက်ရှိလာလေသည်။



သူ့ဘိုက စက်ဝိုင်းပုံသဏ္ဌာန်တံခါးအား ကျော်ဖြတ်လျှောက်သွားလိုက်သည်။

ရုတ်တရက် လုံးဝေ၏ ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားလေသည်။

လုံးဝေ၏တစ်ကိုယ်လုံး ကြက်သီးများ ထသွားလေသည်။

အကြောင်းမှာ ကျယ်ဝန်းသော ခြံဝင်းအနှံ့ မိကျောင်းများက အကြီး အသေး အလတ် အရွယ်စုံ အကောင်ပေါင်းများစွာ မြင်တွေ့လိုက်ရ၍ဖြစ်သည်။

အညိုရောင်မိကျောင်း....

တချို့က လက်မခန့်ရှိ၍ တချို့က တစ်လံခန့်ပင်ရှည်သည်။

တချို့အကောင်များက ပါးစပ်ကြီးဖြဲကာ မိမိအား မျိုချတော့မည့်အလား မြင်တွေ့နေရသည်။

ညက မိုးရွာထားသဖြင့် ယင်းကဲ့သို့ မြက်ခင်းနှင့် ရေစပ်စပ်ကြား၌ တွေ့မြင်လိုက်ရသောအခါ....

ယင်းမိကျောင်းတို့မှာ သက်ရှိမိကျောင်းများအစား တွေ့မြင်နေရသည်။ လုံးဝေက စိတ်ကိုချုပ်တည်းလိုက်သည်။

သူက မိချောင်းတစ်ကောင်အား ကောက်ယူ၍ ကြည့်လိုက်လေသည်။ မိကျောင်းများမှာ သစ်သားဖြင့်ပြုလုပ်၍ ဆေးသုတ်ထားလေသည်။

သို့သော် အလွန်လက်ရာမြောက်လွန်းသဖြင့် ရုတ်တရက်ကြည့်ပါက သက်ရှိမိကျောင်းများနှင့် တူလှပေသည်။

အဘွားအိုက သူ့အား လှမ်းကြည့်လိုက်သည်။ ထို့နောက် ပန်းခြံနှင့် မျက်နှာချင်းဆိုင်ရှိ အိမ်ကလေးတစ်လုံးအား လက်ညှိုးညွှန်ပြလိုက်သည်။

ထိုအိမ်ကလေးမှာ ညက လုံးဝေရောက်ရှိခဲ့သော အိမ်ကလေးဖြစ်၏။

'ဟောဟိုက အခန်းဟာ သခင်လေးယို့လန်း နေထိုင်ခဲ့တဲ့အခန်းပေါ့'

လုံးဝေက....

'ဪ....ဟုတ်လား၊ ဒါနဲ့ ဘွားဘွား သူ့ကျ ဒီမိကျောင်းတွေကို အချိန်ကုန်ခံပြီး ကုရမယ်နဲ့ တူတယ်နော်'

အဘွားအိုက အိမ်ကလေးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။



သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာသည်။

'အရင်တုန်းက သူဒီလိုမဟုတ်ပါဘူးကွယ်'

လုံးဝေ၏ မျက်ခုံးအစုံ ပင့်တက်သွားသည်။

'ဒါဖြင့် သူက ဘယ်အချိန်ကစပြီးဒါတွေကိုထုရတာလဲဟင်

အဘွားအိုက....

'သခင်မ သေဆုံးပြီးမှ ဒီမိကျောင်းတွေကို ထမင်းမေ့ ဟင်းမေ့ မေ့နေတာပါ'

လုံးဝေသည် စကားဦးလှည့်ပြီး မေးလိုက်သည်။

'ဒါနဲ့ ဒီခြံထဲမှာ ဘွားဘွားရယ် သူတို့သားအဖသုံးယောက်အပြင် တခြားဘယ်သူများ ပါသေးသလဲ'

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'မရှိပါဘူး'

လုံးဝေက....

'ဦးလေးမှာ သားဘယ်နှစ်ယောက် ရှိပါသလဲခင်ဗျာ'

အဘွားအိုက....

'နှစ်ယောက်ပါ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

သူက ကျယ်ဝန်းလှသော ခြံဝင်းကြီးအား တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

'ဒီလောက်ကြီးကျယ်တဲ့ ခြံဝင်းထဲမှာ အနည်းဆုံး အိမ်ဖော်လေးယောက် ငါးယောက်လောက်တော့ ထားသင့်တာပေါ့နော်'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သခင်မ မသေခင်ကတော့ ရှိပါတယ်၊ သခင်မသေပြီးတဲ့နောက်ပိုင်းမှာ သခင်ကြီးက သူတို့ကို ထုတ်ပစ်လိုက်ပါတယ်'

လုံးဝေက....

'ဘာဖြစ်လို့'

အဘွားအိုက....



'သခင်ကြီးရဲ့ သဘောကတော့ အသုံးစရိတ် ချွေတာတဲ့သဘော၊ ပြီးတော့ နားအေးပါးအေးနေချင်တဲ့ သဘောပါပဲ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဒီလိုဆို ခင်ဗျား တစ်ယောက်တည်း ပင်ပန်းနေမှာပေါ့'

အဘွားအိုက ...

'သိပ်ပင်ပန်းစရာမှမရှိတာဘဲ၊ ထမင်းချက်တာရယ်၊ အဝတ်လျှော်တာရယ်လောက်ပါပဲ'

လုံးဝေက....

'ဒါနဲ့ ဘွားဘွားဒီခြံထဲရောက်တာ ဘယ်လောက်ကြာပြီလဲ'

အဘွားအိုက....

'အနှစ်သုံးဆယ်လောက်ရှိပါပြီ၊ အင်း ပြောရရင် ရှမ်းကျင်းရဲ့ အဖေလက်ထက်ကတည်းက ဆိုပါတော့'

လုံးဝေက သဘောပေါက် နားလည်လိုက်သည်။

'ဪ...ဘွားဘွားက ရှမ်းကျင်းနဲ့ အတူပါလာတာကိုး'

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူးကွယ့်၊ ဒီခြံဝင်းဟာ ရှမ်းကျင်းတို့ရဲ့ ခြံဝင်းပါ'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့် ဦးက ရှမ်းကျင်းနဲ့ လက်ထပ်ပြီးမှ ဒီကိုရောက်လာတာကိုး'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ကွယ်'

သူမက ပြောရင်း မျက်ရည်များ ကျလာပြန်သည်။

လုံးဝေက....

'ယို့လန်းက မကြာခဏ ထွက်သွားတတ်သလား ဘွားဘွား'

အဘွားအိုက....

'လွန်ခဲ့တဲ့ သုံးနှစ်တုန်းကတော့ ဟုတ်ပါတယ်၊ ရှမ်းကျင်း သေဆုံးပြီးတဲ့နောက် သူက အပြင်မထွက်တော့ပါဘူး၊ အိမ်ထဲ



မှာပဲ အောင်းပြီး မိကျောင်းရုပ်တုတွေကိုပဲ ထုနေတော့တာပါပဲ'

လုံးဝေက ပါးစပ်ပိတ်ထားလိုက်ရလေသည်။

သူတို့က စကားပြောရင်းမှ ထိုအိမ်ကလေးရှေ့သို့ ရောက်ရှိလာပြန်သည်။

ထိုအိမ်ကလေးမှာ နှစ်ရှည်လများ မွမ်းမံပြင်ဆင်ခြင်း မရှိသဖြင့် သုတ်ခြယ်ထားသောဆေးများပင် အရောင်ပြယ်နေ၏။

သို့သော် လှပနေဆဲပင် ရှိသေးသည်။

ယင်းလှပမှုများကြား၌ ကြောက်မက်ဖွယ်ရာ ကောင်းသော အန္တရာယ်များ ပုန်းအောင်းနေသည်ဟုလည်း ခံစားလိုက်ရလေသည်။

လုံးဝေရင်ထဲ၌ ထိုအိမ်ကလေးနှင့် ပတ်သက်၍ လေးလံနေလေသည်။

အဘွားအိုက ရုတ်တရက် မေးလိုက်သည်။

'မင်း မနေ့ညက ကျုပ်တို့သခင်မကြီးကို ဒီမှာ တွေ့ခဲ့တယ်ဆိုတာ တကယ်ပဲလား'

အဘွားအိုက ယင်းသို့မေးရင်း သူမမျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

လုံးဝေက သူမရင်ထဲမှ ကြောက်ရွံ့စိတ်ကို မြင်တွေ့နားလည်လိုက်မိသည်။

'ဟုတ်ပါတယ်၊ တကယ်ပါ၊ ဒါပေမယ့် ယို့လန်း ရှုပ်ဖျက်ထားတာလဲ ဖြစ်နိုင်တယ်'

အဘွားအိုက

'ဒါနဲ့ မင်းပြောတော့ မီးခိုးလုံးတွေ ပေါ်ထွက်လာပြီး ပျောက်သွားတယ်ဆို'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ မီးခိုးတွေထလာတော့ ကျွန်တော် ဘာမှ မမြင်ရတော့ဘူး ခင်ဗျ'

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

'သခင်မကြီးက စေတနာကောင်းတဲ့ လူတစ်ယောက်ပါ၊ အခုလိုဖြစ်ရတာ မိကျောင်းကြောင့်ဖြစ်ရမယ်လို့'

လုံးဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။



'ဒါနဲ့ သခင်မကြီး မသေခင် ဒီမှာပဲ နေထိုင်သွားတယ် မဟုတ်လား'

အဘွားအိုက....

'သူ လက်မထပ်မီက ဒီမှာပဲနေပါတယ်၊ လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာတော့ အိမ်ကြီးကိုပြောင်းသွားပါတယ်၊ ဒါပေမယ့် ဒီကိုတော့ တစ်ခါတစ်ခါလာတတ်ပါတယ်'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ဒီလိုဆိုရင် ဒီအိမ်မှာ ဘယ်သူမှမနေဘူးပေါ့'

အဘွားအိုက....

'ဟုတ်ပါတယ်'

လုံးဝေက....

'ဘာဖြစ်လို့လဲ'

အဘွားအိုက....

'သခင်ကြီးက ဒီအတိုင်းထားဖို့ပြောပါတယ်'

လုံးဝေက....

'ဒီလိုဆိုရင် ဒီအိမ်က အမြဲပိတ်ထားတာပေါ့'

အဘွားအိုက ...

'ဟုတ်ပါတယ်၊ အဘွားက တစ်လနှစ်ခါ လာရှင်းတယ်၊ ကျန်တဲ့အချိန်မှာတော့ ပိတ်ထားပါတယ်'

လုံးဝေက....

'ဘွားဘွား နောက်ဆုံးလာသန့်ရှင်းတာ ဘယ်လောက်ကြာပြီလဲ'

အဘွားအိုက....

'သုံးလေးရက်လောက် ရှိပြီလို့ထင်တယ်'

လုံးဝေက...

'ဘွားဘွားက တံခါးမေ့ပြီးမပိတ်ဘူးလား'

အဘွားအိုက....

'ကျုပ်က အသက်ကြီးပေမယ့် မှတ်ဉာဏ်ကတော့ ကောင်းပါသေးတယ်'



လုံးဝေက.... စကားဦး လှည့်လိုက်သည်။

'ဒါနဲ့ ခြံဝင်းရဲ့နောက်ဘက် တံခါးကကော ဖွင့်ထားတတ်သလား'

အဘွားအိုက....

'ခြံဝင်းရဲ့ နောက်ဘက်တံခါးကို အသုံးမပြုဘဲ ပိတ်ထားခဲ့တာဟာ သုံးနှစ်လောက်ရှိပါပြီ'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ကျွန်တော် မနေ့ညက အသာကလေး တွန်းကြည့်တာနဲ့ ပွင့်သွားတယ် ဘွားဘွားရဲ့'

အဘွားအိုက အံ့အားသင့်သွားသည်။

'ကျုပ်က မင်း ခြံဝင်းနံရံပေါ်က ကျော်တက်လာတယ်လို့ ဘွားဘွားထင်နေတာ'

လုံးဝေက....

'ဟုတ်လား'

အဘွားအိုက....

'ဟုတ်တယ်၊ ကနေ့မနက် ဘွားဘွားက ထုံးစံအတိုင်း ခြံဝင်းထဲ တစ်ပတ် လျှောက်ကြည့်တယ်၊ ခြံဝင်းတံခါးဟာ အတွင်းဘက်ကနေ မင်းတုပ်ချထားတာကို တွေ့ရတယ်'

လုံးဝေက အံ့အားသင့်သွားသည်။

ဤသို့ဆိုလျှင် ထိုခြံဝင်းတံခါးအား တစ်စုံတစ်ယောက်က ဖွင့်ထားပြီး ပြန်ပိတ်ထားခြင်း ဖြစ်ရမည်။

ပဉ်သူက ဤခြံဝင်းတံခါးကို အသုံးပြုနေပါသနည်း။

* * *

လုံးဝေသည် အဘွားအိုနောက်မှ အခန်းထဲသို့လှမ်းဝင်သွား၏။ အဘွားအိုသည် ကျိုးပဲ့နေသောပြတင်းပေါက်၏ တံခါးသစ်စများကို ကောက်ယူလိုက်၏။

လုံးဝေက စကားဆက်လိုက်သည်။

'ဒါနဲ့ ဦးလေးက မနေ့ညက အိမ်မှာမရှိဘူး ဟုတ်လား'



အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူထွက်သွားတာ နှစ်ရက်ရှိပြီ၊ ကနေ့မှပြန်လာတာ'

လုံးဝေက စကားမပြောတော့ပါချေ။

သူက လက်နှစ်ဖက်နောက်ပစ်၍ အခန်းအား လှည့်ပတ်၍ ကြည့်နေသည်။ သူက လိုက်ကာရှေ့၌ ရပ်တန့်လိုက်သည်။

လိုက်ကာပေါ်၌ သွေးစက်တစ်စက် တွေ့ရသည်။ သူက မျက်မှောင် ကြုတ်သွား၏။ ထိုစဉ် အဘွားအိုက ကြောင်ကိုက်ထားသော ကြွက်သေတစ်ကောင်အား ညှပ်ယူ၍ လွှင့်ပစ်လိုက်လေသည်။။

* * *

လုံးဝေက စဉ်းစားလိုက်သည်။

လိုက်ကာပေါ်မှသွေးမှာ ကြွက်သွေးလော....

သို့တည်းမဟုတ် လူသွေးလော။

ရုတ်တရက် သူ၏စူးရှသော မျက်လုံးအစုံက လိုက်ကာအောက်သို့ ရောက်ရှိသွားသည်။

သူ၏တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။ မျက်လုံးအစုံမှာလည်း ပြူးကျယ်သွား၏။

(ပထမပိုင်း ပြီး၏။)